ကြေးမုံ
The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်၊ တနင်္လာနေ့ (5-8-2013) (၇၅၆၃)

မြန်မာ့ပင်လယ်ပြင် အခြေအနေ

၅-၈-၂၀၁၃

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

မိုးရွာသွန်းမှုများ

၄-၈-၂၀၁၃

လောင်းလုံ	၇	ဒသမ	၃၂	လက်မ
ထားဝယ်	၅	ဒသမ	၅၉	လက်မ
ကိုကိုးကျွန်း	၄	ဒသမ	၈၄	လက်မ
ဘီးလင်း	၄	ဒသမ	၃၃	လက်မ
ရေး	၄	ဒသမ	၀၆	လက်မ
ကော့သောင်း	၃	ဒသမ	၃၀	လက်မ
ကျိုက္ကမီ	၂	ဒသမ	၇၆	လက်မ
ကျိုင်းတုံ	၂	ဒသမ	၁၃	လက်မ

ယနေ့ မာတိကာ

သတင်းစာနဲ့ ဂျာနယ်မျိုးစုံ ဖြန့်ချိနေတဲ့ ရွှေဂုံတိုင် သတင်းစာဈေးကွက်

စာမျက်နှာ - ၅

မန်ယူဥ္ဆိုသာဆက်နေရန် ရွန်းနီဆန္ဒရှိနေ

စာမျက်နှာ - ၁၃

တောင်သူလယ်သမားများအတွက် မရှိမဖြစ်လိုအပ်သော ဓာတ်မြေဩဇာများ ထုတ်လုပ်ပေးနေသည့် တစ်နေ့ တန်တစ်သိန်းငါးသောင်းကျ လှည်းယာဉ်ကုမ္ပဏီ၏ N.P.K ကွန်ပေါင်းဓာတ်မြေဩဇာစက်ရုံ

နေပြည်တော် ဩဂုတ် ၄

သဘာဝရာသီဥတုဖောက်ပြန်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ်အချို့တွင် ရာသီသီးနှံ၊ နှမ်းနှင့် ပဲများ စိုက်ပျိုးထားရှိမှုအပေါ် အောင်ရေမရရှိသည့်အတွက် သီးနှံများ ပျက်စီးဆုံးရှုံးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဩဂုတ် ၃ ရက် နံနက်ပိုင်းက ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာ၊ နတ်ရေကန်ကျေးရွာနှင့် သန်းပင်ကန်ကျေးရွာတို့မှ တောင်သူအင်အား ၁၀၀၀ ကျော်အား တွေ့ဆုံ၍ အခက်အခဲများမေးမြန်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့သည်။

တွေ့ဆုံစဉ် ချောင်းဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးလှသိန်း၊ ငါးယုန်ကျေးရွာမှ တောင်သူ ဦးထွန်း၊ နတ်ရေကန်ကျေးရွာမှ ဦးအောင်ကြီး၊ သန်းပင်ကန်ကျေးရွာမှ ဦးကျော်ဒိုး၊ မုံရွာမြို့နယ် လယ်ဇင်ကျေးရွာမှ ဦးကျော်ခဲတို့က ချင်းတွင်းမြစ်ရေကို ငါးမိုင်အကွာရှိ ယာမြေသို့စိုက်ပျိုးရေး အောင်ရေအပါအဝင် တိရစ္ဆာန် သောက်သုံးရေနှင့် စားကျက်မြေ ဖြစ်ထွန်းအောင်မြင်ရေး နည်းလမ်းရှာ၍ ပို့လွှတ်နိုင်ရေး ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ချင်းတွင်းမြစ်မှ ခေတ်မီနည်းစနစ်ဖြင့်တာတမံ (River-Dyke) များ တည်ဆောက်၍ စိုက်ပျိုးရေးနှင့် ရေအားလျှပ်စစ်ထုတ်ယူရန် ဘယ်လ်ဂျီယံ၊ နယ်သာလန်ကဲ့သို့သော စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

အသေးစား၊ အလတ်စားစီးပွားရေး စံနမူနာပြလုပ်ကိုင်နေသည့် သဖန်းကျေးရွာ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
ချမ်းသာ(မိတ္ထီလာ)

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်၏ အနောက်တောင်ဘက် ၁၄ မိုင်ခန့်အကွာတွင် အိမ်ခြေ ၇၀၀ ခန့်ရှိပြီး လူဦးရေ ၃၀၀၀ ကျော်နေထိုင်သည့် သဖန်းကျေးရွာ တည်ရှိသည်။ ဝမ်းတွင်းနယ်က သဖန်းကျေးရွာဆိုသည်နှင့် အထည်ချုပ်လုပ်ငန်းဖြင့် ယှဉ်တွဲမြင်ယောင်မိတတ်ကြမဲ့ဖြစ်သည်။မှန်ပါသည်။ သဖန်းကျေးရွာသည် လှပသေသပ်ပြီး ဝတ်စားဆင်ယင်ချင်ဖွယ်ကောင်းသည့် အဝတ်အထည်အမျိုးမျိုးကို ချုပ်ရိုးချုပ်သားကောင်းမွန်သည့် ခေတ်မီစက်ချုပ်လုပ်ငန်းများဖြင့် ဖွံ့ဖြိုးတိုးတက်စပြုနေသည့် ရွာကြီးဖြစ်ပါသည်။ ယခင်ကထက်ပင် အထည်ချုပ်လုပ်ငန်း လုပ်ကိုင်သည့်ရွာအဖြစ် နိုင်ငံတစ်ဝန်း ပိုမိုလူသိများလာသည်။ သဖန်းကျေးရွာ၏ နာမည်ကျော်ခေတ်မီ စက်ချုပ်လုပ်ငန်း(**ယာပုံ**)နှင့် ပတ်သက်၍ ယင်းကျေးရွာသို့ ကွင်းဆင်းလေ့လာစေ့ငုကြည့်ရာ-

မေး။ ။ ဦးလေးအမည်နဲ့ ဦးလေးကိုယ်ပိုင် အထည်ချုပ်စက် ဘယ်နှလုံး တည်ထောင်ထားပါသလဲ။

စာမျက်နှာ ၅ ကော်လံ ၄ သို့ ❖

ကြေးမုံစာတည်းရှုထောင့် ၅-၈-၂၀၁၃၊ တနင်္လာနေ့

သူတော်ကောင်း အကျင့်

သည်းခံခြင်းစိတ်ထားသည် မိမိအတွက်ရော သူတစ်ပါးအတွက်ပါ လွန်စွာမွန်မြတ်ကောင်းမွန်လှသည့် သူတော်ကောင်းအကျင့်ဖြစ်သည်။ သူတော်ကောင်းတို့၏ တစ်ပါးသူတို့နှင့်မတူသော အရည်အချင်းကောင်း တစ်ရပ်မှာ သည်းခံခြင်းစိတ်ထား ထားနိုင်ခြင်းဖြစ်သည်။

မိမိတို့သည် သာမန်ပုထုဇဉ်အဆင့်မျှသာဖြစ်ပြီး သူတော်ကောင်းအဆင့် မရောက်သေးသော်လည်း သူတော်ကောင်းကြီးများကို စံနမူနာထား၍ သူတော်ကောင်းအကျင့် သည်းခံခြင်းစိတ်ထားကို ထားနိုင်သမျှထားခြင်းဖြင့် မိမိအကျိုး၊ အများအကျိုးတို့ကို ဖြည့်ဆည်းသင့်သည်။

သာမန်လူတို့အနေအရ ပုထုဇဉ်အမြင်၊ ပုထုဇဉ်အတွေး၊ ပုထုဇဉ်စိတ်များသာ ဖြစ်တတ်၍ မိမိလောက်ဂုဏ်ထည်သူ၊ မိမိလောက်ကြီးမြတ်သူ၊ မိမိလောက်မြင့်မားသူ၊ မိမိလောက်တတ်သိသူမဟုတ်ဟု ထင်မှတ်မှားတတ်ကြသည်။

ထိုအဝိဇ္ဇာ အတ္တစိတ်ထားများကြောင့် အမှန်မမြင်၊ အမှန်မသိဘဲ အမှားကြီးမှားတတ်ကြ၏။ အများသူငါ ပတ်ဝန်းကျင်နှင့် ဖီလာဆန့်ကျင်ဖြစ်ပြီး မိမိထင်ရာလုပ်မိသဖြင့် တစ်ချိန်တွင် ဆိုးကျိုးအရှုံးနှင့် ရင်ဆိုင်ရတတ်သည်။

ထို့ကြောင့် ထိုအဖြစ်မျိုးနှင့် မကြုံရအောင် သည်းခံခြင်းတရား လက်ကိုင်ထားပြီး သင့်တင့်လျောက်ပတ်အောင် နေထိုင်ကြရန် တိုက်တွန်းအပ်ပါသည်။

သည်းခံခြင်းအရာတွင် စံပြုအပ်သော ပုဂ္ဂိုလ်မှာ မြတ်စွာဘုရားရှင်၏ တပည့်သာဝက လက်ယာတော်ရံ အရှင်သာရိပုတ္တရာကိုယ်တော်ကြီးဖြစ်ပါသည်။ အဆိုပါကိုယ်တော်ကြီးသည် သည်းခံခြင်းအရာတွင် ထိပ်တန်းစံပြုအပ်သော ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။

သည်းခံနှိမ်ချရာတွင် မိမိကိုယ်မိမိ ဓမ္မသေနာပတိဟူသော စိတ်ကိုပင် ဘေးဖယ်ထား၏။ ပညာအရာ ဧတဒဂ်ကိုလည်း ဥပေက္ခာပြုထား၏။ သာမန်ရဟန်း ဆုံးမသည်ကို မဆိုထားနှင့် သက်နှအဝန်းမညီ၍ သာမဏေလေး ညွှန်ပြသည်ကိုပင် အလေးအနက်ထား၏။

ကိုယ်တော်မြတ်ကြီးက သင်္ကန်းကို ချက်ချင်းပြင်၏။ "သင့်တော်ပါပြီလားဘုရား"ဟု အဆုံးအမပင်ခံ၏။ "နောင်မသင့်တော်ရာတွေ့က ဆုံးမပါ" ဟုပင် တောင်းခံခဲ့သေး၏။ နှိမ်ချမှုအရာတွင် သူမတူအောင် ထူးချွန်လှသော ပုဂ္ဂိုလ်မြတ်ကြီးဖြစ်သည်။

ထို့ကြောင့် အရှင်မြတ်ကြီးအား စံနမူနာထား၍ မိမိတို့သည်လည်း "ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသည့်နှယ်" မိမိကိုယ်ကို နှိမ်ချနိုင်အောင် ကြိုးစားအားထုတ်သင့်သည်။ မြေ၊ ရေ၊ လေ၊ မီးကဲ့သို့အလား သည်းခံနိုင်အောင် စွမ်းဆောင်ရာ၏။ အစေအပါးကဲ့သို့ ဝန်ဆောင်နိုင်အောင် ပြုမူသင့်၏။

ခြေသုတ်ပုဆိုးသည် စင်ကြယ်သည့်အရာဖြစ်စေ၊ မစင်ကြယ်သည့်အရာဖြစ်စေ သုတ်နိုင်၊ အသုံးပြုနိုင်၏။ ယင်းသို့ သုတ်သဖြင့် မညည်းမညူ မစက်မဆုပ်ချေ။ ရေ၊ မြေ၊ လေ၊ မီးတို့သည်လည်း ၎င်းတို့ကို မည်သို့ အသုံးပြုပြု မညည်းညူချေ။

ဦးချိုကျိုးနေသော နွားသည် မည်သူ့ကိုမျှ ရန်မမူတော့ဘဲ ယဉ်ကျေးသိမ်မွေ့စွာနေ၏။ ထို နွား၊ ရေ၊ လေ၊ မီး၊ မြေ၊ ခြေသုတ်ပုဆိုး ဥပမာအလား မိမိတို့သည်လည်း အရာရာတွင် ဦးနှိမ်မာန်ချ ပြုမူဆက်ဆံခြင်းဖြင့် အောင်မြင်မှုကို ရယူသင့်ပေသည်။

မျက်မှောက်ကာလတွင် ဒေါသ၊ မောဟ၊ လောဘများ ကြီးထွားဖြစ်ပေါ်နေလေရာ သူတော်ကောင်းကြီးများ၏ အကျင့်ဖြစ်သည့် သည်းခံခြင်းအလုပ်ကို ဦးစွာကျင့်မည်ဆိုပါက အကောင်းဆုံး၊ အဖြစ်နိုင်ဆုံးအလုပ်ဖြစ်ပေလိမ့်မည်ဟု ယုံကြည်ပါသည်။

ထို့ကြောင့် သူတော်ကောင်းကြီးများ ကျင့်ကြံတော်မူသော အကျင့်များကို နမူနာယူ၍ သာမန်ပုထုဇဉ်တို့ထက် သာလွန်ကြိုးကုတ် အားထုတ်ခြင်းဖြင့် မိမိနှင့်တကွ အခြားသူတို့၏ ကောင်းကျိုးများ တိုးပွားအောင် တတ်နိုင်သမျှ ရှက်ဆောင်နိုင်ကြစေရန် ဆန္ဒပြုလိုက်ပါသည်။ ။

အင်္ဂပူမြို့နယ် ရေဘေးသင့်အိမ်ထောင်စုများအား ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဩဂုတ် ၁ ရက် နံနက်ပိုင်းတွင် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံနှင့် ရေပိုလွှဲမှ ရေထုတ်လွှတ်နေမှုများ၊ အင်္ဂပူမြို့နယ်ရှိ ကညင်ရေလှောင်တမံနှင့် နန်ကသူရေလှောင်တမံတို့၏ ရေပိုလွှဲ၊ အကူရေပိုလွှဲများမှ ရေထုတ်လွှတ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကွင်းကောက်တောင်ကျေးရွာရှိ သီရိမင်္ဂလာကျောင်းကြီးဝင်း ရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်အိမ်ထောင်စုများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်နှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးအပ်ပြီး ဟင်္သာတ-မြို့ကွင်း-ကွင်းကောက်လမ်း မိုင်တိုင်(၂၄/၇ မှ ၂၅/၂) နှင့်(၅/၆ မှ ၅/၇)အတွင်း ရေတိုက်စားသည့်ကားလမ်း ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း (အင်္ဂပူ)ရှိ ကျောင်းအစည်းအဝေးခန်းမ၌ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာကြီး၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး အင်္ဂပူမြို့နယ်စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဟင်္သာတမြို့ ပြည်လုံးကပ်ကျော်ဦးပါရဲစေတီတော် အရှေ့ဘက်မုခ်ရှိ ကမ်းပါးရေတိုက်စားမှုမှ ကာကွယ်ရေးပြုပြင်ထားမှုကို ကြည့်ရှုစစ်ဆေးကာ စေတီတော်အား ဖူးမြော်ကြည်ညိုပြီး အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဇလွန်မြို့ ပြည်တော်ပြန်မြတ်စွာဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့် ကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကာ အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန် – ပုသိမ် ကုန်တင်ယာဉ်များ အခက်တွေ့

ရန်ကုန် ဩဂုတ် ၄

ပုသိမ်မြို့ ကုန်တင်ယာဉ်ပိုင်ရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့မှ ဩဂုတ် ၁ ရက် နေ့စွဲဖြင့် ကုန်တင်ယာဉ်ပိုင်ရှင်များသို့ ပေးဝေသော အကြောင်းကြားစာတွင် ပုသိမ်မြို့မှ ရန်ကုန်မြို့သို့ သွားလာနေသော ကုန်တင်ယာဉ်များသည် ကြိမ်ပင်စည်-စက္ကော့လမ်းမှ ဖြတ်သန်းမောင်းနှင်နေကြောင်း တွေ့ရှိရပါသဖြင့် ယင်းကုန်ကားများကို တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း အကြောင်းကြားလာသောကြောင့် ဖြတ်သန်းမောင်းနှင်ခြင်းမပြုရန် ပါရှိသဖြင့် ရန်ကုန်-ပုသိမ် လမ်းကြောင်းသွား ယာဉ်+ကုန် ၁၃ တန်ဒိုင်နာယာဉ်များ၊ ယာဉ်+ကုန် ၁၆ တန် ဝင်ရိုးနှစ်ခုပါ ခြောက်ဘီးကုန်ကားများ အသစ်ဖွင့်လှစ်သော ဧရာဝတီ(ညောင်တုန်း) တံတားအသစ်မှ ဖြတ်သန်းမောင်းနှင်ခြင်းမပြုတော့ကြောင်း ခြောက်ဘီးယာဉ်မောင်းတစ်ဦးက ဆိုသည်။

ယခင်က ဧရာဝတီမြစ်ကူး ဗိုလ်မြတ်ထွန်းတံတားသာ ရှိသော်လည်း လွန်ခဲ့သောနှစ်များမှစ၍ အသစ်ဖွင့်လှစ်သောရထားနှင့်ကား နှစ်မျိုးသွားလာနိုင်သော ဧရာဝတီမြစ်ကူးတံတား (ညောင်တုန်း)ကြောင့် လမ်းကြောင်းနှစ်ကြောင်းဖြင့် ရန်ကုန်-ပုသိမ်ခရီးစဉ်တွင် အဆင်ပြေစွာ သွားလာနိုင်နေရာမှ အဆိုပါအကြောင်းကြားစာအရ ဗိုလ်မြတ်ထွန်းတံတားမှ ယခင် လမ်းကြောင်းအတိုင်းသာ သွားလာခွင့်ရှိမည် ဖြစ်ကြောင်း ကုန်တင်ယာဉ်ပိုင်ရှင်များက ဆိုသည်။

အဝေးပြေး ကုန်တင်ယာဉ်များအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သတ်မှတ်ပေးသော ဝင်ရိုးအရေအတွက်အလိုက် သတ်မှတ်ယာဉ်+ကုန်တန်ချိန်အတိုင်း အဝေးပြေးဆောက်လုပ်ရေးလမ်းနှင့် တံတားများတွင် တရားဝင်သတ်မှတ်ထားသော လမ်းတံတားအသုံးပြုခများ ပေးဆောင်ပြီးလျှင် ပြေးဆွဲနိုင်ခွင့်ရှိကြောင်း၊ မြစ်ဝကျွန်းပေါ်ဒေသ လမ်းအချို့တွင် ယာဉ်+ကုန်တန်ချိန်ကို မိုးတွင်းကာလ လမ်းပျက်စီးမှုမဖြစ်ရန် သတ်မှတ်ရာတွင် အဆိုပါအကြောင်းကြားစာတွင် ဖော်ပြသော ကြိမ်ပင်ဆည်-စက္ကော့လမ်းတွင် မိုးတွင်းကာလ ယာဉ်+ကုန် ၁၆ တန်အထက် ယာဉ်များကိုသာ သွားလာခွင့်ပိတ်ထားကြောင်း၊ ဧရာဝတီမြစ်ကူးတံတား နှစ်စင်းစလုံးတွင် နွေကာလတွင် ယာဉ်+ကုန် တန်ချိန် ၅၀ ဒသမ ၅ တင်ဆောင်ခွင့်ရှိသော ၂၂ ဘီး နောက်တွဲပါ ယာဉ်များ ဖြတ်သန်းသွားလာခွင့် ရှိကြောင်း၊ သို့ဖြစ်ရာ ရန်ကုန်-ပုသိမ်သွား ကုန်တင်ယာဉ်များအား ကြိမ်ပင်ဆည်-စက္ကော့လမ်းမှ ဖြတ်သန်းမောင်းနှင်မှုအပေါ် တရားစွဲဆိုဆောင်ရွက်မည် ဆိုသည်မှာ သဘာဝမကျကြောင်း၊ မိုးတွင်းကာလအတွက် ထုတ်ပြန်ထားသော တရားဝင် ယာဉ်+ကုန် ကန့်သတ်ချက်ကြေညာချက်များအရ ယာဉ်+ကုန် ၁၆ တန်ထိ ကုန်တင်ယာဉ်များသွားလာခွင့်ရှိကြောင်း အဆိုပါလမ်းကြောင်းသွား ခြောက်ဘီးနှင့် ဒိုင်နာကုန်တင်ယာဉ်လုပ်သားများက ဆိုသည်။ **(မောင်စေအောင်)**

အနာကြီးရောဂါပပျောက်ရေး စုပေါင်းလှူဒါန်း

မန္တလေး ဩဂုတ် ၄

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာမြိုင် (၁) ဥယျာဉ်တန်းရပ်ကွက် (၃၆) လမ်း၊ (၆၄)နှင့် (၆၅) လမ်းကြားရှိ ရတနာပျိုးခင်း စာကြည့်တိုက်သို့ စာအုပ်စာတမ်း၊ ပရိဘောဂနှင့် မော်တော်ယာဉ်လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၃ ရက် နံနက် ၉ နာရီက ကျင်းပရာ ကျန်းမာရေးဝန်ဆောင်မှုမော်တော်ယာဉ်တစ်စီးကို အလှူရှင် မန္တလေးတိုင်းဒေသကြီး ဘောလုံးလက်ရွေးစင် ကွယ်လွန်သူ ကိုတိုးကြီး(ခ) ကိုတိုးမြင့်ဇော် ကောင်းမှုအဖြစ် မိဘများဖြစ်သော ဦးမောင်မြင့်-ဒေါ်သန်းသန်းဝေတို့က ငွေကျပ်သိန်း ၃၀၊ ချမ်းအေးသာစံမြို့နယ် မြင်းတန်းရပ်ကွက်နေ ကိုမျိုးကြီး-မလင်းလင်းကြွယ်နှင့် သူငယ်ချင်းများက ငွေကျပ် သိန်း ၃၀ စုပေါင်းကာ မော်တော်ယာဉ်တစ်စီး လှူဒါန်းကြသည်။

အဆိုပါ အလှူနှင့်ပတ်သက်၍ "အနာကြီးရောဂါကင်းဝေးပပျောက်ရေးအတွက် ရည်ရွယ်ပြီး လှူဒါန်းတာဖြစ်ပါတယ်။ အနာကြီးရောဂါသည်တွေ နေသွားတဲ့ ရပ်ကွက်မှာဖြစ်တဲ့အတွက် ရွက်ပုန်းသီးအနာကြီးရောဂါသည် လူနာတွေကို ဆေးဝါးကုသမှုခံယူနိုင်ဖို့ ရေနံ့သာအနာကြီးဆေးရုံကို ပို့ပေးဖို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံ တစ်နံတစ်လျားမှာရှိတဲ့ အနာကြီးရောဂါသည်တွေကိုလည်း ပို့ဆောင်ပေးဖို့ ရည်ရွယ်ပါတယ်" ဟု ဥက္ကဋ္ဌ ဦးအုန်းငွေက ပြောသည်။ (၀၀၂)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၅-၈-၂၀၁၃ (တနင်္လာနေ့)

၅း၄၀	"လေးခုအလွှာနဲ့အကြောင်းအကျိုး ဆက်စပ်၍ ဒိဋ္ဌိဖြုတ်" တရားတော် [ဆရာတော်ဘဒ္ဒန္တသီရိန္ဒ(မကွေး)]
၅း၁၀	Minute to Win It
၆း၂၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "မျက်နှာဖုံးချစ်သူ" (အပိုင်း-၃၄)
၇း၁၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "အချစ်ကပေးတဲ့ခွန်အား" (အပိုင်း-၁၅)
၈း၂၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးမှုကမ္ဘာ" (အပိုင်း-၁၅)
၉း၀၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "အလှဆုံးချစ်သူ" (အပိုင်း-၃၀)



ပြည်တွင်းရေးရာ

မိမိတို့ဒေသ ရေရှည်အကျိုးရှိနိုင်မည့် လုပ်ငန်းများ ရပ်ရွာပြည်သူများနှင့် တိုင်ပင်ဆွေးနွေးပူးပေါင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၄

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့သည် ဩဂုတ် ၃ ရက် နံနက် ၈ နာရီက လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနယ်မြေအတွင်းရှိ ဖောင်းကား (မြောက်)ရွာ အခြေခံပညာမူလတန်းလွန်ကျောင်းရှိ "ပညာရတနာကျောင်းဆောင်သစ်" ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ထို့နောက် ကျောင်းဆောင်သစ်အား တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များက ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများ လှူဒါန်းကာ ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ယခုအသစ်ဖွင့်လှစ်သည့် ကျောင်းဆောင်သစ်သည် အလျားပေ ၁၂၀၊ အနံ ပေ ၃၀ ရှိ RC နှစ်ထပ် ကျောင်းဆောင်ဖြစ်ပြီး ၇၉ ဒသမ ၂ သန်းအကုန်ကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဆက်လက်၍ တောင်ပုလုကျေးရွာရှိ ယာယီတိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံနှုတ်ဆက်အားပေးသည်။

ထို့နောက် စီမံကိန်းနယ်မြေအတွင်းရှိ ဝက်မွေး-ကံတောကျေးရွာသစ်နှင့် ဆည်တည်းဇီးတောကျေးရွာသစ်များရှိ အခြေခံပညာမူလတန်းကြိုကျောင်း ဆောက်လုပ်မှုများကို ကြည့်ရှုစစ်ဆေးကာ ခေါက်ဆွဲခြောက်ထုပ်များနှင့် ထီးများအား လက်ဆောင်အဖြစ် ပေးအပ်ပြီး ဒေသခံအမျိုးသမီးများ အလုပ်အကိုင်ရရှိရေးအတွက် ဖွင့်လှစ်ထားသည့် အခြေခံစက်ချုပ်သင်တန်းများသို့ လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဆားလင်းကြီးမြို့နယ် အမှတ်(၆) အထည်ချုပ်စက်ရုံ ရှင်းလင်းဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီနှင့် ကျေးရွာအုပ်စုကိုးအုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စီမံကိန်းနယ်မြေအတွင်းရှိ ကျေးရွာ ၃၃ ရွာမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဝင် လူထုကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။**(ယာပုံ)**

ထို့နောက် ကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းသည် နိုင်ငံတကာနှင့် ဆက်စပ်ဆောင်ရွက်နေရသည့် စီမံကိန်းဖြစ်သဖြင့် မိမိတို့တိုင်းပြည် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စံနမူနာပြ စီမံကိန်းတစ်ခုအဖြစ်သာမက ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ရသင့်ရထိုက်သည့် အကျိုးကျေးဇူးများရရှိခံစားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်နှင့် သတင်းမီဒီယာများသို့လည်း ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ တွေ့ရှိရသည့် အခက်အခဲများ၊ လိုအပ်ချက်များကို ပြန်လည်သုံးသပ်ပြီး ဒေသအတွက် အမှန်တကယ်လိုအပ်သည့်လုပ်ငန်းများကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဆွေးနွေးတိုင်ပင်ဖော်ထုတ်၍ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ကော်မရှင်အစီရင်ခံစာတွင် ပါရှိသည့် အကြံပြုချက်များအပြင် မြေပြင်၌ တွေ့ရှိရသည့် ဒေသခံများ၏ အမှန်ကတယ် လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံမြေယာစိုက်ပျိုးရေးစနစ်မှ ခေတ်မီစက်ရုံ၊ အလုပ်ရုံစနစ်သို့ ရောက်ရှိရန် ကြိုးပမ်းဆောင်ရွက်သွားနေခြင်းဖြစ်ပါကြောင်း၊ ယခင်က တိုင်းပြည်တည်ငြိမ်မှုမရှိ၍ တိုးတက်မှုနောက်ကျကျန်ရစ်ခဲ့သည့် အတွေ့အကြုံများကို သင်ခန်းစာယူပြီး ယခုအချိန်တွင် တည်ငြိမ်အေးချမ်းမှုကို ရယူကာ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တက်ညီလက်ညီဖြင့် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်ရန် ကြိုးစားသွားကြရမှာ ဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးရေး အစီရင်ခံစာပါ အချက်အလက်များသာမက ဒေသခံများ ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိရန် ဆောင်ရွက်လျက်ရှိရာ အပြုသဘောဆောင်သော အကြံဉာဏ်ကောင်းများဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက လုပ်ငန်းကော်မတီ၏ အဖွဲ့ လေးဖွဲ့အနေဖြင့် စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရလဒ်ကောင်းများရရှိစေရန် လုပ်ရပ်ကောင်းများ လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ကော်မတီဒုတိယဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးက ဥပဒေနှင့်အညီ အသစ်ပြန်လည်ပြင်ဆင်ချုပ်ဆိုထားသည့် စာချုပ်သစ်ပါ အကြောင်းအရာအချက်အလက်များကို ဒေသခံပြည်သူများသို့ ချပြရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်များကို စီမံကိန်းထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် လုပ်ငန်းသဘောတူစာချုပ်အား ပြင်ဆင်ချုပ်ဆိုသည့် စာချုပ် ချုပ်ဆိုနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီ၊ ပညာရှင်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် ဝမ်ပေါင်ကုမ္ပဏီတို့၏ အသေးစိတ်အကြံပြုချက်များကို ရယူပြီး ပြင်ဆင်ချက်စာချုပ် ချုပ်ဆိုနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်နှင့် ဒေသခံပြည်သူများအကျိုးအတွက် စာချုပ်ပြန်လည်ပြင်ဆင်ချုပ်ဆိုရေး ဆောင်ရွက်ခဲ့မှုအခြေအနေများကို ပွင့်လင်းမြင်သာစွာ အသေးစိတ်ချပြဆွေးနွေးသည်။

ထို့နောက် သိမ်းဆည်းမြေယာစိစစ်ရေးအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊ လူမှုစီးပွားဆိုင်ရာအကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့၊ သာသနိကအဆောက်အအုံများ ရွှေ့ပြောင်းခြင်းနှင့် ပြန်လည်တည်ဆောက်ရေးအဖွဲ့များမှ အဖွဲ့ခေါင်းဆောင်များက မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် အသီးသီးရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဒေသခံကိုယ်စားလှယ်များက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းရာ ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက ဒေသခံပြည်သူများ၏ လိုလားချက်နှင့် ပြန်လည်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို အသေးစိတ်ရှင်းလင်းဖြေကြားသည်။

ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့သည် တစ်ဦးတစ်ယောက်တည်းအတွက်မဟုတ်ဘဲ အများကောင်းကျိုး၊ ဒေသကောင်းကျိုးနှင့် တိုင်းပြည်ကောင်းကျိုးအတွက် စီမံကိန်းလျင်မြန်စွာ စတင်နိုင်ရေးအား ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းမှ စီးပွားရေးလုပ်ငန်းကြီးများ၏ လူမှုဝန်းကျင်ဆိုင်ရာ တာဝန်ယူမှု CSR ရရှိမှုအပေါ် ဒေသခံပြည်သူများ ခံစားနိုင်ရေးအတွက် တာဝန်ရှိသူများက ဆောင်ရွက်ပေးရန်နှင့် စီမံကိန်းဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍများတွင် ကျေးရွာလူထု ကိုယ်စားလှယ်များက ဆန္ဒပြုတင်ပြလာသည့် ကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျေးရွာကိုယ်စားလှယ်များအနေဖြင့် မိမိတို့ဒေသ ရေရှည်အကျိုးရှိနိုင်မည့် လုပ်ငန်းများကို မိမိတို့ ရပ်ရွာပြည်သူများနှင့် တိုင်ပင်ဆွေးနွေးပြီး အပြုသဘောဆောင် စိတ်ထားများဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် စီမံကိန်းကို အမြန်ပြန်လည်အကောင်အထည်ဖော်ရန် ဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။

(သတင်းစဉ်)

အီရန်ဘာသာရေးခေါင်းဆောင် အယာတိုလာ အလီခါမေနီ(ဝဲ)က ဟက်ဆန်ရိုဟာနီ(ယာ)ကို သမ္မတအဖြစ် အသိအမှတ်ပြုစဉ်။

အီရန်သမ္မတအဖြစ် ဟက်ဆန်ရိုဟာနီကျမ်းသစ္စာကျိန်ဆို

တီဟီရန် ဩဂုတ် ၄

ဇွန်လသမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် ဟက်ဆန်ရိုဟာနီအား အီရန်ဘာသာရေးခေါင်းဆောင် အယာတိုလာ အလီခါမေနီက သမ္မတရာထူးကို တရားဝင်အခမ်းအနားဖြင့် အသိအမှတ်ပြုပေးပြီးနောက် တနင်္ဂနွေနေ့က ကျင်းပခဲ့သည့် အီရန်ပါလီမန်ရှေ့မှောက်၌ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ဟက်ဆန်ရိုဟာနီ၏ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ ပြည်ပအဆင့်မြင့်အရာရှိများ အပါအဝင် ဒေသတွင်းခေါင်းဆောင်များလည်း တက်ရောက်ခဲ့ကြသည်။

သမ္မတအဖြစ် အသိအမှတ်ပြုပေးပြီးနောက် ရိုဟာနီက ပြည်သူများသို့ မိန့်ခွန်းပြောကြားရာတွင် Quds နေ့ ပြုလုပ်၍ ပါလက်စတိုင်းလူမျိုးများ စည်းလုံးညီညွတ်ကြရန် ပြောကြားခဲ့သည်။ ပါလက်စတိုင်းလူမျိုးများကို ထောက်ခံပြီး အစ္စရေးထိန်းချုပ်ထားသော ဂျေရုဆလင်ကို ကန့်ကွက်သည့်အနေဖြင့် Quds နေ့ကို အီရန်နိုင်ငံတွင် နှစ်စဉ်ကျင်းပသည်။ Al-Quds ဆိုသည်မှာ အာရေဗျဘာသာဖြင့် ဂျေရုဆလင်၏ အမည်ဖြစ်သည်။

ရိုဟာနီသည် ရွေးကောက်ပွဲကာလအတွင်း အထီးကျန်ဆန်နေသော အီရန်နိုင်ငံကို နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပြန်လည်ဝင်ဆံ့အောင် ဆောင်ရွက်သွားပြီး စီးပွားရေးတိုးတက်အောင် စွမ်းဆောင်သွားမည်ဟု ကြွေးကြော်၍ မဲဆွယ်ခဲ့သူဖြစ်သည်။

ရိုဟာနီသည် ဇွန် ၁၄ ရက်က ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် ၅၂ ဒသမ ၂ ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့သည်။ **ရိုက်တာ။**

တရုတ်နိုင်ငံ၏ အမြင့်ဆုံးအဆောက်အအုံဖြစ်လာမည့် ရှန်ဟိုင်းတာဝါ

ရှန်ဟိုင်း ဩဂုတ် ၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အမြင့်မားဆုံး အဆောက်အအုံဖြစ်သည့် ရှန်ဟိုင်းတာဝါအဆောက်အအုံအား အပြီးသတ်တည်ဆောက်နေပြီဖြစ်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယင်းမိုးမျှော်အဆောက်အအုံကြီး၏ နောက်ဆုံး သံမဏိရက်မတပ်ဆင်ခြင်း အခမ်းအနားနှင့် အလံစိုက်ထူပွဲကို ဩဂုတ် ၄ ရက်တွင် ယင်းအဆောက်အအုံကြီး၌ ကျင်းပခဲ့သည်။

တည်ဆောက်ပြီးစီးသွားပြီဖြစ်သည့် ရှန်ဟိုင်းတာဝါအဆောက်အအုံသည် အမြင့်မီတာ ၆၃၀ ကျော်ရှိမည်ဖြစ်ပြီး ကမ္ဘာပေါ်တွင် ဒုတိယအမြင့်မားဆုံး အဆောက်အအုံအဖြစ် တည်ရှိလာမည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် အမြင့်မားဆုံး အဆောက်အအုံမှာ အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့ရှိ ဘာ့ဂ်ျကာလီဖာအဆောက်အအုံဖြစ်သည်။

ယင်းသည် ရှန်ဟိုင်းမြို့၏ ဘဏ္ဍာရေးလုပ်ငန်းဆိုင်ရာ စီရင်စုတွင် နောက်ဆုံးတည်ဆောက်သည့် မိုးမျှော်အဆောက်အအုံဖြစ်ပြီး တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးရလဒ်အဖြစ် ပေါ်ထွန်းလာခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၏ မိုးမျှော်အဆောက်အအုံဖြစ်သည့် ယင်းအဆောက်အအုံသည် ရှန်ဟိုင်းမြို့၏ ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေးဇုန်တွင် ရှန်ဟိုင်းကမ္ဘာ့ဘဏ္ဍာရေးဆိုင်ရာ မျှော်စင်နှင့် ဂျင်ဟောင်းမျှော်စင်တို့နှင့်အတူ ကမ္ဘာ့အမြင့်ဆုံးအဆောက်အအုံများတွင် ပါဝင်လာမည်ဖြစ်သည်။

ရှန်ဟိုင်းတာဝါ၌ နောက်ဆုံးသံမဏိရက်မတပ်ဆင်ပြီးပါက ယင်းအဆောက်အအုံသည် တရုတ်တိုင်ပေရှိ အထပ် ၁၀၁ ထပ်ရှိကာ ၅၀၉ မီတာမြင့်မားသည့် တိုင်ပေအဆောက်အအုံ၏ အရှေ့အာရှတွင် အမြင့်မားဆုံး အဆောက်အအုံနေရာကို လွှဲပြောင်းရယူနိုင်မည်ဖြစ်သည်။ **ဘီဘီစီ။**

အရှေ့အလယ်ပိုင်းဒေသရှိ အမေရိကန်သံရုံးနှင့် ကောင်စစ်ဝန်ရုံး နှစ်ဒါဇင်နီးပါးပိတ်ထား

ဝါရှင်တန် ဩဂုတ် ၄

အရှေ့အလယ်ပိုင်းဒေသတွင်းရှိ အမေရိကန်သံရုံးနှင့် ကောင်စစ်ဝန်ရုံးအများစုအပါအဝင် သံတမန်ဆိုင်ရာရုံး ၂၁ ရုံးကို အမျိုးအမည်ခွဲခြားသတ်မှတ်ခြင်းမရှိသော စစ်သွေးကြွအဖွဲ့များ၏ ခြိမ်းခြောက်မှုကြောင့် ဩဂုတ် ၄ ရက်တွင် ပိတ်ထားခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ခရီးသွားသတိပေးချက်ထုတ်ပြန်

အမေရိကန်နိုင်ငံခြားရေးဌာနကလည်း ကမ္ဘာတစ်ဝန်းလုံးရှိ အမေရိကန်ခရီးသွားများအတွက် ဩဂုတ်လတစ်လလုံး ကုန်ဆုံးချိန်အထိ ခရီးသွားသတိပေးချက်များထုတ်ပြန်မှုကို ဩဂုတ် ၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကတိုက်မြောက်ပိုင်းဒေသများ၌ အယ်လ်ခိုင်ဒါအဖွဲ့နှင့်ဆက်နွှယ်သည့် အကြမ်းဖက် တိုက်ခိုက်မှုများဖြစ်ပွားပုံ့နှံ့လျက်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

တက်ရောက်

ယင်းကြေညာချက်ကို အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေးအဖွဲ့ အရာရှိ ဆူဇန်ရိုက်စ်ဦးစီးပြီး သမ္မတအိမ်ဖြူတော်၌ ကျင်းပခဲ့သည့် အစည်းအဝေးအပြီးတွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ယင်းအစည်းအဝေးသို့ အမေရိကန်နိုင်ငံကာကွယ်ရေးဝန်ကြီးနှင့် အမိမြေလုံခြုံရေးဌာနဝန်ကြီးတို့အပြင် အမေရိကန်ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်)၊ ပြည်ထောင်စုဗဟိုထောက်လှမ်းရေးအဖွဲ့(စီအိုင်အေ)နှင့် အမျိုးသားလုံခြုံရေးအေဂျင်စီ (အန်အက်စ်အေ) အကြီးအကဲများ တက်ရောက်ကြသည်။ **ဘီဘီစီ။**

အမျိုးအမည်မသိစစ်သွေးကြွအဖွဲ့များ၏ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကြောင့် ဆာနားမြို့ရှိ အမေရိကန်သံရုံးတွင် အတားအဆီးများ ချထားသည်ကို တွေ့ရစဉ်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် မြေပြိုမှုဖြစ်ပွား၍ လူနှစ်ဦးသေဆုံး

ဇမ်ဘိုရန်ဂါစီးတီး ဩဂုတ် ၄

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဇမ်ဘိုရန်ဂါမြို့ရှိ ကျေးရွာတစ်ရွာတွင် မြေပြိုမှုဖြစ်ပွားရာ လူနှစ်ဦးသေဆုံး၍ အချို့ ဒဏ်ရာရရှိကြောင်း ဩဂုတ် ၄ ရက် သတင်းတွင် ဖော်ပြသည်။

အဆိုပါမြေပြိုမှုသည် တောင်စောင်းတွင်တည်ထားသော လင်းပါပါကျေးရွာတွင် ဩဂုတ် ၃ ရက် ဒေသစံတော်ချိန် နံနက် ၇နာရီခွဲခန့်ကဖြစ်ပွားကြောင်း၊ မြေပြိုမှုကြောင့် အိမ်သုံးလုံးပြိုကျပြီး မြေကြီးများအောက်ဖုံးလွှမ်းရောက်ရှိသွားကြောင်း သဘာဝဘေးအန္တရာယ်လျော့ပါးရေး စီမံခန့်ခွဲမှုဌာနက ပြောကြားသည်။

အိမ်တစ်လုံး၏အောက်တွင် အသက် (၁၄)နှစ်အရွယ် လူငယ်တစ်ဦးနှင့် အသက်(၆)နှစ်အရွယ်ရှိ ၎င်း၏ နှမကလေးတို့ သေဆုံးလျက် ရွာသားများက တွေ့ရှိရသည်။

မြေပြိုမှုကြောင့် ပေါ်ထွက်လာသည့် ကျယ်လောင်သည့်အသံကို အနီးအနားဒေသမှ ကြားရကြောင်း၊ ဩဂုတ် ၂ ရက်မှစ၍ မိုးများရွာသွန်းမှုဆက်လက်ဖြစ်ပေါ်နေသဖြင့် မြေပြိုမှုဖြစ်ရသည်ဟု ရွာသားများက ထင်မြင်ယူဆလျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

လက်ဘနွန်နယ်စပ်တွင် ဆီးရီးယားစစ်လေယာဉ်များ တိုက်ခိုက်မှုကြောင့် လူအချို့သေဆုံး

ဘေရွတ် ဩဂုတ် ၄

ဆီးရီးယားနိုင်ငံနှင့် လက်ဘနွန်နိုင်ငံနယ်စပ်ဒေသရှိ ယာဘရော့ဒ်မြို့တွင် ဆီးရီးယားစစ်လေယာဉ်များ၏ တိုက်ခိုက်မှုကြောင့် လူအချို့သေဆုံးခဲ့ကြောင်း လက်ဘနွန်တာဝန်ရှိသူများက ယမန်နေ့တွင် ပြောကြားသည်။ ယင်းစစ်လေယာဉ်များ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူခြောက်ဦးထက်မနည်းသေဆုံးပြီး လူကိုးဦးထိခိုက်ဒဏ်ရာရရှိကြောင်း၊ ယင်းတိုက်ခိုက်မှုဖြစ်ပွားသည့်မြို့မှာ လက်ဘနွန်နိုင်ငံ အာဆဲလ်မြို့အနီးတွင်ရှိပြီး ယင်းမြို့သည် ဆီးရီးယားစစ်ပြေးဒုက္ခသည် အများအပြားကို လက်ခံထားရှိသည့်မြို့ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **အေပီ။**

PARAMI General Hospital
အရိုးအဆစ် ဒူးဆစ်ကျောရိုးဆိုင်ရာ ခွဲစိတ်ကုသခြင်းအစီအစဉ်
ပါရမီဆေးရုံသို့ လစဉ်ပုံမှန်လာရောက်ကုသပေးနေသော တောင်ကိုရီးယားနိုင်ငံမှ အရိုးအထူးကုဆရာဝန်ကြီးသည် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၉) မှ (၁၁) ရက်နေ့ အထိ လာရောက်မည်ဖြစ်ပါ၍ ကြိုတင်စာရင်းပေးနိုင်ပါပြီ။

ရွှေဂုံတိုင်သတင်းစာဈေးကွက်

ဆုသမြေ

ရန်ကုန်မြို့ရဲ့ "သတင်းစာဖြန့်ချိရေး အခရာ" လို့ ခေါ်ဆိုနိုင်သလို သတင်းစာနဲ့ ဂျာနယ်မျိုးစုံ ဖြန့်ချိရေးကို နေ့စဉ် ရက်ဆက် ဖြတ်သန်းလုပ်ဆောင်နေကြတဲ့ နေရာတစ်ခုကတော့ ရန်ကုန်မြို့ရဲ့ "ရွှေဂုံတိုင်လမ်းဆုံ" ပဲ ဖြစ်ပါတယ်။

ရွှေဂုံတိုင်လမ်းဆုံလို့ဆိုလိုက်တာနဲ့ ယာဉ်ကြောပိတ်ဆို့မှုနဲ့ ခုံးကျော်တံတားဆောက်လုပ်နေတဲ့ မြင်ကွင်းနဲ့အတူ တန်းစီပြီး တစ်လိမ့်ချင်းလှိမ့်နေကြတဲ့ မော်တော်ယာဉ်တွေကြားမှာ သတင်းစာနဲ့ဂျာနယ်မျိုးစုံကို လက်ပွေ့ပြီး လိုက်လံရောင်းချနေတဲ့သူတွေကိုပဲ ပြေးမြင်စေမိမှာ ဖြစ်ပါတယ်။

သတင်းစာဖြန့်ချိရေး အခရာဖြစ်တဲ့ "သတင်းစာနဲ့ဂျာနယ်ဈေးကွက်ကြီး" ကိုတော့ နံနက်စောစော အချိန်မှသာ မြင်တွေ့နိုင်မှာဖြစ်ပြီး နေမင်းရဲ့အလင်းရောင်နဲ့အတူ "နေလာနှင်းပျောက်" ဆိုတဲ့အတိုင်း ရောင်နီလာတာနဲ့ ကွယ်ပျောက်သွားလို့ပဲ ဖြစ်ပါတယ်။

ဒီဈေးကွက်မှာ နေ့စဉ်နံနက် ၃ နာရီခန့်ကစပြီး သတင်းစာနဲ့ဂျာနယ်မျိုးစုံ လာရောက်ပို့ဆောင်ကြသလို လက်ခံရယူကြတဲ့ "ကိုယ်စားလှယ်ကြီး" တွေနဲ့ "လက်ခွဲကိုယ်စားလှယ်" တွေ၊ အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင်ကြတဲ့ "ပို့သား"တွေ၊ အချက်အချာကျတဲ့နေရာတွေမှာ လှည့်လည်ရောင်းချတဲ့ "လက်ပွေ့" တွေအပြင် သူတို့နဲ့ လိုက်လျောညီထွေ ဖြည့်ဆည်းပေးကြမယ့် နံနက်စာ အရောင်းဆိုင်လေးတွေနဲ့အတူ စည်ကားနေပြီဖြစ်ပါတယ်။

ဒီ "ရွှေဂုံတိုင် သတင်းစာဈေးကွက်" မှာတော့ နေ့စဉ်ထုတ်ဝေနေတဲ့ နိုင်ငံပိုင်သတင်းစာတွေဖြစ်တဲ့ မြန်မာ့အလင်း၊ ကြေးမုံနဲ့ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတွေကို အခြေပြုထားပြီး ထပ်မံထွက်ပေါ်လာတဲ့ ပုဂ္ဂလိကနေ့စဉ်သတင်းစာတွေဖြစ်တဲ့ ရွှေနိုင်ငံသစ်၊ စံတော်ချိန်၊ ပြည်မြန်မာ၊ ပြည်ထောင်စု၊ ရန်ကုန်တိုင်း၊ မဇ္ဈိမ၊ အင်ပါယာ၊ ဆဲဗင်းဒေး၊ အယ်လဲဗင်းနဲ့ ဗွိုက်စ်တို့ တွေ့ရှိရသလို တစ်ပတ်တစ်ကြိမ် ထုတ်ဝေတဲ့ ဂျာနယ်တွေဖြစ်တဲ့ လျှပ်တစ်ပြက်၊ ဆဲဗင်းဒေး၊ အယ်လဲဗင်း၊ ဗွိုက်စ်၊ မက်ဆင်ဂျာ၊ စတိတ်ပြူး၊ နိုင်ငံတကာ စတဲ့ သတင်းဂျာနယ်တွေအပြင် အားကစား၊ ကျန်းမာရေး၊ ဖက်ရှင်၊ အနုပညာ၊ ဂီတနဲ့ ဗေဒင်စတဲ့ အကြောင်းအရာတွေ စုံလင်ပါတယ်။ ဒါ့အပြင် သတင်းစာနဲ့ ဂျာနယ်တွေထဲမှာ ကြားညှပ်ထည့်သွင်းဖြန့်ဝေတဲ့ ကြော်ငြာမျိုးစုံကိုလည်း တွေ့မြင်နိုင်ပါသေးတယ်။

နေ့စဉ်ထုတ်သတင်းစာတွေ များလာတယ်လို့ ပြောဆိုနေကြချိန်မှာ အပတ်စဉ်ထုတ် ဂျာနယ်တွေဟာလည်း ထိုးဖောက်ရပ်တည်နေရဆဲလို့ ဆိုရမှာပါ၊ အပတ်စဉ်ထုတ် ဂျာနယ်တစ်စောင်ရဲ့တန်ဖိုး ငွေကျပ် (၅၀၀/ ၇၅၀/ ၁၂၅၀) အထိရှိနေတဲ့ ဈေးကွက်ဟာ နေ့စဉ်ထုတ်သတင်းစာတစ်စောင်ရဲ့တန်ဖိုး ငွေကျပ် (၁၀၀/ ၂၀၀) ဆိုတဲ့ ရောင်းချမှုအပေါ်မှာ အပြင်းအထန် ယှဉ်ပြိုင်နေရတာ ဖြစ်ပါတယ်။ ဒါကြောင့် ဂျာနယ်တွေဟာ သတင်းမှတ်စုနဲ့ ဆောင်းပါးကောင်းကောင်းတွေကို ရွေးချယ်ဖော်ပြပြီး ရပ်တည်ဖို့ ကြိုးစားနေရပါတယ်။

"အစ်မက ဒီရွှေဂုံတိုင်မှာ သတင်းစာကိုယ်စားလှယ် လုပ်လာတာ နှစ် ၃၀ ကျော်ရှိပါပြီ၊ နိုင်ငံပိုင်သတင်းစာတွေကတော့ စာဖတ်ပရိသတ်အခိုင်အမာရှိပြီးဖြစ်နေပြီး ပုဂ္ဂလိကသတင်းစာတွေကလည်း အမြင်မတူတဲ့ ရှုထောင့်ကနေ ဖော်ပြနေကြပါတယ်၊ ယခင်ဂျာနယ်တစ်စောင်ဝယ်သူ အချို့က ပုဂ္ဂလိကသတင်းစာသုံးစောင် ပြောင်းလဲပြီးဝယ်ဖတ်တာမျိုးလည်း ရှိလာတယ်၊ ဒါပေမယ့် သတင်းစာတွေ များလာတော့ ဘက်စုံယှဉ်ပြိုင်ရပြီး တိုးတက်မှုတွေ ရှိလာတယ်၊ စာဖတ်သူတွေအတွက် အကျိုးကျေးဇူးရရှိတဲ့အပြင် ဒီလုပ်ငန်းနဲ့ပတ်သက်သူတွေရဲ့ စားဝတ်နေရေးလည်း ပိုကောင်းလာတာပေါ့" လို့ ရွှေဂုံတိုင်သတင်းစာဖြန့်ချိရေး ကိုယ်စားလှယ်တစ်ဦးက ပြောပြခဲ့ပါတယ်။

သတင်းခေတ်ဖြစ်တာနဲ့အညီ သတင်းသိရှိလိုမှုတွေ မြင့်တက်လာတာနဲ့အတူ စာပေဝါသနာပါပြီး လေ့လာလိုကြတဲ့ သတင်းစာဖတ်ပရိသတ်တွေကလည်း တစ်နေ့တခြား တိုးပွားလာနေပါတယ်။ သတင်းဖြန့်ချိရေးကို ပုံနှိပ်မီဒီယာတွေအပြင် အွန်လိုင်းမီဒီယာမျိုးစုံကလည်း ဝန်ဆောင်မှုပေးတဲ့ပုံစံနဲ့ ပြုလုပ်လာကြပေမယ့် အာရှနိုင်ငံတွေမှာတော့ ပုံနှိပ်မီဒီယာလုပ်ငန်းတွေက လျော့ကျမသွားဘဲ တိုးတက်လာနေပါတယ်၊ မြန်မာနိုင်ငံ ရန်ကုန်မြို့ရဲ့ "ရွှေဂုံတိုင်သတင်းစာဈေးကွက်" သည်လည်း စောင်ရေတိုးတက်မှုတွေနဲ့ အတူ နေ့စဉ်နံနက်တိုင်းမှာ စည်ကားနေဆဲဖြစ်ပါတယ်။

❖ **ရှေ့ဖုံးမှ**

ဖြေ။ ။ ဦးအောင်ဆန်းဖြစ်ပါတယ်။ သဖန်းကျေးရွာ အုပ်ချုပ်ရေးမှူးပါ။ ဦးလေးကိုယ်ပိုင် အထည်ချုပ်စက် ၁၅ လုံးရှိပါတယ်။

မေး။ ။ သဖန်းကျေးရွာမှာ စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူဦးရေဘယ်လောက်ရှိပါသလဲ။

ဖြေ။ ။ လုပ်ငန်းရှင် ၅၀ ကျော်အပြင် အသေးစားလုပ်ငန်းရှင်နဲ့ မိသားစုတစ်ပိုင်တစ်နိုင် စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူတွေလည်း ရှိပါတယ်။ လုပ်ငန်းရှင်တွေကတော့ အပ်ချုပ်စက်အလုံး ၅၀ ကနေ ၆၀ အထိ တည်ထောင်ထားပြီး အသေးစားလုပ်ငန်းရှင်တွေက ၁၀ လုံးကနေ ၁၅ လုံးအထိ ရှိပါတယ်။ မိသားစုဝင်တွေချည်းပဲ ချုပ်လုပ်တဲ့ တစ်ပိုင်တစ်နိုင်သမားတွေကျတော့ ငါးလုံးကနေ ခုနစ်လုံးထိ ရှိပါတယ်။

မေး။ ။ သဖန်းကျေးရွာမှာ စက်ချုပ်လုပ်သားဦးရေကော ဘယ်နှဦးလောက်ရှိပါသလဲ။ သဖန်းကျေးရွာက သူတွေပဲ စက်ချုပ်လုပ်သားအဖြစ် လုပ်ကိုင်ကြတာလား။

ဖြေ။ ။ စက်ချုပ်လုပ်သား ၇၅၀ ကျော်ရှိပါတယ်။ စက်ချုပ်လုပ်သား အများစုကတော့ သဖန်းကျေးရွာက ဒေသခံ အမျိုးသမီးငယ်၊ အမျိုးသားငယ်များ ဖြစ်ပါတယ်။ ရွာတော၊ ပန်းခြံ ရွာနီး ချုပ်စပ်ကျေးရွာတွေကလည်း ပညာသင်ရင်း စက်ချုပ်လုပ်သား လာလုပ်ကြတာ အနည်းငယ်ရှိပါတယ်။

မေး။ ။ စက်ချုပ်လုပ်သားတစ်ဦးရဲ့ တစ်နေ့ပျမ်းမျှဝင်ငွေ ဘယ်လောက်ရှိပါသလဲ။

ဖြေ။ ။ သူတို့ရဲ့ ကျွမ်းကျင်မှုအပိုင်းနဲ့ ချုပ်လုပ်ရတဲ့ အထည်အရေအတွက်ပေါ်မူတည်ပြီး တစ်နေ့ ကျပ် ၂၅၀၀ ကနေ ၃၀၀၀ ထိတော့ ရရှိပါတယ်။ ဒီဇိုင်းညှပ်တဲ့သူ (ကာတင်သမား) တွေကတော့ စက်ချုပ်လုပ်သားထက် တစ်နေ့ဝင်ငွေ အနည်းငယ်ပိုရပါတယ်။ ငါးရက်တစ်ခါဆိုရင် သူတို့က ကျပ် ၂၀၀၀၀ ထိ ရတတ်တယ်။ လုပ်ငန်းကောင်းတဲ့ ဆောင်းရာသီဆိုရင် စက်ချုပ်လုပ်သားရော ကာတင်သမားရော တစ်နေ့တာရငွေ ဒီထက်ပိုကောင်းပါတယ်။

မေး။ ။ အစ်ကို့ အမည်နဲ့ တည်ထောင်ထားတဲ့စက်လုံးရေ ဘယ်လောက်ရှိပါသလဲ။

ဖြေ။ ။ ကိုလှငွေပါ၊ ကျွန်တော် တည်ထောင်ထားတဲ့ စက်တွေက ရွာမှာ တချို့လုပ်ငန်းရှင်တွေ အသုံးပြုရှိနေပြီဖြစ်တဲ့ လျှပ်စစ်မော်တာ အပ်ချုပ်စက် ၃၄ လုံးခန့်ဖြစ်ပါတယ်။ ရွာမှာက တချို့လုပ်ငန်းရှင်တွေလည်း လျှပ်စစ်မော်တာ အပ်ချုပ်စက် လေးလုံး ငါးလုံး တည်ထောင်လာသူတွေ ရှိလာနေပြီဖြစ်ပါတယ်။

မေး။ ။ လျှပ်စစ်မော်တာ အပ်ချုပ်စက်နဲ့ စက်ချုပ်တယ်ဆိုတော့ အရင်လက်နဲ့ချုပ်တဲ့ အပ်ချုပ်စက်တွေနဲ့ ဘယ်လိုကွာသွားသလဲ။

ဖြေ။ ။ အဝတ်အထည်ရဲ့ ချုပ်ရိုးချုပ်သားတွေကို အာဆီယံအဆင့်အတန်းမီ ချုပ်လုပ်နိုင်ပြီဖြစ်ပါတယ်။ နိုင်ငံတကာ အဆင့်အတန်းမီ လျှပ်စစ်မော်တာ အပ်ချုပ်စက်နဲ့ဆိုတော့ လုပ်ငန်းပိုတွင်ကျယ်ပြီး စက်ချုပ်လုပ်သား အရင်းအနှီးလည်း လျော့ကျသွားတာပေါ့။ အရင်က စက်ချုပ်လုပ်သား ၂၀ စက်ချုပ်လုပ်တာနဲ့ ယခု လျှပ်စစ်မော်တာ အပ်ချုပ်စက် ၁၀ လုံး အလုပ်လုပ်တာနဲ့ ညီမျှပြီးတော့ ထွက်ရှိတဲ့ အဝတ်အထည်အရည်အသွေးလည်း ကောင်းမွန်တဲ့အပြင် အဝတ်အထည်ကိုလည်း ယခင်ထက် ဈေးနှုန်းချိုချိုသာသာနဲ့ ဈေးကွက်ဖြန့်ချိလို့ ရတာပေါ့ဗျာ။

မေး။ ။ သဖန်းကျေးရွာမှာ လျှပ်စစ်မီး သုံးစွဲခွင့်ရခဲ့တာ ဘယ်လောက်ကြာပြီလဲဗျ။

ဖြေ။ ။ ကျေးရွာလမ်းတွေမှာ ဇန်နဝါရီလ တတိယပတ်ထဲက စတင်သုံးစွဲခွင့်ရပြီး ဖေဖော်ဝါရီလထဲရောက်တော့ လူနေအိမ်တွေမှာ လျှပ်စစ်မီးသုံးစွဲခွင့်ရတဲ့အတွက် ကျေးရွာအတွင်း ၃၁၅ ထရန်စဖော်မာ တည်ဆောက်ပြီးစီးတဲ့အထိ သက်ဆိုင်ရာတာဝန်ရှိသူတွေက ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးသူအားလုံးကို သဖန်းကျေးရွာဒေသခံတွေက ကျေးဇူးတင်လျက်ရှိပါတယ်။

မေး။ ။အထည်ချုပ်လုပ်ဖို့ ကုန်ကြမ်း အထည်စကို ဘယ်ဒေသကနေမှာယူပါသလဲ။

ဖြေ။ ။တရုတ်နိုင်ငံကလာတဲ့ အထည်ကုန်ကြမ်းတွေကို မန္တလေးဒေသခံ ကုန်သည်တွေကတစ်ဆင့် မှာယူတာမျိုးရှိသလို တောင်ကိုရီးယားနိုင်ငံကလာတဲ့ အထည်ကုန်ကြမ်းတွေကို ရန်ကုန် ဒေသခံကုန်သည်တွေက တစ်ဆင့် မှာယူကြတယ်။ အထူးသဖြင့် အခုနောက်ပိုင်း ရန်ကုန်ဘက်က မှာယူကြတာများပါတယ်။

မေး။ ။ကုန်ချောကျတော့ကော ဘယ်ဒေသက ဈေးကွက်တွေအထိ ဖြန့်ချိပါသလဲ။

ဖြေ။ ။မိတ္ထီလာ၊ တောင်ကြီး၊ အင်းလေး၊ မန္တလေး၊ ရန်ကုန်၊ ပြင်ဦးလွင်၊ လွိုင်ကော်၊ မြင်းခြံစတဲ့ ဒေသတွေအပြင် အိန္ဒိယနယ်စပ်ဖြစ်တဲ့ တမူးမြို့အထိ သဖန်းကျေးရွာထွက် အဝတ်အထည်တွေ တင်ပို့ရောင်းချပါတယ်။

မေး။ ။သဖန်းကျေးရွာစက်ချုပ်လုပ်ငန်း သမဝါယမ ငွေစုငွေချေးအသင်းဖွဲ့ပြီး အသင်းသားတွေကို သမဝါယမအသင်းချုပ်က သက်သာတဲ့အတိုးနှုန်းနဲ့ ချေးငွေများ ချေးပေးခဲ့တယ်လို့ သိရပါတယ်။ အဲဒီအခြေအနေလေး အနည်းငယ်ပြောပြပေးပါဦး။

ဖြေ။ ။ဟုတ်ပါတယ်၊ ဖေဖော်ဝါရီ ၂ ရက်နေ့တုန်းက သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သဖန်းကျေးရွာကို ရောက်စဉ်က ချေးငွေတွေချေးပေးခဲ့ပါတယ်။ အသင်းသားလုပ်ငန်းရှင် ၅၀ ကို တစ်ဦး ကျပ် ၁၅ သိန်းနဲ့ ကျပ်သိန်း ၇၅၀၊ စက်ချုပ်လုပ်သားတစ်ဦး ကျပ်ငါးသောင်းနဲ့ ကျပ်သိန်း ၁၅၀ စုစုပေါင်း ကျပ်သိန်း ၉၀၀ ချေးငွေထုတ်ချေးခဲ့ပါတယ်။ ဇူလိုင် ၂ ရက်နေ့က ချေးငွေတွေအားလုံးကို အရင်းနဲ့အတိုးပါ အားလုံးပြန်လည်ဆပ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒုတိယအကြိမ် မကြာမီထုတ်ချေးမယ်လို့ ကြားပါတယ်။ ဒုတိယအကြိမ် ချေးငွေထုတ်ချေးရင် ချေးငွေထုတ်ချေးလိုသူ လုပ်ငန်းရှင် ၂၀ နဲ့ စက်ချုပ်လုပ်သား ၅၀ ခန့် ထပ်မံတိုးပွားလာနေပြီဖြစ်ပါတယ်။

မေး။ ။ဒါဆိုရင် သဖန်းကျေးရွာမှာ ခေတ်မီစက်ချုပ်လုပ်ငန်းတွေ တဖြည်းဖြည်း တိုးတက်ဖွံ့ဖြိုးလာတယ်လို့ ဆိုနိုင်မလား။

ဖြေ။ ။အဲဒီလိုလည်းပြောလို့ရပါတယ်။ လျှပ်စစ်မီးလည်းရ၊ သက်သာတဲ့အတိုးနဲ့ ချေးငွေလည်းရတဲ့အခါ ခေတ်မီမော်တာအပ်ချုပ်စက်တွေ တဖြည်းဖြည်း ဝယ်ယူတိုးချဲ့လုပ်ကိုင်တဲ့ စက်ချုပ်လုပ်ငန်းရှင်တွေ ရှိလာတော့ သဖန်းကျေးရွာရဲ့မိရိုးဖလာ စက်ချုပ်လုပ်ငန်းက တဖြည်းဖြည်းခေတ်မီဖွံ့ဖြိုးတိုးတက်လာနေတယ်လို့ ဆိုနိုင်ပါတယ်။ ခေတ်မီမော်တာအပ်ချုပ်စက်က တစ်လုံးကို ငွေကျပ်သုံးသိန်းကနေ လေးသိန်းအထိ ပေးဝယ်ရတယ် ဆိုပေမယ့် လုပ်ငန်းအမြင်ရှိတဲ့ ဒေသခံ စက်ချုပ်လုပ်ငန်းရှင်တွေက ကိုယ်တတ်နိုင်တဲ့အရေအတွက်ကို တဖြည်းဖြည်း တိုးချဲ့ဝယ်ယူသွားဖို့ ကြိုးစားနေကြပါတယ်။

နိုင်ငံတော်အစိုးရမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်ဖြင့် ကျေးလက်နှင့် မြို့ပြလူနေမှုအဆင့်အတန်း ကွာဟချက်ကျဉ်းမြောင်းသည်ထက်ကျဉ်းမြောင်းအောင် အားသွန်ခွန်စိုက်ဖြင့် အားပေးကြိုးစားဆောင်ရွက်ပေးနေချိန်တွင် တချို့ကျေးလက်ဒေသများသည် လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး လိုအပ်ချက်များ တဖြည်းဖြည်း ပြည့်စုံလာပြီဖြစ်ပြီး တချို့ကျေးလက်ဒေသများတွင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အခြေအနေကောင်းများ မြင်တွေ့လာနေပြီဖြစ်သည်။ ထိုသို့သော ကျေးရွာများထဲမှ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ကူညီပံ့ပိုးမှု၊ ကျေးရွာနေဒေသခံများ၏ ရိုးသားကြိုးစားမှုတို့ကြောင့် ခေတ်မီစက်ချုပ်လုပ်ငန်းများဖြင့် တဖြည်းဖြည်းဖွံ့ဖြိုးတိုးတက်လာနေသည့် ဝမ်းတွင်းမြို့နယ်မှ သဖန်းကျေးရွာသည် ကျေးလက်ဒေသအားလုံးအတွက် စံနမူနာဂုဏ်ယူဖွယ်ကျေးရွာတစ်ရွာ ဖြစ်ပါကြောင်း ရေးသားဂုဏ်ပြုလိုက်ပါသည်။ ။

သူတို့လာချေပြီ . . .

ဒေါက်တာမောင်မောင်သိမ်း

သတ္တဝါအနန္တသည် အောင်မြင်မှုကိုလိုလားသည်ဟု မြတ်ဘုရားဟောကြားခဲ့သည်။ သတ္တဝါအားလုံးတွင် လူသတ္တဝါသည် အောင်မြင်မှုကိုအလိုလားဆုံးဖြစ်၏။ လူသတ္တဝါတို့၏ အပေါင်းအစည်းဖြစ်သော လူ့အဖွဲ့အစည်း၊ ကုမ္ပဏီစသည်တို့သည်လည်း အောင်မြင်မှုကိုလိုလားကြကုန်၏။ အောင်မြင်မှုရရန် နည်းလမ်းအစုံစုံဖြင့် ကြိုးစားကြကုန်၏။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးစသည့် နယ်ပယ်အသီးသီးတွင် အောင်မြင်မှုရရှိရန် ကြိုးစားကြသည်။ ကြိုးစားသည့်အလျောက် အောင်မြင်သူ၊ အောင်မြင်သောအဖွဲ့အစည်းများရှိသကဲ့သို့ မအောင်မြင်သူ၊ မအောင်မြင်သော အဖွဲ့အစည်းများလည်းရှိကြသည်။

မည်သည့်ကိစ္စပဲလုပ်လုပ် လူနှင့်ပတ်ဝန်းကျင်ကို ရင်ဆိုင်ရသည်သာဖြစ်သည်။ လူဆိုသည်မှာ မိမိ(ကာယကံရှင်) ဟုသတ်မှတ်လျှင် လူနှင့်ပတ်ဝန်းကျင်ကို မိမိနှင့်ပတ်ဝန်းကျင်ဟု ရည်ညွှန်းနိုင်မည်ဖြစ်သည်။ ပတ်ဝန်းကျင်ဆိုသည်မှာမူ လူတစ်ဦး၏ထိတွေ့ဆက်ဆံနေရသည့် သက်ရှိ သက်မဲ့ဩကာသလောကကြီးဖြစ်သည်။ အောင်မြင်ရသည်မှာ “မိမိနှင့်ပတ်ဝန်းကျင်”ကြောင့်ဖြစ်သလို မအောင်မြင်ရသည်မှာလည်း “မိမိနှင့်ပတ်ဝန်းကျင်”ကြောင့်ပင်ဖြစ်သည်။ မိမိမကြိုးစားလျှင် သို့မဟုတ် ကြိုးစားမှုရှိသော်လည်း ထိုကြိုးစားမှုက မလုံလောက်လျှင်၊ မထိရောက်လျှင် အောင်မြင်မှုမရနိုင်ပေ။ ထို့အတူ မိမိကြိုးစားသော်လည်း၊ မိမိကြိုးစားမှုသည် လုံလုံလောက်လောက်၊ ထိထိရောက်ရောက်ရှိသော်လည်း “ပတ်ဝန်းကျင်”က မျက်နှာသာမပေးလျှင် အောင်မြင်မှုမရနိုင်ပေ။ ပတ်ဝန်းကျင်တွင် အောင်မြင်မှုကို အနှောင့်အယှက်ပေးတတ်သော ပျက်သုဉ်းရေး တရားငါးပါးရှိသည်။ ထိုပျက်သုဉ်းရေးတရားငါးပါးတွင် နှစ်ပါးသည် သဘာဝတရားနှင့်ဆိုင်၍ ကျန်သုံးပါးသည် လူနှင့်ဆိုင်သည်။ မည်မျှပင်ကြိုးစားတည်ဆောက်သည်ဖြစ်ပါစေ ရေကြီးလျှင် ပျက်စီးကုန်မည်ဖြစ်သကဲ့သို့ မီးလောင်လျှင်လည်းပျက်စီးမည်သာဖြစ်သည်။ မုန်တိုင်းတိုက်၊ ငလျင်လှုပ်၊ မိုးကြိုးပစ်ပါကလည်း ပျက်စီးမည်ဖြစ်သည်။မည်မျှပင်ကြိုးစားရှာထားသည်ဖြစ်စေ အုပ်ချုပ်သောမင်းတို့က သိမ်းယူလျှင် “ပြောင်” သွားမည်ဖြစ်သကဲ့သို့ သူခိုး၊ ဓားပြတို့ကြောင့်လည်း “ပြောင်” သွားနိုင်ပေသည်။ မချစ်မနှစ်သက်သူက ဖျက်ဆီးလျှင်၊ လက်ထောက်ချလျှင်လည်း ပျက်စီးဆုံးရှုံးမှုဖြစ်ပေမည်။

အောင်မြင်မှုရလိုသူသည် “မိမိ” နှင့်ပတ်သက်၍ အားနည်းချက်ကင်းအောင်၊ ပြည့်စုံအောင် ကြိုးပမ်းရုံဖြင့် မပြီးသေး။ ပတ်ဝန်းကျင်ရှိ “ပျက်သုဉ်းရေးတရားငါးပါး” ကိုလည်း ကာကွယ်နိုင်မှဖြစ်ပေမည်။“ပျက်သုဉ်းရေးတရားငါးပါး”ကြောင့် မပျက်သုဉ်းရေးအတွက် လွန်ခဲ့သည့်နှစ်ပေါင်း ၅၀၀၀ ကာလကပင် တီထွင်ကြံဆခဲ့ကြသည်။ ထိုတီထွင်ကြံဆမှု၏ ရလဒ်အနေဖြင့် ယနေ့အသုံးတည့်ခေတ်စားနေသည့် Risk Management ပညာရပ်၏အစဟုခေါ်နိုင်သည့် အာမခံလုပ်ငန်း၏ ပထမသဘောတရားကို ရှာဖွေတွေ့ရှိခဲ့ပေသည်။ အာမခံလုပ်ငန်းသည် ပျက်သုဉ်းရေးတရားငါးပါးကို တားဆီးကျော်လွှန်၍ ဘေးကင်းရာ ချမ်းသာရာ (မဆင်းရဲရာ)ကို ဆောင်ကြဉ်းပေးသည်။

နေဥစ္စာကို ကာကွယ်ပေးသည်။ သို့အတွက် အာမခံလုပ်ငန်းကို စီးပွားရေး၏ ကိုယ်ရံတော်တပ်မှူးကြီး “Centurion of Economy”၊ နေဥစ္စာ၏

လူနှင့် ပတ်ဝန်းကျင်





ကိုယ်ရံတော်တပ်မှူးကြီး (Centurion of Wealth) ဟု တင်စားခေါ်ဝေါ်ခဲ့ကြသည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင်ဖြစ်စေ၊ လူတစ်ဦးချင်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင်ဖြစ်စေ ပျက်သုဉ်းရေးတရားငါးပါးကို အကာအကွယ်ပေးနိုင်သော “အာမခံ” မရှိလျှင်မဖြစ်ပေ။ အထူးသဖြင့် ၂၁ ရာစုအတွင်း၌ ထိုစကားသည် ပိုပြီးမှန်ကန်သည်ဟုဆိုရမည်။ အကြောင်းကား ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ဖြစ်သည်။ အာမခံလောကတွင် ရာသီဥတုဖောက်ပြန်မှုကို စကားလုံးလှလှသုံးသည်။ adversed weather ဟူ၍ဖြစ်သည်။ ထို adversed weather ကြောင့် ပေါ်ပေါက်သော သဘာဝဘေးအန္တရာယ်ကြီးများကို catastrophe ဟု အာမခံလောကတွင် ခေါ်ဝေါ်သည်။ သုတေသနပြုချက်များအရ အဆိုပါသဘာဝဘေးအန္တရာယ်ကြီးများသည် လွန်ခဲ့သည့် နှစ် ၂၀ အတွင်း ပိုမိုပြင်းထန်လာသကဲ့သို့ အကြိမ်ရေလည်း များလာသည်။ ၂၁ ရာစု၏ ပထမဆယ်စုနှစ်အထိ ရာသီဥတုကြောင့် ပေါ်ပေါက်သောသဘာဝဘေးအန္တရာယ်ကြီးများ အဆိုးရွားဆုံးကျရောက်သောနှစ်မှာ ၂၀၀၈ ဟု အာမခံလောကက မှတ်သားထားသည်။ ယင်း ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ တစ်သက်တစ်ခါကြုံခဲလောက်အောင် ပြင်းထန်လှသော ဆိုင်ကလုန်းနာဂစ်ဝင်ရောက်ခဲ့သည်။ ထို ၂၀၀၈ တွင် ဆိုင်ကလုန်းနာဂစ် အပါအဝင် သဘာဝဘေးအန္တရာယ်ကြီးပေါင်း ၁၃၇ ခု ပေါ်ပေါက်ခဲ့သည်။ အာရှတိုက်တစ်ခုတည်းတွင်ပင်လျှင် လူပေါင်းနှစ်သိန်းသုံးသောင်းကျော် သေဆုံးခဲ့ရသည်။ ကမ္ဘာတစ်ဝန်း အမေရိကန်ဒေါ်လာဘီလီယံ ၂၅၀ ကျော် ဆုံးရှုံးခဲ့ရသည်။ ထိုဆုံးရှုံးမှုများတွင် အာမခံထားသူများမှာ မိမိဆုံးရှုံးမှု ပြန်လည်ထူထောင်ရေးကို အချိန်တိုအတွင်း လုပ်နိုင်ခဲ့ကြသည်။ သို့သော် အာမခံသည် စီးပွားနေဥစ္စာ ကာကွယ်စောင့်ရှောက်မှုအတွက် မရှိမဖြစ်ဖြစ်ပေသည်။

၂၀၀၈		
ဖြစ်ပွားခဲ့သည့်အကြိမ်ပေါင်း	လူ့အသက်ဆုံးရှုံးမှု	စီးပွားရေးဆုံးရှုံးမှု
၁၃၇	၂၃၅၀၀၀	အမေရိကန်ဒေါ်လာ ၂၅၈ ဘီလီယံ

တိုးတက်သောနိုင်ငံကြီးများတွင် အာမခံလုပ်ငန်းသည်လည်း တိုးတက်ထွန်းကားသည်။ အပြန်အလှန်အားဖြင့် အာမခံလုပ်ငန်းတိုးတက်ထွန်းကားမှုကိုကြည့်၍ နိုင်ငံစီးပွားတိုးတက်မှုကို ပြောနိုင်သည်။ သို့အတွက် အာမခံလုပ်ငန်းသည် စီးပွားရေးတိုးတက်မှုကို ပြသသော indicator index များအနက် တစ်ခုဖြစ်ပေသည်။

ယနေ့မြန်မာနိုင်ငံတော်သစ်တွင် စီးပွားရေးတိုးတက်မှုတွေ ရှိလာသည်။ နေဥစ္စာတိုးတက်မှုတွေရှိလာသည်။ နိုင်ငံတော်သစ်သည် ကြီးပွားချမ်းသာ၊ နေဥစ္စာခိုင်မြဲစေမည့် လမ်းပေါ်လျှောက်နေသည်။ သို့အတွက် လက်ရှိစီးပွားနေကို လည်းကောင်း၊ နောင်တွင်ဖြစ်လာမည့် နေဥစ္စာကိုလည်းကောင်း ကာကွယ်စောင့်ရှောက်နိုင်ရန် ကိုယ်ရံတော်တပ်မှူးကြီးတို့ လိုအပ်လာသည်။ ကိုယ်ရံတော်တပ်မှူးကြီးများနှင့်တူသော အာမခံကုမ္ပဏီတို့လိုအပ်လာသည်။ နိုင်ငံတော်တွင်ရှိသည့် တစ်ခုတည်းသောအာမခံကုမ္ပဏီဖြင့် မလုံလောက်တော့။ ငါးများသည်ကြီးလာပြီဖြစ်ရာ ရေအိုင်ကျယ်ကျယ်ဖန်တီးပေးရန် လိုအပ်လာတော့သည်။ သို့နှင့် ပုဂ္ဂလိကအာမခံကုမ္ပဏီတို့ဖွင့်လှစ်ရန် စတင်လုပ်ဆောင်ခဲ့သည်။ ဈေးကွက်စီးပွားရေးစနစ်၏ အင်္ဂါရပ်တစ်ခုမှာ ပုဂ္ဂလိကအာမခံကုမ္ပဏီများဖြစ်ရာ မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ်စတင်ခဲ့သည့် ၁၉၈၉ တစ်ဝိုက်မှစတင်၍ ပုဂ္ဂလိက အာမခံကုမ္ပဏီများ ပေါ်ပေါက်ရန်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က မြန်မာ့အာမခံ ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်သူ ဦးဘထွန်းက စတင်ခဲ့သည်။ အကြောင်းကြောင်းကြောင့် အကောင်အထည်မဖော်ခဲ့ရသော အိပ်မက်သည် နိုင်ငံတော်သစ်တွင်မူ အကောင်အထည်ပေါ်လာသည်။ ၂၀၁၂ တွင် ပုဂ္ဂလိကအာမခံကုမ္ပဏီ ၁၂ ခုကို ရွေးချယ်၍ပြင်ဆင်စေခဲ့သည်။ ယခုထိ ပုဂ္ဂလိက အာမခံကုမ္ပဏီလေးခုတို့ ရုံးဖွင့်လှစ်ဆောင်ရွက်နိုင်ကြပြီကို မုဒိတာပွားဖွယ်၊ ပီတိဖြစ်ဖွယ်တွေ့နေရသည်။ ယင်းတို့သည် နိုင်ငံတော်သစ်၏ နေဥစ္စာကို စောင့်ရှောက်နေကြပြီ။ နိုင်ငံတော်သစ်၏ ဘဏ္ဍာရေးပြောင်းလဲမှုများတွင် မြင်သာထင်သာရှိသော ပြောင်းလဲမှုကြီးအဖြစ် တခမ်းတနားရပ်တည်နေသည်။ အာမခံသဘောတရားကို လူထုနှင့်နီးစပ်အောင်၊ လူထုတွင်းပျံ့နှံ့အောင် အားသွန်ခွန်စိုက်ဆောင်ရွက်နေကြပြီ။ ယင်းတို့၏ ရုံးခန်းအဆင်အပြင်၊ အိုင်တီသုံးပုံတို့သည် နိုင်ငံတကာနှင့် ယှဉ်နိုင်သည်။ ရက်သားမျှသာရှိလင့်ကစား ရဲစွမ်းသတ္တိအပြည့်၊ ယုံကြည်ချက်အပြည့်ဖြစ်နေကြသည်။ အနာဂတ်မြန်မာနိုင်ငံအတွက် အားတက်ဖွယ် အားမာန်အပြည့်ဖြင့်။

ကမ္ဘာလိပ်ကြီးများသည် ကမ္ဘာ့အသက်ရှည်ဆုံးသတ္တဝါများ ဖြစ်ကြသည်။ ကမ္ဘာ့အသက်အကြီးဆုံး ကမ္ဘာလိပ်ကြီးသည် အသက် ၁၀၀ ကျော်တွင် ဆုံးသွားခဲ့သည်။အာမခံကုမ္ပဏီများသည် ကမ္ဘာ့အသက်ရှည်ဆုံး ကမ္ဘာလိပ်ကြီးတို့ထက် အသက်ရှည်ကြသည်။ အသက် ၂၀၀ ကျော်ရှည်ကြသည်။ အင်္ဂလန်နိုင်ငံရှိ Lioyd's လွိုက်စ်သည် ၁၇ ရာစုတွင်စခဲ့သည်။ နှစ်ပေါင်း ၃၀၀ ကျော်ရှိပြီ။ ဂျပန်ရှိအာမခံကုမ္ပဏီကြီးတို့သည် ၁၈ရာစုတွင်စခဲ့သည်။ နှစ်ပေါင်း ၂၀၀ ကျော်ရှိပြီ။ သန်မာဆဲ၊ လှုပ်ရှားဆဲ (still going strong)။ ကမ္ဘာလိပ်ကြီးတို့ အသက်ရှည်ရခြင်းတွင် ယင်းတို့၏မျိုးရိုးဗီဇကြောင့်ဖြစ်သကဲ့သို့ ဖြည်းဖြည်းမှန်မှန်သွားတတ်မှုကြောင့်လည်း ဖြစ်သည်။

အာမခံကုမ္ပဏီများသည် ကမ္ဘာလိပ်ကြီးများကဲ့သို့ ဖြည်းဖြည်းမှန်မှန်သွားရန် အရေးကြီးသည်။ ကမ္ဘာလိပ်ကြီးများ အသက်ရှည်ရခြင်းတွင် ယင်းတို့၏ ကျောကုန်းထက်မှ လိပ်ခွံမာကြီးကြောင့်လည်းဖြစ်သည်။ ယင်းလိပ်ခွံမာကြီးသည် သံချပ်အင်္ကျီကဲ့သို့၊ ဒိုင်းကဲ့သို့ အန္တရာယ်ကို အကာအကွယ်ပေးသည်။ အာမခံကုမ္ပဏီများသည်လည်း သံချပ်အင်္ကျီ သို့မဟုတ် ဒိုင်း လိုသည်။ အာမခံကုမ္ပဏီများ၏ သံချပ်အင်္ကျီ သို့မဟုတ် ဒိုင်းမှာ တစ်ဆင့်အာမခံ (Reinsurance) ဖြစ်သည်။ သို့အတွက် အာမခံကုမ္ပဏီများသည် တစ်ဆင့်အာမခံအစီအစဉ်ကောင်းများ ရှိရန်လိုအပ်သည်။ ကမ္ဘာလိပ်ကြီးများသည် ကိုယ့်ဘက်ကိုယက်၍ သွားတတ်ကြသည်။ အာမခံကုမ္ပဏီများသည်လည်း ကိုယ်နှင့်ကိုယ့်ထံအာမခံထားသူများဘက်ကို ယက်ကြမှသာ ယုံကြည်မှုတည်ဆောက်နိုင်မည်ဖြစ်သည်။ ယုံကြည်မှုတည်ဆောက်နိုင်မှသာ အောင်မြင်မည်ဖြစ်သည်။

နိုင်ငံတော်သစ်၏ ဘဏ္ဍာရေးမျက်နှာစာတွင် မားမားမတ်မတ်ပေါ်ထွန်းလာကြပြီဖြစ်သော အာမခံကုမ္ပဏီတို့သည် ကမ္ဘာလိပ်ကြီးများကဲ့သို့ ကျင့်ကြံ၍ ကမ္ဘာလိပ်ကြီးများထက် အသက်ရာကျော်ရှည်စေကြောင်းနှင့် နိုင်ငံတော်နှင့်ပြည်သူတို့လိုအပ်နေသည့် ကျန်းမာရေးအာမခံ၊ ချေးငွေအာမခံ (credit guarantee)၊ စိုက်ပျိုးရေးအာမခံ စသည်တို့ကို ဖြည်းဖြည်းမှန်မှန် လုပ်ဆောင်ပေးနိုင်စေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

“သူတို့လာချေပြီ”. . .။

ပြည်တွင်းရေးရာ

ဗြိတိန်နိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဩဂုတ် ၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ဇူလိုင် ၂၉ ရက်မှစ၍ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ *H.E.Mr. John Bercow* ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။

ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံရုံး၊ လွှတ်တော်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

○ **တောင်သူလယ်သမားများမှ**

ရင်းနှီးမြှုပ်နှံနိုင်မည့် နိုင်ငံများကို ဖိတ်ခေါ်၍ လက်တွေ့အကောင်အထည်ဖော်ပေးမည့် အခွင့်အလမ်းများရှိကြောင်း။

ပထမအဆင့်အနေဖြင့် မြင်းခြံမြို့အနီး ရန္တပိုရွာ၌ ဧရာဝတီမြစ်ကို တာတည်ဆောက်၍ လျှပ်စစ်ထုတ်လွှတ်ကာ ဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော်ရန်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ဘယ်လ်ဂျီယံနိုင်ငံ ရေအရင်းအမြစ်ဝန်ကြီးနှင့် ပညာရှင်များ ဖိတ်ခေါ်ဆောင်ရွက်ရန် အကြံအင်ဂျင်နီယာမြေပြင်အား ကွင်းဆင်းတိုင်းတာခြင်း လုပ်ငန်းများကို ဆောင်ရွက်နေကြောင်း၊ ထိုလုပ်ငန်းအကောင်အထည်ဖော်ပြီးသည်နှင့် ချင်းတွင်းမြစ်ရေကို ထိထိရောက်ရောက် အကျိုးရှိစွာ အသုံးချနိုင်ရန် ဒေသတွင်း၌ ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ ဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြင်းမူမြို့နယ် ပျော့ရွာ မြစ်ရေတင်စီမံကိန်း၌ တစ်ဆက်တစ်စပ်တည်း လယ်ယာမြေ ၂၇၇ ဧကတွင် ပုလဲသွယ်စပ်မျိုးစပါးများ ဝါဝင်းရင့်မှည့်လျက် ရိတ်သိမ်းရန်အသင့်ဖြစ်နေမှုကို ကြည့်ရှုအားပေးကြပြီး တောင်သူများ၏ တောင်းဆိုချက်အရ ရိတ်သိမ်းခြွေလှေ့စက်ကြီးများနှင့် တလင်းပျောက်စနစ်ဖြင့် ရိတ်သိမ်းနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် စစ်ကိုင်းမြို့နှင့် မန္တလေးမြို့ကြား စက်မှုဇုန်၌ လှည်းယာဉ်ကုမ္ပဏီမှ တစ်နေ့တန်ချိန် တစ်သိန်းငါးသောင်း ထုတ်လုပ်နေသော N.P.K ကွန်ပေါင်းဓာတ်မြေဩဇာစက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်း ထုတ်လုပ်ပြီး ဓာတ်မြေဩဇာများ အသင့်ဖြန့်ဖြူးရန် ပြင်ဆင်ထားရှိမှု၊ ကုန်ကြမ်းပစ္စည်းများ၊ သဘာဝမြေဆီများနှင့် စက်လည်ပတ်မှုများကို ကြည့်ရှုကြသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် စက်မှုကုန်ကြမ်းသီးနှံ အမယ်ဖြစ်သော အစေ့ထုတ်ပြောင်း တစ်ဆက်တစ်စပ်တည်း ဧက ၃၀၀ စိုက်ခင်း၊ တစ်ဆက်တစ်စပ်တည်း ကြံသီးနှံစိုက်ခင်းများ၊ တစ်ဆက်တစ်စပ်တည်း နေကြာသီးနှံ ဧက ၁၀၀ စိုက်ခင်း၊ တစ်ဆက်တစ်စပ်တည်း မြေပဲသီးနှံစိုက်ခင်း၊ တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်းများကို ကွင်းဆင်းစစ်ဆေးကြည့်ရှုသည်။

သပြေပင်ကျေးရွာအနီးရှိ မျိုးသန့်မျိုးပွား ကြံစိုက်ခင်း၌ ခုနစ်လသားသက်တမ်းရှိ ကြံစိုက်ခင်းသည် အမြင့်ရှစ်ပေအထက်နှင့် လုံးပတ်စံချိန်စံညွှန်းပြည့်မီပြီး တစ်ဧကတန် ၆၀ ခန့် ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ထန်းတပင်မြို့နယ် လှည်းဆိပ်-ကြာအင်း လမ်းဖောက်လုပ်ရေးအတွက် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၄

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် လှည်းဆိပ်မနောဟရီကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလ (ဓမ္မာစရိယ)၏ ဩဝါဒခံယူပြီး စေတနာရှင်အလှူရှင်ကျေးရွာသူ ကျေးရွာသားများက လှည်းဆိပ်-ကြာအင်းလမ်း ဖောက်လုပ်နိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါမြို့နယ် ရေပေါ်သောင်ကားလမ်း လှည်းဆိပ်လမ်းဆုံရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ လှည်းဆိပ်မနောဟရီကျောင်းတိုက် ပဓာနနာယကဆရာတော်က ဩဝါဒကထာမြွက်ကြားသည်။

ယင်းနောက် လှည်းဆိပ်-ကြာအင်းလမ်း ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလေးမြင့်က အလှူငွေရရှိမှုများကို ရှင်းလင်းလျှောက်ထားပြီး ထန်းတပင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးတိုင်းရကာ ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက် အလှူရှင် ကျေးရွာသူ ကျေးရွာသားများ၊ စေတနာရှင်များက လှည်းဆိပ်-ကြာအင်းလမ်း ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌထံ အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ **(အပေါ်ပုံ)**

လှည်းဆိပ်-ကြာအင်းလမ်းသည် မျက်နှာပြင် ၂၄ ပေ အကျယ် တာမြေသားလမ်းဖြစ်သည်။ အဆိုပါမြေသားပေါ်တွင် မော်တော်ယာဉ်မောင်းနှင်နိုင်ရန် ဝါ၊ ယာတို့၌ သုံးပေစီအကျယ် ကွန်ကရစ်လမ်းအဖြစ် ခင်းကျင်းဖောက်လုပ်မည်ဖြစ်သည်။ လမ်းအရှည် သုံးမိုင်ရှိပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ဆရာတော် ဘဒ္ဒန္တကုသလ (ဓမ္မာစရိယ) ဦးဆောင်မှုဖြင့် ကျေးရွာသူကျေးရွာသား အလှူရှင်များ စုပေါင်းလှူဒါန်းငွေဖြင့် အဆိုပါလမ်းကို ပြုပြင်ဆောင်ရွက်ခဲ့ရာ တစ်မိုင်သာ ကွန်ကရစ်ခင်းပြီးစီးခဲ့သည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ငွေကျပ် သိန်း ၁၀၀ နှင့် ဘိလပ်မြေ အိတ် ၃၀၀၀ ပံ့ပိုးကူညီမှုကြောင့် ခြောက်ဖာလုံကျော် ပြီးစီးခဲ့သည်။ ကျန်ရှိနေသေးသော တစ်မိုင် လေးဖာလုံကို ကွန်ကရစ်လမ်းဆက်လက်ခင်းရန် အလှူရှင်များက ငွေကျပ်သိန်း ၈၀ ကျော်ကို ယနေ့ထပ်မံလှူဒါန်းခြင်းဖြစ်သည်။ **(သတင်းစဉ်)**

ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာနှင့် အဝတ်အထည်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၄

ရေဘေးသင့် ပြည်သူများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ/စစ်သည်၊ မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်တို့မှ ပေးပို့လှူဒါန်းသော ဆန်၊ ဆီနှင့်လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များကို အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ဩဂုတ် ၃ ရက်တွင် ဘားအံမြို့၌ ဖွင့်လှစ်ထားရှိသော ရေဘေးကယ်ဆယ်ရေးစခန်း၊ လှာကာကျေးရွာ ဘုန်းတော်ကြီးကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းနှင့် မွန်ပြည်နယ် ကျိုက်မရောမြို့ ရေဘေးကယ်ဆယ်ရေးစခန်းတို့သို့ သွားရောက်၍ ပေးအပ်လှူဒါန်းပြီး **(အပေါ်ပုံ)** ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားကာ နယ်မြေခံဆေးတပ်ဖွဲ့များ၏ ကျန်းမာရေး စောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၅-၈-၂၀၁၃ (တနင်္လာနေ့)

[၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁၄)ရက်၊ အဖိတ်နေ့]

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၄၅	ဘုတလင်မြို့ ကြောင်ပန်းတောရ “ကျေးဇူးရှင်ပထမဆရာတော် အရှင်ကုန္ဒက၏ တစ်ဘဝသာသနာ ထေရုပ္ပတ္တိဖြစ်စဉ်”
၁၂း၂၅	ဆေးရောင်စုံရုပ်ရှင် “ငြိုးမာန်ဖွဲ့ စိမ်းရက်လေသလား” (ကျော်ဟိန်း၊ မေသန်းနု) (ဒါရိုက်တာ- စင်ရော်မောင်မောင်)
၃း၃၅	“မနီတို့၏ရွာနှင့်မြစ်”
၄း၂၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၈း၀၀	ပြည်တွင်းသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသ သတင်း
၈း၃၅	ပြည်သူတို့ရဲ့စကားသံများ
၈း၄၅	“ပြည်သူ့အတွက်ကြိုးပမ်းမှု ပုံရိပ်များ”
၉း၀၀	“မြန်မာ့လက်မှုအနုပညာသီရိ မြန်မာကြေးပန်းထိမ်လက်ရာ” - အိန္ဒိယရုပ်ရှင် “ချစ်တတ်သူရဲ့ စစ်သားကောင်းကင်” (ဇာတ်သိမ်း)

ကျိုင်းတုံမြို့တွင် ရေကြီးရေလျှံသောနေရာများအား ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်



နေပြည်တော် ဩဂုတ် ၄

ကျိုင်းတုံမြို့ပေါ် ရပ်ကွက်များအတွင်း ဩဂုတ် ၃ ရက်နှင့် ၄ ရက်တို့တွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် အမှတ်(၂) ရပ်ကွက်ရှိ လမ်းများနှင့် ကျိုင်းတုံ-လွယ်မွေသွား ကားလမ်းပေါ်တွင် ရေမြောင်းများပိတ်ဆို့၍ ရေလျှံလျက်ရှိသဖြင့် ယနေ့နံနက်ပိုင်းတွင် တပ်မတော်သားများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ယန္တရားများဖြင့် ရေမြောင်းပိတ်ဆို့သော နေရာများကို ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ ပြန်လည်တူးဖော်ခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။ **(ဝဲပုံ)**

အဆိုပါ ရေကြီးရေလျှံလျက်ရှိသော နေရာများတွင် လုပ်အားပေးဆောင်ရွက်နေမှုများကို တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သန်းထွန်းဦးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ဥတုရာသီ တောက်ကိုမှီ၏

၄ - ၈ - ၂၀၁၃ ရက်နေ့ ဥပဒေရေးရာ စကားဝိုင်း
နိုင်ငံတစ်နိုင်ငံအတွက် တရားစီရင်ရေးသည် အရေးကြီး

ယနေ့ကဲ့သို့ ဒီမိုကရေစီခေတ်ပြောင်းကာလ၌ အလွန်အရေးပါပြီး ခေတ်စားနေသည့် စကားလုံးတစ်ခုမှာ Rule of Law (တရားဥပဒေစိုးမိုးရေး)ပင်ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်လာလျှင် ပြည်သူအားလုံးသည် အဓိကကျသော အခြေခံဥပဒေနှင့်တကွ တည်ဆဲဥပဒေများ၊ ပြုစုရေးဆွဲနေဆဲ ဥပဒေကြမ်းများကို သိရှိလိုက်နာရန် အရေးကြီးပါသည်။ ထို့ကြောင့် ဥပဒေရေးရာနှင့်ပတ်သက်ပြီး ပြည်သူများ ဗဟုသုတရရှိနိုင်ရန် ရည်ရွယ်၍ မြန်မာ့ရုပ်မြင်သံကြားမှ ဥပဒေရေးရာစကားဝိုင်းအစီအစဉ်သစ်ကို ဥပဒေရေးရာတွင် ကျွမ်းကျင်ကြသော ပုဂ္ဂိုလ်များအားဖိတ်ကြားပြီး စီစဉ်တင်ဆက်နေသည်။

ဩဂုတ်လ ၄ ရက်နေ့က ဥပဒေရေးရာစကားဝိုင်းအစီအစဉ်တွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ဥပဒေရေးရာ ကျွမ်းကျင်သူများမှာ ဦးသန်းအောင်၊ ဦးမင်းကြိုင်၊ ဦးစန်းဝင်း၊ ဦးမျိုးညွန့်နှင့် ဦးသန့်ဇင်တို့ဖြစ်ပါသည်။ ၎င်းတို့သည် ဥပဒေရေးရာတွင် ကျွမ်းကျင်နှံ့စပ်ပြီး နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသူများဖြစ်ကြရာ ၎င်းတို့၏ တင်ပြဆွေးနွေးခဲ့သည်များကို သတင်းစာဖတ်ပရိသတ်များ ဗဟုသုတရရှိစေရန် ပြုစုတင်ပြလိုက်ရပါသည်-

ဦးသန်းအောင်
(ဥပဒေပညာရှင်)

ပြည်သူအားလုံးသည် အဓိကကျသော အခြေခံဥပဒေနှင့်တကွ တည်ဆဲဥပဒေများ၊ ပြုစုရေးဆွဲနေဆဲ ဥပဒေကြမ်းများကို သိရှိလိုက်နာရန် အရေးကြီး

ဦးဆောင်ဆွေးနွေးသူ - ဦးသန်းအောင် (ဥပဒေပညာရှင်)

"ဒီကနေ့ ဥပဒေရေးရာစကားဝိုင်းမှာ ပွဲဦးထွက်အနေနဲ့ တင်ပြဆွေးနွေးချင်တဲ့ အကြောင်းအရာကတော့ ဥပဒေရေးရာအဖြာဖြာ" ပဲဖြစ်ပါတယ်။ ဒီအကြောင်းအရာကို ဆွေးနွေးဖို့ ရွေးချယ်ရတာကတော့ ဥပဒေမှာ ဆိုရိုးစကားတစ်ခုရှိပါတယ်။ "Ignorance of Law is no excuse" Latin လို Ignorantia Juris non excusat (ဥပဒေကို မသိပါဆိုရုံနဲ့ ကင်းလွတ်ခွင့်မရနိုင်) ဆိုတဲ့စကားပါ။ နိုင်ငံမှာ ပြဋ္ဌာန်းလိုက်သမျှ ဥပဒေတွေကို နိုင်ငံမှာနေထိုင်တဲ့ ပြည်သူအားလုံး သိရှိပြီးဖြစ်တယ်လို့ ဥပဒေအရ မှတ်ယူပါတယ်။ ပြည်သူအားလုံးဆိုရာမှာလည်း ဥပဒေပြုသူတွေရော အုပ်ချုပ်သူတွေပါ အားလုံးအကျုံးဝင်ပါတယ်။ အဲဒီတော့ ပြည်သူတွေအနေနဲ့ ပြဋ္ဌာန်းလိုက်သမျှ ဥပဒေတွေကို သိရှိနားလည်ထားဖို့တော့ လိုပါတယ်။ ဒါမှလည်း ဥပဒေမှာပါတဲ့ လိုက်နာရမယ့် အချက်တွေကို လေးစားလိုက်နာကြပြီး တားမြစ်ထားတဲ့အချက်တွေကို ရှောင်ကြဉ်ကြမှာဖြစ်ပါတယ်။ အဲဒီအခါ Rule of Law ဆိုတဲ့ တရားဥပဒေစိုးမိုးရေးဟာ သက်ဝင်လှုပ်ရှားလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီစကားဝိုင်းမှာ ဆွေးနွေးမယ်ဆိုရင် စိတ်ဝင်စားဖို့ကောင်းမယ်လို့ ထင်မိတဲ့အတွက် ဒီအကြောင်းအရာကို ရွေးချယ်ရခြင်းဖြစ်ပါတယ်။

ပထမဆုံး ကျွန်တော်ဖော်ထုတ်ဆွေးနွေးချင်တဲ့ အချက်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်လို့ပဲဖြစ်ပါတယ်။ နိုင်ငံတိုင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာဟာ ဥပဒေအားလုံးရဲ့ အခြေခံဖြစ်တဲ့အပြင် ဥပဒေအားလုံးရဲ့ အထွတ်အထိပ်လည်းဖြစ်ပါတယ်။ တည်ဆဲဥပဒေအားလုံးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်ရမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး မိတ်ဆွေကြီး ဦးမင်းကြိုင်က ရှင်းလင်းပြောပြပေးစေချင်ပါတယ်။ ဦးမင်းကြိုင်ကတော့ ရှေ့နေချုပ်ရုံးမှာလည်း ညွှန်ကြားရေးမှူးလုပ်ခဲ့တဲ့အပြင် တိုင်းဥပဒေအရာရှိအဖြစ် ၃၅ နှစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါတယ်"

ဦးမင်းကြိုင် (ဥပဒေပညာရှင်)

"ဦးသန်းအောင်ပြောတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်လို့ ကျွန်တော်တို့ရဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၉ မှာ "ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်"လို့ ဆိုထားပြီး ပုဒ်မ ၄၄၆ မှာတော့ "တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်"လို့ ဆိုထားတာ တွေ့ရပါတယ်။ အဲဒီတော့ ဒီပုဒ်မပါ ပြဋ္ဌာန်းချက်တွေအရ ဥပဒေတွေကို ပြဋ္ဌာန်းရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိကအလေးထားပြီး မဆန့်ကျင်အောင် သတိပြုရေးဆွဲဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲဒီလို ရေးသားရာမှာလည်း ရှေးထုံးလည်းမပယ်နဲ့၊ ဈေးသုံးလည်း မလွယ်နဲ့ ဆိုသလို ရေးထုံးကိုလည်း ဂရုပြုဖို့တော့ လိုပါတယ်။"

ဦးသန်းအောင်

"ဦးမင်းကြိုင်ပြောတာ မှန်တာပေါ့။ ဥပဒေမှာ အရေးအသားဟာ အရေးကြီးပါတယ်။ အရေးအသား မရှင်းလင်းရင် အဓိပ္ပာယ်ကောက်မှုတွေ လွဲမှားပြီး အငြင်းပွားမှုတွေ ဖြစ်နိုင်ပါတယ်။ ဒါ့အပြင် Cosistency လို့ခေါ်တဲ့ ရှေ့နောက်ညီညွတ်ဖို့လည်း လိုပါတယ်။ နောက်ပြီးတော့ Spirit of Law ဆိုတဲ့ ဥပဒေရဲ့ အနှစ်သာရကိုလည်း ပေါ်လွင်တိကျအောင်လည်း ရေးသားဖို့လိုပါတယ်"

ဦးမင်းကြိုင်

"ဥပဒေတွေ ပြဋ္ဌာန်းရာမှာ Political will ရှိဖို့လိုပါတယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ Political will ချင်း မတူပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ Political will ဟာ Good Governance နဲ့ Clean Government ဖြစ်ပါတယ်။ အဲဒါနဲ့ ကိုက်ညီအောင် ပြဋ္ဌာန်းကြဖို့ လိုမှာဖြစ်ပါတယ်။ ကျွန်တော် ဆက်ဆွေးနွေးချင်တာကတော့ ဥပဒေတွေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုတဲ့ ကိစ္စပဲဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၈ မှာ "နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်" လို့ ဆိုထားတဲ့အပြင် ပုဒ်မ ၄၅၃ မှာ "ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တည်ဆဲစကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကို ကိုးကားရမည်" လို့ ဆိုထားပါတယ်။ ဒါကြောင့် ဒီပြဋ္ဌာန်းချက်တွေကို လိုက်နာပြီး အဓိပ္ပာယ်ဖွင့်ဆိုကြဖို့လိုပါတယ်။"

ဦးသန်းအောင်

"ဦးမင်းကြိုင်ပြောတာ မှန်ပါတယ်။ အင်္ဂလန်က ဥပဒေပညာရှင်တစ်ယောက်က Rule of Law ဆိုတာဟာ ဥပဒေတစ်ခုကိုအဓိပ္ပာယ်ဖွင့်ဆိုရာမှာ မိမိလိုသလိုဆွဲယူမပြောဖို့၊ သတ်မှတ်တဲ့ Boundary အတွင်းက ဖွင့်ဆိုကြဖို့ Lord. Bingham ရေးတဲ့ Rule of Law ဆိုတဲ့စာအုပ်မှာ ရေးသားခဲ့တာ ကျွန်တော်တွေ့ဖူးပါတယ်။ အဲဒီ တင်ပြချက်အရကြည့်ရင် ဥပဒေကိုအဓိပ္ပာယ်ဖွင့်ဆိုတာ လွဲမှားရင် Rule of Law ကိုလည်း ထိခိုက်တယ်ဆိုတဲ့ သဘောတွေ့ရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၈ မှာ "လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဖို့ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့်ဥပဒေများ၏ အကျိုးသက်ရောက်မှုမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

(က) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်သည်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။

(ခ) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်ဆန့်ကျင်နေလျှင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် သက်ဆိုင်ရာတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။

"နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးပြီး အဓိကကျတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်လို့ သိသင့်သိထိုက်တာလေးတွေ ဆွေးနွေးပြီးတဲ့နောက် တရားစီရင်ရေးနဲ့ပတ်သက်တဲ့ အချက်တွေကိုလည်း တိုင်းတရားသူကြီး၊ ညွှန်ကြားရေးမှူးအဖြစ် ၃၆ နှစ် အတွေ့အကြုံရှိတဲ့ ဆရာဦးမျိုးညွန့်က ဆက်ပြီးရှင်းပြပေးနိုင်မလားခင်ဗျ"

ဦးမျိုးညွန့်
(ဥပဒေပညာရှင်)

ဦးမျိုးညွန့်(ဥပဒေပညာရှင်)

"နိုင်ငံတစ်နိုင်ငံမှာ တရားစီရင်ရေးစနစ်ဟာ အရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုတော့ Rule of Law ရှိရန် တရားစီရင်ရေးစနစ်အရ မှန်ကန်မျှတစွာ ဆုံးဖြတ်အကောင်အထည်ဖော်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် တရားစီရင်ရေးနဲ့ပတ်သက်ပြီး ပညာရှင်များကလည်း အသီးသီးဖွင့်ဆိုထားကြတာကို တွေ့ရပါတယ်။

နိုင်ငံတိုင်းရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တရားစီရင်ရေးစနစ်ကို ထည့်သွင်းပြီးပြဋ္ဌာန်းလေ့ရှိပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း တရားစီရင်ရေးကဏ္ဍကို ထည့်သွင်းပြဋ္ဌာန်းထားပြီး ပြဋ္ဌာန်းထားသည့်ဥပဒေနှင့်အညီ တရားစီရင်ရေးစနစ်ကိုလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ ဥပဒေဆိုတဲ့နေရာမှာ ပြဋ္ဌာန်းဥပဒေ၊ ဆင့်ပွားဥပဒေ စသည်ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းထားတာကို တွေ့ရမှာဖြစ်ပါတယ်။

တရားစီရင်တဲ့နေရာမှာ ဗဟုသုတကြွယ်ဝရန် လိုအပ်တဲ့အပြင် ဥပဒေပိုင်းကိုလည်း ကျွမ်းကျင်ရန်လိုအပ်ပါတယ်။ လက်တွေ့ဆန်ဆန် ထိထိရောက်ရောက် လုပ်ကိုင်ဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။

တရားစီရင်ရေးကဏ္ဍမှာ အဓိကပါဝင်ဆောင်ရွက်ကြရသော တရားသူကြီးများ အရည်အချင်းပြည့်ဝဖို့အတွက် လေ့ကျင့်ပညာပေးမှုကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင်ပေးသင့်ပါတယ်။

နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံဥပဒေစနစ်ဖြင့် တူချင်မှတူမှာဖြစ်ပါတယ်။ ဒါပေမယ့် တရားစီရင်ရေးက ဘက်မလိုက်သော၊ မှန်ကန်မျှတသော ဆုံးဖြတ်ချက်များချမှတ်နိုင်ဖို့ လိုအပ်တာကြောင့် တရားစီရင်ရေးမူများ ချမှတ်ထားဖို့ လိုအပ်မှာဖြစ်ပါတယ်။

တရားသူကြီးများအနေနဲ့ သီးသန့်ရှိမနေသင့်ဘဲ Exposure ရှိရန် လိုအပ်ပါတယ်။ ပြည်ပတရားသူကြီးများကိုလည်း သိရှိလေ့လာနေသင့်ပါတယ်။ ဒီနေ့ ကမ္ဘာ့နိုင်ငံအချို့မှာ တရားစီရင်ရေးစနစ်ကို ကွန်ပျူတာစနစ်ကျင့်သုံးလျက်ရှိပြီး screen ကို ကြည့်လိုက်ရုံမျှဖြင့် သက်သေများကို မြင်တွေ့ရပြီး စစ်ဆေးနိုင်သည့် စနစ်ကျင့်သုံးနေကြပြီဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း ရေရှည်တွင် တရားစီရင်ရေးမှာ ခေတ်မီစနစ်ကို ကျင့်သုံးနိုင်ရေးကို ဦးတည်ဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။

စာကြည့်တိုက်ကောင်းများ ရှိခြင်းသည် တ
အထောက်အကူပြုသော အချက်တစ်ရပ် ဖြစ်ပါတယ်။
ခုနှစ်နောက်ပိုင်း တရားရုံးချုပ်မှာ စာအုပ်စာတမ်း ပြည့်စုံ
ကို တည်ထောင်နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒါကြေ
စာကြည့်တိုက်ကောင်းများ တည်ထောင်ပြီး အစဉ်အဆ
သင့်ပါတယ်။

ယနေ့အချိန်အခါမှာ အများပြည်သူက ယုံ
တရားစီရင်ရေးဖြစ်ဖို့ အထူးအလေးအနက် ဆောင်ရွက်
ဆွေးနွေးလိုပါတယ်။

ဦးသန်းအောင်

"ဆက်လက်ပြီးတော့ တရားစီရင်ရေးကဏ္ဍမှ
အထောက်အကူပြုပြီး မှန်ကန်တဲ့ တရားစီရင်ရေးဖြစ်
ပေးနေတဲ့ Officer of the Court ဖြစ်တဲ့ ရှေ့နေ
ပတ်သက်ပြီး သိသင့်တာလေးတွေ သိရအောင် တိုင်
နှစ်ပေါင်းများစွာ အတွေ့အကြုံရှိပြီး ကျွမ်းကျင်နှံ့စပ်တဲ့
များ ဆွေးနွေးပေးနိုင်မလား ခင်ဗျာ"

ဦးသန့်ဇင်(ဥပဒေပညာရှင်)

"ယနေ့တရားရေးနှင့် စပ်ဆိုင်တဲ့ ဥပဒေရေးရာ
ရုံးအဆင့်ဆင့်နဲ့ အခန်းကဏ္ဍပိုင်းကို ဦးမျိုးညွန့်က ဆေ
ဖြစ်ပါတယ်။ ထိုတရားရုံးအဆင့်ဆင့်မှာ လိုက်ပါဆော
များကဏ္ဍကို အကျဉ်းချုံးတင်ပြလိုပါတယ်။ ရှေ့နေ
ရုံးတော်၏ အရာရှိများ Officer of the Court ဖြစ်

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ကဏ္ဍနှင့်စပ်လျဉ်းလို့ H.G.P အထက်တန်းရှေ့နေနှ
ရှေ့နေများရှိပါတယ်။ သတင်းစာကြေညာ အခန်းကဏ္ဍ
မှာပါ။

ဥပဒေဘာသာရပ်နဲ့ ဘွဲ့ရလာတဲ့ ဥပဒေပညာရှင်
ရှေ့နေ ငါးနှစ်အထက်ရှိတဲ့ ဝါရင့်ဥပဒေပညာရှင် တ
တစ်ဦးထံမှာ အလုပ်သင်ရှေ့နေအဖြစ် တစ်နှစ်
သင်ကြားမှု၊ တရားလွှတ်တော်ရှေ့နေ အမှုလိုက်ပါဆော
တရားရုံး၊ ခရိုင်တရားရုံး၊ ပြည်နယ်နှင့် တိုင်းဒေသကြီ
ရှိ အမှုအသီးသီးမှာ လက်တွေ့လိုက်ပါလေ့လာဆ
တယ်။ အနည်းဆုံး တစ်နှစ်တိတိ ထိုကဲ့သို့ လေ့လာ
သင်ကြားမှုပြီးရင် ပြည်ထောင်စုတရားလွှတ်တော်ချ
ရှေ့နေလိုင်စင်ထုတ်ပေးရန် လျှောက်ထားခွင့်ပြုချက်လ
တရားရုံး၊ ခရိုင်တရားရုံး အဆင့်ဆင့်မှာ အထ
အနည်းဆုံး သုံးနှစ်လိုက်ပါဆောင်ရွက်ရပါတယ်။

ဤကဲ့သို့ အထက်တန်းရှေ့နေအဖြစ် အနည်
ဆောင်ရွက်ခဲ့ကြောင်း လိုက်ပါဆောင်ရွက်ခဲ့ရတဲ့ အမှု
တရားရုံးနဲ့ ခရိုင်တရားရုံး တရားသူကြီးတို့ရဲ့ ထော
၁၀ နှစ် လုပ်သက်ရှိတဲ့ တရားလွှတ်တော်ရှေ့နေ နှ
အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်း
တို့နှင့်အတူ တရားလွှတ်တော်ရှေ့နေအဖြစ် အသိအမှ
ပေးဖို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်

ထိုတရားလွှတ်တော်ရှေ့နေ လိုင်စင်လက်မှတ်
လွှာတို့ကို တရားလွှတ်တော်ရှေ့နေများကောင်စီက ပြ
စိစစ်ပြီး ခွင့်ပြုပေးရပါတယ်။

ယင်းသို့ ခွင့်ပြုပေးလိုက်တဲ့ သူများကို ပြည်ထော
ချုပ်က တရားလွှတ်တော်ရှေ့နေလိုင်စင်လက်မှတ်
အနားနဲ့ ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။

၁၉၃၅ ခုနှစ်မှ ၁၉၇၀ ခုနှစ် ဝန်းကျင်ခန့်က
မြန်မာနိုင်ငံမှာ တရားလွှတ်တော်ရှေ့နေ (Advoc
ရှေ့နေ (Higher Grade Pleader) နဲ့ အောက်တန်းရှေ
Pleader) ဟူ၍ ရှိခဲ့ကာ လေ့လာသိရှိရပါတယ်။

ယခုအခါ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တရ
အထက်တန်းရှေ့နေဟူ၍သာရှိပြီး Lower Grade Pl
အားလုံးသိကြမှာပါ။

ဒါကြောင့် ဥပဒေဘွဲ့မရရှိသူများအနက် ဥပဒေ
စိတ်ဝင်စားသူတို့ကို အောက်တန်းရှေ့နေ Lower Gr
အသိအမှတ်ပြု လက်မှတ်ရရှိစေရေးအတွက် စာမေး
Grade Pleader လုပ်သက်ဘယ်လောက်ရရင် အထက်
ဖြေဆိုခွင့်၊ အထက်တန်းရှေ့နေ လုပ်သက်ဘယ်
လွှတ်တော်ရှေ့နေစာမေးပွဲဖြေဆိုခွင့် ရရှိစေရေးတို့ကို
သင့်ပါကြောင်း အလျဉ်းသင့်၍ ဆွေးနွေးတင်ပြလိုပါ

ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတေ
လွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ဥပဒေကြမ်းများ၊ သက်
ချက်များကို တရားလွှတ်တော်ရှေ့နေများ၊ အထက်
လေ့လာမှတ်သားသင့်ကြောင်း လိုက်နာဆောင်ရွက်
ဉာဏ်များ ပေးကြတင်ပြကြဖို့ လိုအပ်ကြောင်း တင်ပြ

ဦးသန်းအောင်

"ဟုတ်ကဲ့။ အခုလို ဆွေးနွေးသွားတာ အများ
ရရှိပါတယ်။ ကျွန်တော်ထပ်ပြီးဖြည့်စွက်ချင်တာ
ရှေ့ရပ်တွေဟာ အမှုလိုက်ပါဆောင်ရွက်ရာမှာ သတ်



များ။

စာကြည့်တိုက်ကောင်းများ ရှိခြင်းသည် တရားစီရင်ရေးစနစ်ကို အထောက်အကူပြုသော အချက်တစ်ရပ် ဖြစ်ပါတယ်။မြန်မာနိုင်ငံမှာ ၁၉၄၈ ခုနှစ်နောက်ပိုင်း တရားရုံးချုပ်မှာ စာအုပ်စာတမ်း ပြည့်စုံသော စာကြည့်တိုက်ကို တည်ထောင်နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် တရားရုံးတွေမှာ စာကြည့်တိုက်ကောင်းများ တည်ထောင်ပြီး အစဉ်အဆက် ထိန်းသိမ်းထားရှိသင့်ပါတယ်။

ယနေ့အချိန်အခါမှာ အများပြည်သူက ယုံကြည်လေးစားသော တရားစီရင်ရေးဖြစ်ဖို့ အထူးအလေးအနက် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးလိုပါတယ်။

ဦးသန်းအောင်

"ဆက်လက်ပြီးတော့ တရားစီရင်ရေးကဏ္ဍမှာ တရားရုံးတွေကို အထောက်အကူပြုပြီး မှန်ကန်တဲ့ တရားစီရင်ရေးဖြစ်အောင် ဆောင်ရွက်ပေးနေတဲ့ Officer of the Court ဖြစ်တဲ့ ရှေ့နေရှေ့ရပ်တွေရဲ့ ကဏ္ဍနဲ့ ပတ်သက်ပြီး သိသင့်တာလေးတွေ သိရအောင် တိုင်းတရားသူကြီးအဖြစ် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိပြီး ကျွမ်းကျင်နှံ့စပ်တဲ့ ဆရာ ဦးသန့်ဇင်က များ ဆွေးနွေးပေးနိုင်မလား ခင်ဗျာ"

ဦးသန့်ဇင်(ဥပဒေပညာရှင်)

"ယနေ့တရားရေးနှင့် စပ်ဆိုင်တဲ့ ဥပဒေရေးရာ စကားဝိုင်းမှာ တရားရုံးအဆင့်ဆင့်နဲ့ အခန်းကဏ္ဍပိုင်းကို ဦးမျိုးညွန့်က ဆွေးနွေးတင်ပြသွားပြီး ဖြစ်ပါတယ်။ ထိုတရားရုံးအဆင့်ဆင့်မှာ လိုက်ပါဆောင်ရွက်ကြတဲ့ ရှေ့နေများကဏ္ဍကို အကျဉ်းချုံးတင်ပြလိုပါတယ်။ ရှေ့နေရှေ့ရပ်များဟာ တရားရုံးတော်၏ အရာရှိများ Officer of the Court ဖြစ်ကြပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ ရှေ့နေအခန်းကဏ္ဍနှင့်စပ်လျဉ်းလို့ H.G.P အထက်တန်းရှေ့နေနှင့် တရားလွှတ်တော်ရှေ့နေများရှိပါတယ်။ သတင်းစာကြေညာ အခန်းကဏ္ဍမှာ တွေ့မြင်ဖတ်ရှုရမှာပါ။

ဥပဒေဘာသာရပ်နဲ့ ဘွဲ့ရလာတဲ့ ဥပဒေပညာရှင်ဟာ တရားလွှတ်တော်ရှေ့နေ ငါးနှစ်အထက်ရှိတဲ့ ဝါရင့်ဥပဒေပညာရှင် တရားလွှတ်တော်ရှေ့နေ တစ်ဦးထံမှာ အလုပ်သင်ရှေ့နေအဖြစ် တစ်နှစ်အနည်းဆုံးလေ့လာသင်ကြားမှု၊ တရားလွှတ်တော်ရှေ့နေ အမှုလိုက်ပါဆောင်ရွက်နေတဲ့ မြို့နယ်တရားရုံး၊ ခရိုင်တရားရုံး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတရားလွှတ်တော်ရုံးရှိ အမှုအသီးသီးမှာ လက်တွေ့လိုက်ပါလေ့လာဆည်းပူးမှုများပြုကြရပါတယ်။ အနည်းဆုံး တစ်နှစ်တိတိ ထိုကဲ့သို့ လေ့လာဆည်းပူးလိုက်ပါပညာသင်ကြားမှုပြီးရင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ အထက်တန်းရှေ့နေလိုင်စင်ထုတ်ပေးရန် လျှောက်ထားခွင့်ပြုချက်လက်မှတ်ရပြီးမှ မြို့နယ်တရားရုံး၊ ခရိုင်တရားရုံး အဆင့်ဆင့်မှာ အထက်တန်းရှေ့နေအဖြစ် အနည်းဆုံး သုံးနှစ်လိုက်ပါဆောင်ရွက်ရပါတယ်။

ဤကဲ့သို့ အထက်တန်းရှေ့နေအဖြစ် အနည်းဆုံး သုံးနှစ်လိုက်ပါဆောင်ရွက်ခဲ့ကြောင်း လိုက်ပါဆောင်ရွက်ခဲ့ရတဲ့ အမှုများစာရင်း၊ မြို့နယ်တရားရုံးနဲ့ ခရိုင်တရားရုံး တရားသူကြီးတို့ရဲ့ ထောက်ခံစာ၊ အနည်းဆုံး ၁၀ နှစ် လုပ်သက်ရှိတဲ့ တရားလွှတ်တော်ရှေ့နေ နှစ်ဦးရဲ့ ထောက်ခံစာ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာတို့နှင့်အတူ တရားလွှတ်တော်ရှေ့နေအဖြစ် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးဖို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားရပါတယ်။

ထိုတရားလွှတ်တော်ရှေ့နေ လိုင်စင်လက်မှတ်ထုတ်ပေးရန် လျှောက်လွှာတို့ကို တရားလွှတ်တော်ရှေ့နေများကောင်စီက ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စိစစ်ပြီး ခွင့်ပြုပေးရပါတယ်။

ယင်းသို့ ခွင့်ပြုပေးလိုက်တဲ့ သူများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားလွှတ်တော်ရှေ့နေလိုင်စင်လက်မှတ်အသီးသီးကို အခမ်းအနားနဲ့ ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။

၁၉၃၅ ခုနှစ်မှ ၁၉၇၀ ခုနှစ် ဝန်းကျင်ခန့်က ယခင်ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တရားလွှတ်တော်ရှေ့နေ (Advocate)၊ အထက်တန်းရှေ့နေ (Higher Grade Pleader) နဲ့ အောက်တန်းရှေ့နေ (Lower Grade Pleader) ဟူ၍ ရှိခဲ့ကာ လေ့လာသိရှိရပါတယ်။

ယခုအခါ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေဟူ၍သာရှိပြီး Lower Grade Pleader ဟူ၍ မရှိတာ အားလုံးသိကြမှာပါ။

ဒါကြောင့် ဥပဒေဘွဲ့မရရှိသူများအနက် ဥပဒေပညာကို ဝါသနာပါပြီး စိတ်ဝင်စားသူတို့ကို အောက်တန်းရှေ့နေ Lower Grade Pleader အဖြစ် အသိအမှတ်ပြု လက်မှတ်ရရှိစေရေးအတွက် စာမေးပွဲဖြေဆိုခွင့်၊ Lower Grade Pleader လုပ်သက်ဘယ်လောက်ရရင် အထက်တန်း ရှေ့နေစာမေးပွဲ ဖြေဆိုခွင့်၊ အထက်တန်းရှေ့နေ လုပ်သက်ဘယ်လောက်ရရင် တရားလွှတ်တော်ရှေ့နေစာမေးပွဲဖြေဆိုခွင့် ရရှိစေရေးတို့ကို စီစဉ်ဆောင်ရွက်ပေးသင့်ပါကြောင်း အလျဉ်းသင့်၍ ဆွေးနွေးတင်ပြလိုပါတယ်။

ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ဥပဒေကြမ်းများ၊ သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များကို တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများက လေ့လာမှတ်သားသင့်ကြောင်း လိုက်နာဆောင်ရွက်ကြဖို့ ဥပဒေအကြံဉာဏ်များ ပေးကြတင်ပြကြဖို့ လိုအပ်ကြောင်း တင်ပြဆွေးနွေးလိုပါတယ်။

ဦးသန်းအောင်

"ဟုတ်ကဲ့။ အခုလို ဆွေးနွေးသွားတာ အများကြီးပဲ ဗဟုသုတတွေ ရရှိပါတယ်။ ကျွန်တော်ထပ်ပြီးဖြည့်စွက်ချင်တာလေးကတော့ ရှေ့နေရှေ့ရပ်တွေဟာ အမှုလိုက်ပါဆောင်ရွက်ရာမှာ သတ်မှတ်ထားတဲ့ ရှေ့နေကျင့်ဝတ်နဲ့အညီ လိုက်ပါဆောင်ရွက်ကြဖို့လိုသလို တရားရုံးကိုမှန်ကန်တဲ့ ဥပဒေတွေ၊ စီရင်ထုံးတွေကို ကိုးကားတင်ပြကြဖို့လည်းလိုပါတယ်။ ဒါမှလည်း တရားရုံးကို ကူညီရာရောက်ပြီး အများပြည်သူက လေးစားတဲ့ ရှေ့နေတွေ ဖြစ်ကြပါမယ်။

ဆက်ပြီးတော့ လက်ရှိလည်းရှေ့နေလိုက်နေပြီး အပြည်ပြည်ဆိုင်ရာ ဥပဒေတွေနဲ့ ပတ်သက်လို့ လက်တွေ့လုပ်ကိုင်အတွေ့အကြုံတွေရရှိထားတဲ့ ဆရာဦးစန်းဝင်းက နည်းနည်းလောက်သိသင့်သိထိုက်တာလေးတွေ ဆွေးနွေးပေးစေချင်ပါတယ်။

ဦးစန်းဝင်း
(ဥပဒေပညာရှင်)

ဦးစန်းဝင်း (ဥပဒေပညာရှင်)

"မည်သည့်နိုင်ငံမှ မိမိတစ်နိုင်ငံတည်းရပ်တည်ခွင့်မရသဖြင့် ကမ္ဘာ့နိုင်ငံအသိုင်းအဝိုင်းနဲ့ ဆက်ဆံကြရပါတယ်။ ထိုအခါ ကမ္ဘာ့နိုင်ငံအသီးသီး လိုက်နာရတဲ့အပြည်ပြည်ဆိုင်ရာဥပဒေရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ ဥပဒေဟာ ပြည်တွင်းဥပဒေနဲ့ စနစ်ချင်းမတူညီသလို လုပ်ကိုင်ပုံချင်းလည်း ကွဲပြားပါတယ်။ အပြည်ပြည်ဆိုင်ရာဥပဒေတွင် အရင်းအမြစ်များရှိရာ အပြည်ပြည်ဆိုင်ရာစာချုပ်များဟာ အဓိကအကျဆုံး အရင်းအမြစ်ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာစာချုပ်(Treaty)ဟာ ပြဋ္ဌာန်းဥပဒေမဟုတ်ပါဘူး။ နိုင်ငံများရဲ့ ဆန္ဒအလျောက် အပြည်ပြည်ဆိုင်ရာစာချုပ်များ ချုပ်ဆိုခြင်းသာဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ စာချုပ်များနဲ့ စပ်လျဉ်းပြီး Vienna Convention on the Law of Treaties ကို နိုင်ငံများက လိုက်နာဆောင်ရွက်ရတယ်။

အပြည်ပြည်ဆိုင်ရာစာချုပ်များကို လက်မှတ်ရေးထိုး(Signature) ခြင်းဟာ နိုင်ငံတစ်နိုင်ငံက ယင်းအပြည်ပြည်ဆိုင်ရာစာချုပ်ကို လိုက်နာရန် ရည်ရွယ်ကြောင်း ဖော်ပြခြင်းဖြစ်ပါတယ်။ လိုက်နာရန်မလိုအပ်သေးသော်လည်း စာချုပ်ရဲ့ရည်မှန်းချက်နဲ့ ရည်ရွယ်ရင်းကိစ္စ (Object and Purpose)ကို ပျက်ပြားစေမယ့် ဆန့်ကျင်တဲ့ အပြုအမူများမှ ရှောင်ကြဉ်ရန် တာဝန်ရှိပါတယ်။ ဒီစာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးခြင်း (Ratification) ပြုပြီးတဲ့အခါ ထိုနိုင်ငံဟာ စာချုပ်ဝင်နိုင်ငံဖြစ်လာပြီး ထိုစာချုပ်ကိုလိုက်နာရန် တာဝန်ရှိလာပါတယ်။

ဒါ့အပြင် ခြွင်းချက်ပြုလုပ်ထားတဲ့ ကိစ္စရပ်မှတစ်ပါး အဆိုပါကွန်ဗင်းရှင်းကို အခြေပြု၍ပြဋ္ဌာန်းမယ့် ဥပဒေဟာ ကွန်ဗင်းရှင်းနဲ့အညီ လိုက်နာပြဋ္ဌာန်းရန်လည်းတာဝန်ရှိပါတယ်။ ဒီတာဝန်များကို လိုက်နာခြင်းမရှိဘဲ ဆောင်ရွက်ပါက နိုင်ငံတကာက သဘောတူလက်ခံထားမှုကို ဖောက်ဖျက်ရာရောက်သဖြင့် ပြဋ္ဌာန်းမယ့် ဥပဒေဟာ ကွန်ဗင်းရှင်းနဲ့ လိုက်လျောညီထွေဖြစ်ဖို့လည်း လိုအပ်ပါတယ်။

အပြည်ပြည်ဆိုင်ရာ စာချုပ်တစ်ခုကို နိုင်ငံတစ်နိုင်ငံအနေနဲ့ ဝင်ရောက်ခြင်းရှိ၊ မရှိမှာ ၎င်းနိုင်ငံရဲ့ သဘောသာ ဖြစ်ပါတယ်။ ဒါပေမယ့် အပြည်ပြည်ဆိုင်ရာစာချုပ်တစ်ခုမှာ နိုင်ငံတစ်နိုင်ငံက စာချုပ်ဝင်အဖြစ် ပါဝင်ခဲ့ပါက ဒီနိုင်ငံဟာ အပြည်ပြည်ဆိုင်ရာစာချုပ်ကို လိုက်နာရန် တာဝန်ရှိလာပါတယ်။

နိုင်ငံရဲ့ ကျင့်သုံးသော ဥပဒေစနစ်အရ အပြည်ပြည်ဆိုင်ရာစာချုပ်တစ်ခုမှာ ပါဝင်ပြီးပါက ပြည်တွင်းဥပဒေအဖြစ် တိုက်ရိုက်လိုက်နာနိုင်သလို အချို့နိုင်ငံများမှာ အပြည်ပြည်ဆိုင်ရာစာချုပ်ကို ပြည်တွင်းဥပဒေအဖြစ် ပြဋ္ဌာန်းပြီးမှ လိုက်နာကျင့်သုံးနိုင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဥပဒေစနစ်အရ အပြည်ပြည်ဆိုင်ရာစာချုပ်တစ်ခုမှာ ပါဝင်ပြီးပါက စာချုပ်ကို လိုက်နာရန် ပြည်တွင်းဥပဒေပြဋ္ဌာန်းဖို့ လိုအပ်ပါတယ်။ (ဥပမာ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်တွင် မြန်မာနိုင်ငံက စာချုပ်ဝင်နိုင်ငံအဖြစ်ပါဝင်ခဲ့သဖြင့် ၁၉၉၃ ခုနှစ် ကလေးသူငယ် အခွင့်အရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။"

ဦးသန်းအောင်

"အခုဆိုရင် ဆွေးနွေးလာကြတာလည်းရတဲ့အချိန်လေးမှာ တော်တော်လေး စုံသွားပြီလို့ထင်ပါတယ်။ ဒီစကားဝိုင်းဟာ ပထမဆုံး အကြိမ်ပြုလုပ်တဲ့ ဥပဒေရေးရာအဖြာဖြာနဲ့ ပတ်သက်တဲ့ စကားဝိုင်းဖြစ်တဲ့အလျောက် တတ်နိုင်သမျှ သိသင့်သိထိုက်တဲ့ ဥပဒေတွေကို တင်ပြသွားကြတာစိတ်ဝင်စားစရာကောင်းပြီး ဗဟုသုတလည်း ရကြမှာဖြစ်ပါတယ်။ ဒီလို ဥပဒေဗဟုသုတတွေ ရရှိလာတာနဲ့အမျှ ဥပဒေတွေကို လေးစားလိုက်နာလိုတဲ့ စိတ်တွေ ပွားများပြီး ကျွန်တော်တို့လိုလားတောင့်တနေတဲ့ Rule of Law ဆိုတဲ့ တရားဥပဒေစိုးမိုးရေးဟာ မလွဲမသွေရရှိခံစားကြရမှာဖြစ်ပါတယ်။ အခုလို လာရောက် ဆွေးနွေးပေးကြတဲ့ ဥပဒေပညာရှင်အားလုံးကို အထူးပဲကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ။"

✻ ကျောင်းတော်ရာမှ

လမ်းတစ်လျှောက်နှင့် မုန်းချောင်းကမ်းနံဘေး ငါးကျွေးဆိပ်တွင်လည်း အထူးစည်ကားလှပါသည်။

ယခုနှစ် ဘုရားဖူးငါးများလာရောက်မှုနှင့် ပတ်သက်၍ ငါးကျွေးဆိပ်တွင် တာဝန်ကျသူ ဂေါပကလူကြီး ဦးညွန့်က "ဒီနှစ်ငါးအကောင် ၂၀ လောက်ရှိလိမ့်မယ်၊ ရေပေါ်မှာ ခေါင်းဖော်ပါးစပ်ဟစားနေတဲ့ငါးက ၁၀ ကောင်လောက်ရှိပြီး ရေအောက်မှာနေပြီး အမြီး၊ ဆူးတောင်ကျောကုန်းသာမြင်ရတဲ့ ငါးကလည်း ၁၀ ကောင်လောက်ရှိမယ်၊ ငါးထွေအုပ်စုများတယ်၊ တခြားငါးနဲ့ ရောမစားဘူး၊ ကျွန်တော်တွေ့လိုက်တဲ့ ငါးတွေထဲမှာ အကြီးဆုံးငါးက အလျား လေးပေ လေးပေခွဲ၊ လုံးပတ်က သုံးပေနီးပါး၊ ပါးစပ်ဟလိုက်ရင် ရှစ်လက်မခန့်ရှိတဲ့ ငါးကြီးတစ်ကောင်တွေ့ရတယ်၊ ငါးတွေကို နှမ်းဖတ်နဲ့ ထန်းသီးမုန့်မကျွေးရဘူး၊ သဘာဝအစားအစာလည်းဖြစ် အစဉ်အဆက်ကတည်းက ကျွေးလာတဲ့ ဖွဲနုဆုပ်ကိုပဲအကျွေးများကြတယ်၊ တစ်ခါတစ်ရံမှာ ပေါင်မုန့်ချပ်ကလေးတွေ စမ်းကျွေးကြည့်တယ်။ ပြီးတော့ အချိုအဆိမ့်အရသာရှိတဲ့ ပူတင်းမုန့်လည်း စမ်းကျွေးကြည့်တယ်။ သူတို့ကြိုက်ကြပါတယ်။ နံနက် ၅ နာရီခန့်မှာ ငါးတွေ လာကြတယ်၊ ၈ နာရီလောက်ဆိုပြန်ကြတယ်" ဟု ပြောပါသည်။

ကျောင်းတော်ရာငါးကျွေးဆိပ်၌ မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ သတိပေးတားမြစ်ချက် ဆိုင်းဘုတ်ဖတ်မိသည်။ "ပွင့်ဖြူမြို့နယ်အထက် ဖလန်းတောမှ ရေနံချောင်းမြို့နယ် ဧရာဝတီမြစ်ဝအထိ မုန်းချောင်းအတွင်း မည်သူမှ မည်သည့်ငါးဖမ်းကိရိယာနှင့်မဆို ငါးဖမ်းခြင်းလုံးဝခွင့်မပြု။ ငါးဖမ်းဆီးခြင်းတွေ့ရှိပါက ရေချိုငါးဥပဒေ ပုဒ်မ ၄၅ အရ ဒဏ်ငွေသုံးသောင်းနှင့် ထောင်ဒဏ်သုံးနှစ်အပြစ်ပေးခံရမည်"ဟု သတိပေးထား၏။

ဘုရားဖူးငါးများ၏ ထူးဆန်းအံ့ဖွယ်ရာအဖြာဖြာ

၁။ နှစ်စဉ်နှစ်တိုင်း ဝါထပ်၊ မထပ်သိ၍ ဝါဆိုလပြည့်နေ့မှသာ လာရောက်ကြ၍ဝါကျွတ်မှ ပြန်ကြခြင်း။
၂။ မုန့်၊ ဖွဲနု၊ ပေါက်ပေါက်ဆုပ်စသော သက်သတ်လွတ်အစားအစာများကို စားခြင်း။
၃။ မုန်းချောင်းအတွင်း ဘုရားဘက်ကမ်းမှသာ အစာကျွေးရခြင်း။
၄။ မြစ်၊ ချောင်းများ၌သာနေသော ငါးများဖြစ်သော်လည်း လူများကိုင်တွယ်ပွေ့ဖက်၍ရခြင်း။
၅။ လူများငါးအုပ်အတွင်းကျသော် လုံးဝအန္တရာယ်မပြုခြင်း။
၆။ ကြွေသွားကဲ့သို့ လုံးဝဖြူဆွတ်သော ငါးများပါဝင်ပြီး အညှီနံ့မရှိခြင်း၊ အခြားမျိုးကွဲငါးများမပါခြင်း။
၇။ မည်သည့် ခုနှစ်ကာလက မည်သည့်အရပ်ကလာသည်ဟု မည်သူမျှ မပြောနိုင်ခြင်း။
၈။ ထို့ကြောင့် ဘုရားရှင်သည် ဤအရပ်စန္ဒကူးနံ့သာကျောင်းတော်ရာကို ဝါတွင်းကာလ၌ ရဟန္တာငါးရာနှင့် ကြွရောက်၍ အလှူခံသည်။ သတ္တဝါများအား ခုနစ်ရက်သီတင်းသုံး၍ တရားဟောခြွေချွတ်သည်ဟု ကျမ်းဂန်တွင်ရှိသောကြောင့် ဝါတွင်းကာလချင်း တူနေသဖြင့် ဘုရားရှင်လက်ထက်ကတည်းက လာနေကြသည်ဟု ယူဆရန် ရှိပေသည်။ သို့အတွက် ဤကျောင်းတော်ရာဘုရား၏ တန်ခိုးတော်နှင့် ဘုရားငါးများ၏ ထူးဆန်းမှုတို့ကား အံ့ဖွယ်ရာများဖြစ်နေပါသည်။

(မကွေးလှမြင့်)

❖ အကြီးဆုံးစူပါကွန်ပျူတာမှ

စူပါကွန်ပျူတာက တစ်နာရီအတွင်း တွက်ချက်ပေးနိုင်ကြောင်း ဩစတြေးလျအမျိုးသားတက္ကသိုလ်မှ သုတေသီများက ပြောကြားကြသည်။

မိမိတို့၏ စူပါကွန်ပျူတာသည် နေအိမ်တစ်လုံး အရွယ်အစားထက်ပင် ပိုမိုကြီးမားကြောင်း၊ စူပါကွန်ပျူတာ၏ မှတ်ဉာဏ်မှာ ၁၆၀ တာရာဘိုက် (terabytes)ရှိပြီး ပီစီကွန်ပျူတာအလုံးပေါင်း ၄၀၀၀၀ ၏ စုစုပေါင်းမှတ်ဉာဏ်ပမာဏနှင့် တူညီကြောင်း ပါမောက္ခ လင်ဆေးဘော်တန်က ပြောကြားသည်။

❁ ကျောဖုံးမှ

တံတားလက်ရန်းအုတ်ခုံကို ကားခေါင်းနဲ့တိုက်ပြီးတော့ တစ်ပတ်လည်ပြီး မီးရထားလမ်းပေါ် ကျလာတယ်။ ကားရှေ့ခန်းမှာ အမျိုးသားတစ်ဦး ခြေထောက်ထွက်နေပြီး ကယ်ပါ၊ ကယ်ပါ အော်တာနဲ့ ကျွန်တော်ပြေးသွားပြီး လူတွေကို အော်ခေါ်တော့ လူ ၁၄ ဦးလောက် ပြေးလာပြီး ဝိုင်းမလိုက်တော့ အမျိုးသားက ထွက်လာတယ်။ ကောင်မလေးကို အစကမမြင်ရဘူး။ သူကယာဉ်မောင်းနေရာအောက်က ခြေနင်းခုံသားရေပြားပေါ်မှာ ခွေခွေလေးသတိမေ့နေတယ်" ဟု မျက်မြင်ကူညီခဲ့သူ ကိုလှဌေးက ပြောကြားခဲ့သည်။

(မြတ်သန္တာမောင်)

သစ်တော
သစ်ပင်
ဒို့ချစ်ခင်
အစဉ်စိုက်ပျိုး
အလှတိုး

မော်ဘီချောင်းရေလျှံသဖြင့် (၄)ရပ်ကွက်ရှိ နေအိမ်ခြံဝင်းများအတွင်း ရေများဝင်ရောက်

ရန်ကုန် ဩဂုတ် ၄

ဩဂုတ် ၃ ရက် နံနက်ပိုင်းမှစ၍ မော်ဘီမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျရေများ ကျခဲ့သဖြင့် မော်ဘီချောင်းရေလျှံကာ မော်ဘီမြို့ (၄) ရပ်ကွက်အတွင်းရှိ ယမုံနာ A၊ ယမုံနာ B၊ ယမုံနာ C၊ ၁၅၀၀ ကွက်၊ ၅၀၀၀ ကွက်ပိုင်းရှိနေအိမ်ခြံဝင်းများအတွင်း ရေများဝင်ရောက်ခဲ့ရာ ရေအမြင့် ၁ ပေ ၆ လက်မခန့် ရှိခဲ့ကြောင်း သိရသည်။

အဆိုပါရေများဝင်ရောက်မှုကြောင့် နေအိမ်များ ပြောင်းရွှေ့ရခြင်း၊ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ရခြင်း စသည့် အခြေအနေမျိုး မရှိသော်လည်း ရေဝင်ရောက်သဖြင့် ချက်ပြုတ်စားသောက်ရန် အခက်အခဲရှိသော အိမ်ထောင်စု ၂၂၄ စု၊ လူဦးရေ ကျား ၅၀၁ ဦး၊ မ၅၃၅ ဦး စုစုပေါင်း ၁၀၃၆ ဦးတို့အား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှဦးနှင့် မော်ဘီမြို့(၄) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့်အဖွဲ့တို့က နီးစပ်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့်ညှိနှိုင်း၍ လတ်တလော စားသောက်နိုင်ရန် ထမင်းထုပ်များ ပေးဝေခဲ့ကြောင်း သိရသည်။

(စိုးဝင်း-MLA)

ခေတ် – သင်ရိုး – ဆရာ

"လောကတွင် မပြောင်းလဲသောအရာတစ်ခုမှာ ပြောင်းလဲခြင်းပင်ဖြစ်သည်။ အင်္ဂလိပ်လို Everything is changing except changing" ဟူသော ဒဿန ဆိုရိုးစကားရှိ၏။

ကမ္ဘာကြီးသည် မိမိဝင်ရိုးပေါ် ၂၄ နာရီလျှင် တစ်ပတ်လည်၍ နာရီ၊ မိနစ်၊ စက္ကန့်နှင့်အမျှ ပြောင်းလဲနေသလို နေကိုလည်း ၃၆၅ ရက်လျှင် တစ်ပတ်ကျလှည့်ပတ်နေသဖြင့် နွေ၊ မိုး၊ ဆောင်း ပြောင်းလဲရာမှ တစ်နှစ်ပြီးတစ်နှစ် အချိန်ကာလတွေကိုဖြတ်ကျော်ခဲ့သည်။ ဖြတ်ကျော်ခဲ့ပြီး အချိန်ကာလ (Time)ကို ဘယ်တော့မှ ပြန်မရောက်သလို မြစ်ရေစီးအလျဉ်ကလည်း တရစပ် မရပ်သဖြင့် မြစ်ရေကို နှစ်ခါပြန်ချိုးမရဟု ဆိုရိုးရှိပြန်၏။

အဟောင်းအဟောင်းတို့ ချုပ်ငြိမ်းသည့်နေရာတွင် အသစ်အသစ်အစားထိုးမှု (Replacement of the old by the New)မှာ လောကသဘာဝနိယာမဖြစ်သည်။ မြတ်ဗုဒ္ဓကလည်း မမြဲမှုအနိစ္စကို ဉပါဒ်-ဌီ-ဘင် (ဖြစ်-တည်- ပျက်)ဟု ဟောမြွက်ခဲ့ပေ၏။

ခေတ်ဆိုသည်မှာ လူတို့သတ်မှတ်သည့် နှစ်ကာလ အပိုင်းအခြားတစ်ရပ်ဖြစ်၏။ ဖော်ပြပါလောကသဘာဝ နိယာမနှင့်အညီ ပြောင်းလဲနေသည့်ခေတ်ကို မည်သူမျှ မလွန်ဆန်နိုင်ပေ။ ပြောင်းလဲနေသည့်ခေတ်နှင့် လိုက်လျောညီထွေလူနေမှုစနစ်၊ မူဝါဒ၊ သင်ရိုးစသည်ကို လူသားတို့က လိုက်ပြောင်းရုံသာရှိ၏။

အမဲလိုက်ကျောက်ခေတ်၊ စိုက်ပျိုးမွေးမြူရေးခေတ်၊ လက်မှုခေတ်၊ စက်မှုခေတ်၊ အီလက်ထရွန်နစ်နည်းပညာခေတ်ဟူ၍ အဆင့်ဆင့်ပြောင်းလဲလာသလို သက်ဦးဆံပိုင်ဘုရင်စနစ်၊ စည်းမျဉ်းခံဘုရင်စနစ်၊ ပါလီမန် ဒီမိုကရေစီစနစ်များဟူ၍ ပြောင်းလဲလာသည်။ ယခု ၂၁ ရာစုတွင် IT နည်းပညာပြောင်းလဲတိုးတက်ဆန်းသစ် တီထွင်မှုက လိုက်မမီနိုင်အောင် မြန်ဆန်လွန်းလှ၏။

ခေတ်ပြောင်းလျှင် လူနေမှုစနစ်များပြောင်းရသည်။ ပညာရေးမှာဆိုလျှင် သင်ရိုးများပြောင်းရသည်။ ဥရောပတွင် စက်မှုတော်လှန်ရေး(Industrial Revolution) ဆင်နွှဲပြီး စက်မှုထူထောင်နေချိန် မြန်မာတို့က လက်မှုခေတ် (လှည်းခေတ်၊ လှေခေတ်)ထဲမှာပဲ ပိုနေမြဲကျားနေမြဲ။ ဥရောပမှာ သက်ဦးဆံပိုင်ဘုရင်များကို ဖြုတ်ချပြီး ပါလီမန်ဒီမိုကရေစီစနစ်ထွန်းကားနေစဉ် မြန်မာတို့က သက်ဦးဆံပိုင်ဘုရင်စနစ်ကိုပဲ ဖက်တွယ် အိပ်မောကျဆဲ။ ဥရောပရှိ ကျောင်းများတွင် ခေတ်မီပညာရပ်ဆိုင်ရာ သင်ရိုးများပြောင်းနေချိန် မြန်မာတို့က ရှေးသမားရိုးကျ ဘုန်းကြီးကျောင်းပညာရေး (နေ့ဇကနော)မှာပဲ နစ်မျောနေဆဲ။ "Mathematics is mother of Science သင်္ချာသည် သိပ္ပံပညာ၏ မိခင်" ဆိုသည်ကို လေ့လာရမှန်း မသိကြ။ ခေတ်နှင့်အညီ လူနေမှုစနစ် သင်ရိုးသစ်တွေ ပြောင်းချိန်တန်မပြောင်းခဲ့၍ နှစ် ၁၀၀ ကျော် သူ့ကျွန်ဘဝ ရောက်ခဲ့ရသည်ကို သမိုင်းသင်ခန်းစာယူဖို့လို၏။

သင်ရိုးညွှန်းတမ်းဆိုသည်မှာ စာသင်နှစ် တစ်နှစ်အတွင်း သင်ကြားရမည့်ဘာသာရပ်နှင့်ဆိုင်သော ပြဋ္ဌာန်းစာများကို ဖော်ပြချက်ဖြစ်၏။ မြန်မာအဘိဓာန် သင်ရိုးမာတိကာဆိုသည်မှာ စာသင်နှစ်တစ်နှစ်အတွင်း သင်ကြားရမည့် ဘာသာရပ်နှင့်ဆိုင်သော ပြဋ္ဌာန်းစာများကို အသေးစိတ်ဖော်ပြချက်ဖြစ်၏။

ယနေ့ဆိုလျှင် အခြေခံရော အဆင့်မြင့်ပါ နိမ့်ကျယိုယွင်းသွားသော မြန်မာ့ပညာရေးကို အဖတ်ဆယ်၍ ပညာရေးပြုပြင်ပြောင်းလဲရန် ဦးတည်ကြိုးပမ်းနေကြပါပြီ။ ကျောင်းစနေရမည့် အသက်အပိုင်းအခြား၊ ပညာသင်ကာလအတိုင်းအရှည်၊ ဒီမိုကရေစီကျင့်စဉ်နှင့်ညီသည့် သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာ၊ ဆရာကိုင်/တပည့်ကိုင် ပြဋ္ဌာန်းစာအုပ်၊ တပည့်တို့၏ စဉ်းစားတွေးခေါ်ဉာဏ်ထက်သန်စေသည့် သင်ကြားနည်းစနစ်၊ ပညာရေးသဘောတရားအရ ကာယ၊ ဉာဏ၊ စာရိတ္တ(ဝါ) စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ(တစ်နည်း) နှလုံးရည်၊ လက်ရုံးရည်၊ ပညာရည်၊ ASK ဟု အတိုခေါ်သော Attitude စိတ်နေသဘောထား၊ Skill ကျွမ်းကျင်မှု၊ Knowledge ဘာသာရပ်ဆိုင်ရာ သိတတ်ပညာတည်းဟူသော ပညာရေးနယ်ပယ်ကြီး သုံးရပ်ဟန်ချက်ညီရေးတို့ အကျုံးဝင်သည့် ဘက်စုံပညာရေးဖြစ်၏။ အချုပ်အားဖြင့် ခေတ်မီနည်းပညာတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်နိုင်ရမည်ဖြစ်သလို နိုင်ငံချစ်စိတ်၊ လူ့ဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်သီလနှင့် ပြည့်စုံသော လူ့စွမ်းအားရင်းမြစ် နိုင်ငံသားကောင်းများမွေးထုတ်ပေးရန်ဖြစ်သည်။

သင်ရိုးကို ရည်မှန်းချက်ပေါက်မြောက်အောင် ရုပ်လုံးဖော်ရာ၌ဆရာသည် ပဓာနကျ၏။ ဆရာသာ အခရာဖြစ်၏။ ဆရာကောင်းတပည့် ပန်းကောင်းပန်စေရမည်ဖြစ်၏။ ဆရာဆရာမတို့က မိဘဆရာထက် လက်ဝါးစောင်းထက်သော အတိဇာတတပည့်များကို ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။ ပြုပြင်ပြောင်းလဲမည့် သင်ရိုးသစ်နှင့်အညီ ယခု ၂၁ ရာစုမှာပင် နိုင်ငံ့တာဝန်ပခုံးပြောင်းယူနိုင်ကြမည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာအောင် တပည့်တို့ကို လေ့ကျင့်ပျိုးထောင်ပေးရပေမည်။

မိမိကျူရှင်တက်သူကို မျက်နှာသာပေး၊ ပေးမည့်မေးခွန်းရွေးသင်သည့် ညည်ဆိုးကိုရှောင်ကြဉ်၊ ပြဋ္ဌာန်းချက်သင်ရိုးကို တကယ်တတ်အောင်သင်ပေးမှ ဆရာကောင်းပီသမည်။ ဆရာက တပည့်ကိုယ်တိုင် ဖော်စားတတ်အောင် ဆေးနည်းပေးသူဖြစ်၏။ ဆရာစားမချန်ဘဲ ကွန်ချက်ပြပေးသူမည်၏။ ဆရာကိုယ်တိုင်က ဆေးဖော်ရောင်းစားလျှင် ကွန်ချက်မပြဘဲ ဟင်းစားပေး၍ ကိုယ်ကျိုးရှာနေလျှင် တိုင်းပြည်ထိခိုက်မည်။ ဆရာ့သိက္ခာကို ရိက္ခာနှင့်မလဲသင့်ပေ။ မလဲစေရအောင် အစိုးရမှာလည်း တာဝန်ရှိသည်။ ဆရာဆရာမတို့ ကိုယ်တိုင်ကလည်း စိတ်နေသဘောထား Mind set ပြုပြင်ကြဖို့လိုသည်။

ဆရာဆရာမတိုင်း ရောမပညာရှင် CICERO ၏ "What better gift can we offer to the Republic than to teach and educate her youths" စကားကို နှလုံးသွင်းဂုဏ်ယူသင့်သည်။ မြန်မာလို "အမိနိုင်ငံကို အလုပ်အကျွေးပြုခြင်းတည်းဟူသော လက်ဆောင်ပေးကြမည်ဆိုလျှင် နိုင်ငံ၏လူငယ်တို့ကို သင်ကြားပညာပေးခြင်း ထက်ကောင်းတာ ဘာရှိဦးမည်နည်း"။ ။

မောင်ကျေးဇူး

ဒူးရင်းဆိပ်ကျေးရွာ ရေဘေးသင့်အိမ်ထောင်စုများအား ဆန်နှင့်အဝတ်အထည်များ ထောက်ပံ့လှူဒါန်း

သထုံ ဩဂုတ် ၄

မွန်ပြည်နယ် သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာတွင် ဒုံသမိချောင်းရေမြင့်တက်လာမှုကြောင့် ရေလွှမ်းမိုးနစ်မြုပ်ဒဏ်ခံနေရသော အိမ်ထောင်စုများကို အဆိုပါကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တွင် ဩဂုတ် ၃ ရက်က မြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့် စေတနာရှင်များက ဆန်နှင့်အဝတ်အထည်များ ထောက်ပံ့လှူဒါန်းပေးခဲ့ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ ဆန် ၃၃ အိတ်၊ ကျား၊ မအဝတ်အထည် ၇၂ အိတ်နှင့် သီးခြားစေတနာရှင်များက ဆန် ၃၅ အိတ် စုစုပေါင်း ဆန် ၆၈ အိတ်နှင့် ကျား၊ မအဝတ်အထည် ၇၂ အိတ်တို့ကို အိမ်ထောင်တစ်စုလျှင် ဆန် ၈ ပြည်၊ ကျားမဝတ် အထည်တစ်အိတ်နှုန်းဖြင့် အိမ်ထောင်စု ၂၇၉ စုအား ထောက်ပံ့လှူဒါန်းခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့က ဒုံသမိချောင်းကို မှီပြီး ဝမ်းစာရှာနေရတဲ့ ရေလုပ်သားတွေပါ။ ချောင်းရေက ရုတ်တရက် ဆိုသလိုကြီးလာတော့ ငါးရှာလို့လည်း မရတော့ဘူးလေ။ ဒုက္ခအရမ်းရောက်တာပေါ့။ ဘုန်းကြီးကျောင်းမှာနေလို့ ရပေမယ့် စားဖို့က ခက်တယ်။ အခုလို လှူဒါန်းပေးတာတွေက ကျွန်တော်တို့အတွက် အင်မတန်အထောက်အကူဖြစ်ပါတယ်။ ကျေးဇူးလဲတင်ပါတယ်" ဟု ရေဘေးသင့်တစ်ဦးဖြစ်သူ ဦးမောင်ကျော်က ပြောကြားသည်။

လွန်ခဲ့သော ရက်အနည်းငယ်က မိုးသည်းထန်စွာရွာသွန်းပြီး ချောင်းရေမြင့်တက်လာသောကြောင့် ဒူးရင်းဆိပ်ကျေးရွာရှိ အမှတ်(၂)၊ အမှတ်(၅)နှင့် အမှတ်(၆)အကွက်များတွင် ရေနစ်မြုပ်မှုများဖြစ်ပွားခဲ့ပြီး ဘုန်းတော်ကြီးကျောင်းနှင့် နီးစပ်ရာဆွေမျိုးများထံ ယာယီနေထိုင်ကြသည့် ရေဘေးသင့်ပြည်သူများအား စေတနာရှင်များက လာရောက်လှူဒါန်းကြရာ ယခုအကြိမ်မှာ(၅)ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း သိရှိရသည်။ **(သက်ဦး-သထုံ)**

တနသ်ာရီမြို့၌ ရေအနည်းငယ်လျော့ဆင်းလာ

မြိတ် ဩဂုတ် ၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်၌ ရေလွှမ်းမိုးမှုခံနေရသည်။ ယင်းလွှမ်းမိုးမှုမှာ တနင်္သာရီမြို့သည် တောင်တန်းများထူထပ်သဖြင့် တောင်ကျရေများလွှမ်းမိုးလာ၍ ဩဂုတ် ၂ ရက် မွန်းတည့် ၁၂ နာရီ အချိန်တိုင်းထွာချက်များအရ မြစ်ရေသည် ၂၅ ပေ ၆ လက်မသို့ ရောက်ရှိလာသဖြင့် စိုးရိမ်ရေအမှတ် ၂၄ ပေထက် ၁ ပေ ၆ လက်မ မြင့်တက်နေပြီး အဆိုပါရေကြီးမှုကြောင့် ချောင်းကြီး၊ ရွှေလိပ်ပြာရပ်ကွက်တွင် မြေပြင်မှ ၆ ပေ ၃ လက်မ၊ ချောင်းငယ်မွန်စုရပ်ကွက်တွင် မြေပြင်မှ ၇ ပေ ၇ လက်မခန့် မြင့်တက်လာသဖြင့် ယင်းရပ်ကွက်များရှိ အိမ်ထောင်စု ၈၈ စု၊ လူဦးရေ ၅၀၃ ဦးအား အောက်ပါအတိုင်းဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ထားပါသည်။ယင်းပြောင်းရွှေ့ရာတွင် သန္ဓေ၊အရန်ချောင်းကြီးရပ်ကွက် မြို့နယ်ခန်းမ(၁+၈)၊ ချောင်းငယ်ရပ်ကွက် ရိပ်သာ(၁+၇)၊ ချောင်းကြီးရပ်ကွက် ဘုန်းကြီးကျောင်း(၂+၉)၊ အကျဉ်းဦးစီးဌာနရုံးဟောင်း(၁+၆)၊ စုစုပေါင်း (၅+၃၀) ရေမြုပ်ခံထားရပြီး အိမ်ခြေဦးရေမှာ (၈၈)၊ (၁၂)နှစ်အောက်ကလေးငယ်များမှာ ကျား ၆၅၊ မ ၈၄၊ (၁၂)နှစ်အထက်များမှာ ကျား ၁၇၇၊ မ ၁၇၇၊ စုစုပေါင်း ကျား ၂၄၂၊ မ ၂၆၁ တို့ကို ကယ်ဆယ်ရေးစခန်းမှ ဆက်လက်စောင့်ရှောက်လျက်ရှိကြောင်း တနင်္သာရီရေမှာ ဩဂုတ် ၄ ရက်အထိ အနည်းငယ်သာ လျော့ဆင်းလာသည်ဟု သိရသည်။ (၂၇၈)

ဇီဝမျိုးစုံမျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေထိန်းသိမ်းစို့

ဗုဒ္ဓဘာသာ လူငယ်ယဉ်ကျေးမှု နည်းပြသင်တန်းဖွင့်

ကျောက်တန်း ဩဂုတ် ၄

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့နယ်ခွဲ အမှတ် (၁)ရပ်ကွက် ရွာလယ်ကျောင်းတိုက် သုံးလောက ထွဋ်ခေါင်မာရ်အောင် ရတနာဘုရားကြီးတန်ဆောင်းတွင် ဩဂုတ် ၂ ရက် နံနက် ၉ နာရီက တံတားမြို့နယ်ခွဲမှ ဆရာတော်ကြီးများနှင့် ဓမ္မရောင်ခြည်သာသနာပြုအဖွဲ့တို့မှ ကြီးမှူး၍ "ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု နည်းပြသင်တန်းကို ဖွင့်လှစ်ခဲ့ရာ တံတားမြို့နယ်ခွဲအတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းပြ ဆရာဆရာမ ၁၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အောင်ဆွေ-ရွှေတံတား)

အလုပ်လည်းရှာရင်း

နည်းပညာသတင်း

Alez

ကြိုးမဲ့စနစ် ဝါယာလက်(Wireless) နည်းပညာဆိုသည်မှာ

ကျွန်တော်တို့ပတ်ဝန်းကျင်တွင် နည်းပညာများတစ်နေ့တခြား တိုးတက်လာသောကြောင့် ပစ္စည်းအသစ်အဆန်းပေါင်းများစွာ နေ့စဉ်ထွက်ပေါ်လျက်ရှိပြီး ဝယ်ယူသုံးစွဲသူအရေအတွက်မှာလည်း နေ့စဉ်တိုးပွားလျက်ရှိပေသည်။ ထိုအထဲတွင် အင်တာနက်အသုံးပြု၍ အသက်မွေးဝမ်းကျောင်းပြုသူများအတွက် မရှိမဖြစ်နီးပါး အသုံးဝင်သောအရာတစ်ခုမှာ ကြိုးမဲ့စနစ်ခေါ် ဝါယာလက် (Wireless) စနစ်ဖြစ်သည်။ ထိုစနစ်သည် ကြိုးများပေါက်၍ အချက်အလက်ပေးပို့မှုကြန့်ကြာခြင်း၊ အချိန်ကြာလာသည်နှင့်အမျှ ကြိုးများဟောင်းနွမ်းဆွေးမြည့်ကာ လုပ်ငန်းမတွင်ကျယ်ခြင်း၊ ကြိုးသွယ်တန်းမှုအခက်အခဲများရှိခြင်း၊ လျှပ်စစ်အန္တရာယ်စိုးရိမ်ရခြင်းအစရှိသည်တို့ကို လျှော့ချပေးနိုင်ရန် ဖန်တီးထုတ်လုပ်ထားသည်။

ထိုနည်းပညာကို ၁၉၉၆ ခုနှစ်တွင် စတင်ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် အကောင်အထည်ဖော်အောင်မြင်ခဲ့သည်။ သူ၏အမည်ကို တိကျမှုရှိသော ကြိုးမဲ့ဆက်သွယ်ရေးကွန်ရက် (Wireless Fidelity) ဟု ခေါ်ပြီး လူသိများသော နာမည်မှာ အတိုကောက်အားဖြင့် Wi-Fi ဟု ခေါ်တွင်သည်။ ထိုစနစ်အား မိုဘိုင်းကွန်ပျူတာ၊ မိုဘိုင်းဖုန်းများတွင် အသုံးပြုနိုင်ရန်ရည်ရွယ်၍ စတင်ဖန်တီးလိုက်ပြီး ယနေ့ခေတ်တွင် ကင်မရာ၊ ပရင်တာများနှင့် အခြားမိုဘိုင်းအီလက်ထရွန်နစ် ပစ္စည်းအချို့တွင်ပါပါဝင်လာမှုများကိုလည်း တွေ့ရှိရပါသည်။ ထို့ကြောင့် အသုံးပြုမှု ပိုမိုတွင်ကျယ်လာသည်နှင့်အမျှ ထိုစနစ်အား ပံ့ပိုးပေးမည့် အချက်အလက်ဖြန့်ဝေပေးသောပစ္စည်း(Router) ဟုခေါ်ဆိုသော အရာများကို သစ်သည်ထက် သစ်အောင်၊ ကောင်းသည်ထက်ကောင်းအောင် ဈေးကွက်အတွင်းသို့ စီးပွားရေးလုပ်ငန်းရှင်များက ဖန်တီးထုတ်လုပ်ဖြန့်ချိပေးလျက်ရှိသည်။

ထို့ကြောင့် ယနေ့ခေတ်တွင် ထိုပစ္စည်းအား လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းအကြား နေရာအချို့တွင် မြင်တွေ့နေရလေသည်။ အများပြည်သူအသုံးပြုနိုင်သော နေရာအချို့တွင် အခမဲ့တပ်ဆင်ပေးခြင်းများ၊ အခကြေးငွေအနည်းငယ်မျှဖြင့် ငှားရမ်းအသုံးပြုမှုများမှာ တစ်နေ့တခြား တိုးပွားလျက်ရှိပါသည်။ ဤကဲ့သို့ တိုးပွားလာခြင်းမှာ ၎င်းစနစ်၏ ဝန်ဆောင်မှု ကောင်းခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။ ထိုစနစ်ကို အခြေခံအားဖြင့် ရေဒီယိုအချက်ပြမှုစနစ် (Radio Signal) ကို အခြေခံထားပြီး ၎င်းကိုအသုံးပြုရန်အတွက် ကြားခံပစ္စည်းတစ်ခုအနေဖြင့် အထက်ဖော်ပြပါ (Router ခေါ် Access Point) ကြိုးမဲ့အချက်အလက်ဖြန့်ဝေပေးသော စက်တစ်ခုကို လွယ်ကူစွာတပ်ဆင်အသုံးပြုနိုင်ပါသည်။ အဆိုပါ စနစ်တွင် အခြေခံအားဖြင့် တိုက်ရိုက်ထုတ်လွှင့်မှုစနစ် (Obtain IP System) နှင့် ထိန်းချုပ်လွှင့်တင်မှုစနစ် (Use IP System) ဟူ၍ နှစ်မျိုးရှိသည်။

တိုက်ရိုက်ထုတ်လွှင့်မှုဆိုသည်မှာ စကားဝှက် (Password) ဖြင့်သာကာကွယ်ထားပြီး ထိုစကားဝှက်ကို သိရုံမျှဖြင့် ချိတ်ဆက်၍ အလွယ်တကူ အသုံးပြုနိုင်ပြီး ထိန်းချုပ်လွှင့်တင်မှုစနစ် (Use IP System) ဆိုသည်မှာ အဆိုပါကြိုးမဲ့စနစ်အား လမ်းကြောင်းပြနံပါတ်များ (IP Adress) ပေး၍ ထိန်းချုပ်ထားပြီး ထည့်သွင်းထားသည့် နံပါတ်များကို သိရှိမှသာ ချိတ်ဆက်အသုံးပြုနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့ပတ်ဝန်းကျင်တွင် ကြိုးမဲ့စနစ်သုံး အင်တာနက်လိုင်းများရှိနေပါက ပထမဦးစွာ အဆိုပါ အင်တာနက်လိုင်းထုတ်လွှင့်မှု အမျိုးအစားကို ကြိုတင်သိရှိရန်လိုအပ်ပြီး ၎င်းကဲ့သို့ သိရှိထားမှသာလျှင် အလွယ်တကူ ချိတ်ဆက်အသုံးပြုနိုင်မည်ဖြစ်သည်။

အထက်ဖော်ပြပါ ကြိုးမဲ့အချက်အလက် ဖြန့်ဝေပေးသော စက်များမှ အမျိုးအစားများစွာရှိပြီး ထိုအမျိုးအစားအလိုက် အသုံးပြုမှု အမြန်နှုန်းမှာလည်း ကွာခြားချက်ရှိပါသည်။ လွှင့်ထုတ်မှုအားနည်းသော စက်အချို့တွင် မီတာ ၁၀၀ အတွင်း အသုံးပြုနိုင်ပြီး လွှင့်ထုတ်မှုအားကောင်းသောစက်များတွင် မီတာ ၃၀၀ အထက် ဖမ်းယူအသုံးပြုနိုင်ပါသည်။ အချက်အလက်ချိတ်ဆက်မှုကြိုး (Network Cable) များ အသုံးပြုရခက်ခဲသော နေရာများတွင် အဆိုပါ ကြိုးမဲ့စနစ်သုံး စက်များကြောင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ပိုမိုတိုးတက်ကောင်းမွန်လာစေပြီး လွယ်ကူလျင်မြန်စွာ အသုံးပြုနိုင်ခြင်းကြောင့် ယနေ့ခေတ်လူငယ်များအကြားတွင် ရေပန်းစားလျက်ရှိနေပါသည်။ အကယ်၍ အဆိုပါစနစ်ကို အသုံးပြုမည့်သူသည် မိုဘိုင်းကွန်ပျူတာဖြင့် ချိတ်ဆက်အသုံးပြုရန် ဆန္ဒရှိသည်ဆိုပါက အလွယ်တကူပင် ချိတ်ဆက်အသုံးပြုနိုင်ရန် ထိုမိုဘိုင်းကွန်ပျူတာတွင် ပါဝင်သော ကြိုးမဲ့အချက်အလက်ချိတ်ဆက်သောစနစ် (Wireless System) ကို အသုံးပြု၍ ထုတ်လွှင့်ထားသော ကြိုးမဲ့ဆက်သွယ်ရေးလိုင်း (Wireless Network Connection) အား အလွယ်တကူရှာဖွေချိတ်ဆက်ကာ အသုံးပြုနိုင်ပါသည်။

ထိုသို့ အသုံးပြုနိုင်စေရန် မိမိချိတ်ဆက်အသုံးပြုမည့် ကြိုးမဲ့ဆက်သွယ်ရေးလိုင်း (Wireless Network Connection) ၏ အမည်နှင့် အမျိုးအစားကိုလည်း သိရှိထားစေရန် လိုအပ်ပါသည်။ ယခုတင်ပြသောအကြောင်းအရာမှာ အခြေခံလူတန်းစား လက်လုပ်လက်စားပြည်သူများအတွက် အလွယ်တကူနားလည်သိရှိနိုင်စေရန် ရည်ရွယ်ပြီး ရေးသားတင်ပြခြင်းဖြစ်ပါ၍ အမှားအယွင်းနှင့် လိုအပ်ချက်များ ပါဝင်နေပါက နားလည်ပေးစေလိုကြောင်း တင်ပြလိုက်ရပါသည်။ ။

ကလေးဒေသထွက်ဆန်များ ပြည်ပတင်ပို့နိုင်ရေး ဧရာမင်းမျိုးသန့်စံပြကွက်များ စိုက်ပျိုး

ကလေး ဩဂုတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ထွက်ဆန်များ ပြည်ပတင်ပို့နိုင်ရေး ရည်ရွယ်၍ ဧရာမင်းမျိုးသန့်စံပြ စိုက်ကွင်းအဖြစ် ချင်းဆိုင်ကျေးရွာတွင် ကွင်းအမှတ်-၈၀၀ (င) ဦးပိုင်အမှတ်-၂၄ တောင်သူ ဦးမောင်တင့်၏ လယ်မြေတွင် ဧရာမင်းမျိုးသန့်စိုက်ကွင်း ဧက ၁၀ ကို ဇူလိုင် ၃၀ ရက်က စတင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

"ကျွန်တော်တို့ မြန်မာ့ဆန်တွေတစ်ချိန်က ကမ္ဘာတွင်ရင်ပေါင်တန်းနိုင်ခဲ့ပါတယ်၊ အာရှ၏ ဆန်အိုးကြီးလို့တောင် တင်စားခံခဲ့ရပါတယ်၊ တောင်ကိုရီးယား၊ ဂျပန်၊ တရုတ်၊ လာအို၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ အနောက်ပိုင်းနိုင်ငံများအထိ ပို့ဆောင်ခဲ့ရပါတယ်၊ နည်းပညာတွေမြင့်မားလာလို့၊ စိုက်ပျိုးနည်းစနစ်တွေ ပြောင်းလဲလာလို့ အကြောင်းအမျိုးမျိုးကြောင့် ခေတ်နောက်ကျန်ခဲ့တာကို ပြန်လည်ပြုပြင်နိုင်ဖို့ ကြိုးစားကြရပါမယ်လို့"ဟု တောင်သူတစ်ဦးက ပြောသည်။

ကလေးဒေသထွက် ဧရာမင်းဆန်ကို မြန်မာပြည်တွင် နာမည်ရလာဖို့ အတွက်သာမက ပြည်ပတင်ပို့နိုင်ရေး ရည်ရွယ်ကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်မောင်ဆွေနှင့် ဝန်ထမ်းများသည် သိပ္ပံနည်းကျပျိုးပေါင်စနစ်ဖြင့်ပျိုးထောင်၍ခြောက်တန်း တစ်တန်းလှပ်စနစ်ဖြင့် စိုက်ပျိုးခဲ့ကြောင်း၊ ကလေးနယ်တွင် ယခင်နှစ်က မိုးစပါးဧကတစ်သိန်းကျော် စိုက်ပျိုးခဲ့ရာ ဧရာမင်းစပါးစိုက်ဧက ငါးသောင်းနီးပါးစိုက်ပျိုးခဲ့ကြောင်း၊ ထို့ကြောင့် ဧရာမင်းကို မျိုးကောင်းမျိုးသန့်ရရှိ၍ ကမ္ဘာ့အဆင့်အတန်းမီ ဆန်အဖြစ် ပြည်ပတင်ပို့နိုင်ရေးရည်ရွယ်ကာ ဧရာမင်းမျိုးသန့်များ ပိုမိုစိုက်ပျိုး၍ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝန်းရံခ-တက္ကသိုလ်)**





(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် အသုံးပြုရန် လိုအပ်သော Spider Camera ဝယ်ယူရန်/ငှားရန်အလိုရှိသည်

၁။ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ၁၁-၁၂-၂၀၁၃ ရက်နေ့နှင့် ၂၂-၁၂-၂၀၁၃ ရက်နေ့တို့တွင် ကျင်းပပြုလုပ်မည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား ကျင်းပဆောင်ရွက်မှုများကို အနီးကပ်လှုပ်ရှား ရိုက်ကူးတင်ဆက်နိုင်ရန်အတွက် ကောင်းကင်ကြိုးတပ်လှုပ်ရှား Spider Camera အသုံးပြုဆောင်ရွက်မည်ဖြစ်၍ ဝယ်ယူရန်/ငှားရန် ဝန်ဆောင်မှုပေးလိုသူများ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။ တင်ဒါတင်သွင်းလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်အညီ လျှောက်လွှာပုံစံများကို ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကျင်းပရေးကော်မတီရုံး၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၅)၊ နေပြည်တော်သို့ ၅-၈-၂၀၁၃ ရက်နေ့မှ ၁၅-၈-၂၀၁၃ ရက်နေ့အတွင်း မှတ်ပုံတင်စာရင်းသွင်းရန်နှင့် လျှောက်လွှာပုံစံတစ်စောင်လျှင် ၁၀၀၀၀/-(ကျပ်တစ်သောင်း)နှုန်း ဖြင့် ဝယ်ယူနိုင်ပြီး တင်ဒါလျှောက်ထားမှုကို ၃၁-၈-၂၀၁၃ ရက်နေ့ နောက်ဆုံးထားလျက် ဝယ်ယူရာဌာနသို့ ပေးပို့လျှောက်ထားရမည်-

(က) တင်ဒါတင်သွင်းလိုသူများသည် တင်ဒါတင်သွင်းခြင်းလုပ်ငန်းအတွက် အာမခံကြေး ကျပ်သိန်း ၅၀ကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ဘဏ္ဍာရေးဌာနတွင် ပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲတင်သွင်းရမည်။ တင်ဒါမအောင်မြင်သူများကို အာမခံစပေါ်ငွေ ပြန်လည်ထုတ်ပေးမည်ဖြစ်ပြီး တင်ဒါအောင်မြင်ပြီး လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်ပါက အာမခံစပေါ်ငွေကို ပြန်လည် ထုတ်ပေးခြင်းမပြုပါ။ တင်ဒါဝင်ရောက်တင်သွင်းခြင်းမပြုသူများကိုလည်း အာမခံစပေါ်ငွေ ပြန်လည်ထုတ်ပေးခြင်းမပြုပါ။

(ခ) ဝန်ဆောင်မှုပေးမည့် ကင်မရာ၏ ကုန်အမှတ်တံဆိပ်၊ အမည်၊ အမျိုးအစား၊ စွမ်းရည်တို့ကို ထည့်သွင်းဖော်ပြရမည်။

(ဂ) ဝယ်ယူရန်/ငှားရန် ဝန်ဆောင်မှုပေးနိုင်မည့် အသေးစိတ် အချက်အလက်နှင့် လုပ်ငန်းအတွေ့အကြုံများကို ပူးတွဲတင်ပြရမည်။ မြန်မာကုမ္ပဏီကြားခံတင်ပြခြင်းဖြစ်ပါက ကုမ္ပဏီ၏ ခိုင်မာမှု၊ ဘဏ္ဍာငွေပိုင်ဆိုင်မှု၊ ရုံးဖွဲ့စည်းမှုတို့ကို လိုအပ်ပါက တောင်းခံပါမည်။

(ဃ) ဈေးနှုန်း တင်သွင်းလွှာကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

(င) ရွေးချယ်ခြင်းခံရပါက စာချုပ်ချုပ်ဆိုပြီး ၁၄ ရက်အတွင်း ဝန်ဆောင်မှုတန်ဖိုး ငွေပမာဏ၏ ၁၀ရာခိုင်နှုန်းနှင့် ညီမျှသော ငွေအတွက် ခိုင်မာသော ဘဏ်အာမခံတောင်းလျှင် တင်ပြနိုင်ရမည်။

(မှတ်ချက်) (၁) ဝယ်ယူရန်/ငှားရန် ဝန်ဆောင်မှုဈေးနှုန်း ကြမ်းခင်းဈေးကို သိပြီးဖြစ်၍ ကြမ်းခင်းဈေးထက် ကျော်လွန်နေသည့် တင်ပြလျှောက်လွှာများကို လုံးဝ စဉ်းစားလိမ့်မည် မဟုတ်ပါ။

(၂) နောက်ဆုံးကျန် ကုမ္ပဏီ (၂)ခုကို မျက်နှာစုံညီ ခေါ်ယူတွေ့ဆုံ၍ ဈေးပြိုင်စေမည်ဖြစ်ပါသည်။

၂။ အသေးစိတ် သိရှိလိုပါက ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကျင်းပရေးကော်မတီ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၅)၊ နေပြည်တော် ဖုန်း- ၀၆၇-၄၀၈၄၅၄ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဖြိုးပြည့်စုံလွင် (ဘ) ဦးကြည်လွင် မှတ်ပုံတင်အမှတ် [၁၄/ဝခမ (နိုင်)၁၄၆၂၃၀]၏ နိုင်ငံကူးလက်မှတ်အမှတ် M-856522 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉၅၁၃၇၈၉၅

American Idol သို့ ဂျေလို ပြန်လည်ရောက်ရှိလာမည်လော . . .

ကမ္ဘာကျော်တေးသံရှင် ဂျနီဖာလိုပက်ဇ်သည် ၂၀၁၂ ခုနှစ်က American Idol သီချင်းဆိုပြိုင်ပွဲ၏ အကဲဖြတ်ဒိုင်အဖြစ်မှ စတီဗင်တေလာနှင့်အတူ နုတ်ထွက်ခဲ့ပြီး ယခုတစ်ဖန် အဆိုပါသီချင်းဆိုပြိုင်ပွဲ၏ အကဲဖြတ်ဒိုင်အဖြစ် ပြန်လည်ပါဝင်မည်ဟု သတင်းများထွက်ပေါ်လျက်ရှိရာ အမှန်တကယ် ပြန်လည်ရောက်ရှိလာမည်လော ဆိုသည်မှာ ပရိသတ်များအတွက် စိတ်ဝင်စားစရာဖြစ်နေသည်။

Fox talent show ၏ (၁၀)ကြိမ်နှင့် (၁၁)ကြိမ်မြောက်ပြိုင်ပွဲတို့တွင် အကဲဖြတ်ဒိုင်အဖြစ် ပါဝင်ပေးခဲ့သူ ဂျေလိုက အခြားသော အခွင့်အရေးများကို လက်မလွှတ်လိုခြင်းကြောင့်ဟူသော အကြောင်းပြချက်ဖြင့် ၂၀၁၂ ခုနှစ်အတွင်းက အဆိုပါပြိုင်ပွဲများမှ နုတ်ထွက်ခဲ့သည်။

ယခုအခါ အခြားသော အကဲဖြတ်ဒိုင်အဖွဲ့ဝင်များဖြစ်သည့် Nicki Minaj၊ Mariah Carey နှင့် ရမ်ဒီဂျက်ဆွန်တို့ အဆိုပါပြိုင်ပွဲမှ ထွက်ခွာသွားပြီးမှ ဂျေလို ပြန်လည်ပါဝင်လာခြင်းဖြစ်ကြောင်း၊ ဂျေလိုပြန်လည်ပါဝင်လာသည့်အတွက် ရုပ်သံလိုင်းအနေဖြင့်လည်း အလွန်ပျော်ရွှင်လျက်ရှိကြောင်း သတင်းရင်းမြစ်တစ်ခုက People မဂ္ဂဇင်းသို့ ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ်က အဆိုပါသီချင်းဆိုပြိုင်ပွဲတွင် ဂျေလိုမပါဝင်နိုင်ခဲ့ခြင်းမှာ ကမ္ဘာလှည့်ဖျော်ဖြေပွဲများ၊ ရုပ်ရှင်ရိုက်ကူးရေးများ၊ ရုပ်သံလိုင်း ပရောဂျက်များအတွက် အလုပ်ရှုပ်နေခြင်းကြောင့်ဖြစ်ပြီး ယခုအခါ ယင်းအလုပ်များအားလုံး ပြီးဆုံးသွားပြီဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ၏ နာမည်ကျော်သီချင်းအဆိုပြိုင်ပွဲတစ်ခုဖြစ်သည့် American Idol မှ အနားယူထားစဉ်ကာလအတွင်း အသက်(၄၄) နှစ်ရှိ ဂျေလိုသည် သူမ၏ အဋ္ဌမမြောက်အယ်လ်ဘမ်နှင့် ကမ္ဘာလှည့် ဖျော်ဖြေပွဲများအတွက် အချိန်ပေးထားခဲ့ရပြီး သရုပ်ဆောင် ဂျက်ဆွန် စတသမ်နှင့်အတူ Parker စိတ္တဇမှုခင်းဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး The Fosters ရုပ်သံလိုင်း၏ အမှုဆောင်ထုတ်လုပ်သူအဖြစ် တာဝန်များထမ်းဆောင်ရင်း အချိန်များကုန်လွန်စေခဲ့ကြောင်း သိရသည်။

ဘောလုံးသမားတစ်ဖြစ်လဲမြင်တွေ့ရမယ့် One Direction အဖွဲ့မှ အဖွဲ့ဝင် Louis Tomlinson

ကမ္ဘာကျော်ဗြိတိန်တေးဂီတအဖွဲ့ One Direction မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒွန်ကတ်စတာမြို့သား တေးသံရှင် Louis Tomlinson က ယခုနှစ် အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးရာသီ၌ Doncaster Rovers F.C ဘောလုံးအသင်းတွင် စာချုပ်ဖြင့် ခေါ်ယူသည့် ပုံစံမျိုးမဟုတ်ဘဲ သာမန်အားကစားသမားတစ်ဦးအနေဖြင့် ပါဝင်ကစားရန် သဘောတူလက်မှတ်ရေးထိုးထားကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းရှိ ဆယ်ကျော်သက်အမျိုးသမီးငယ်အတော်များများ၏ သဘောကျနှစ်သက်ခြင်းခံရသူ One Direction အဖွဲ့မှ အသက် (၂၁)နှစ်အရွယ်ရှိ တေးသံရှင် Louis Tomlinson က ယင်းသို့ပါဝင်ကစားခွင့်ရရှိခဲ့ခြင်းမှာ ငယ်စဉ်ကတည်းက မက်ခဲ့ရသည့် အိပ်မက်တစ်ခုပင်ဖြစ်ပါကြောင်း၊ One Direction အဖွဲ့အနေဖြင့်လည်း လာမည့်နှစ် မေလတွင်စတင်မည့် worldwide stadium tour ဂီတဖျော်ဖြေပွဲများအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် "လူးဝစ်ဟာ ဘောလုံးအားကစားအတွက် အမြဲတမ်းလိုလို စိတ်ဓာတ်ပြင်းပြလျက်ရှိသူတစ်ဦးဖြစ်ပါတယ်။ ဒါ့အပြင် သီချင်းဆိုတဲ့အလုပ်နဲ့အတူ သူဝါသနာပါတဲ့ ဘောလုံးအားကစားနည်းကိုပါ တွင်တွင်ကျယ်ကျယ်လုပ်ချင်တဲ့ သူတစ်ဦးဖြစ်ပါတယ်"ဟု အဆိုပါကလပ်အသင်း၏ ဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြထားသည်။

ဖြိုးစန္ဒာမြင့်
စုစည်းရေးသားသည်

ပြည်ဝင်ဗီဇာကိစ္စနှင့်ပတ်သက်ပြီး အငြင်းပွားဖွယ်ဖြစ်နေရသည့် မက်ဒေါနားနှင့်လေဒီဂါဂါ

၂၀၁၂ ခုနှစ်အတွင်းက ရုရှားနိုင်ငံတွင် ဂီတဖျော်ဖြေပွဲများပြုလုပ်ခဲ့သူ တေးသံရှင် မက်ဒေါနားနှင့် လေဒီဂါဂါတို့အား ပြည်ဝင်ခွင့်ဗီဇာကိစ္စနှင့် ပတ်သက်ပြီး တရားစွဲဆိုထားကြောင်း The Guardian သတင်းစာက သတင်းဖော်ပြထားသည်။

ရုရှားအာဏာပိုင်များ၏ ပြောကြားချက်အရ ၂၀၁၂ ခုနှစ် ဩဂုတ်လအတွင်းက ရုရှားနိုင်ငံသို့ ဂီတဖျော်ဖြေပွဲ လာရောက်ကျင်းပခဲ့သည့် တေးသံရှင် မက်ဒေါနားနှင့် ဒီဇင်ဘာလက ဖျော်ဖြေခဲ့သည့် တေးသံရှင် လေဒီဂါဂါတို့သည် cultural-exchange ဗီဇာဖြင့် ရောက်ရှိလာကြသူများဖြစ်ပြီး စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခွင့်အတွက် ထောက်ခံချက်တစ်စုံတစ်ရာ မပါရှိကြောင်းနှင့် သက်ဆိုင်ရာ စာရွက်စာတမ်းမပါရှိဘဲ ယမန်နှစ်အတွင်းက ရုရှားနိုင်ငံ၌ ဂီတဖျော်ဖြေပွဲများ ကျင်းပခဲ့ကြကြောင်း သိရသည်။

ရုရှားနိုင်ငံမှ တာဝန်ရှိသူများအနေဖြင့်လည်း လာမည့်နှစ်တွင် ရုရှားနိုင်ငံ၌ ကျင်းပမည့် ဆောင်းရာသီ အိုလံပစ်ပွဲတော်သို့ လာရောက်ကြမည့် နိုင်ငံခြားခရီးသွားများနှင့် ယင်းပွဲတော်သို့ လာရောက်ဖျော်ဖြေကြမည့် နိုင်ငံခြားသား အနုပညာရှင်များကိုလည်း စေ့စပ်သေချာသည့် စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဆိုသည်။





မန်ယူ ၌သာ ဆက်နေရန် ရွန်းနီ ဆန္ဒရှိနေ

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းသည် အင်္ဂလန်တိုက်စစ်မှူး ရွန်းနီအား ခေါ်ယူနိုင်ရေးအတွက် ပြောင်းရွှေ့ကြေးပေါင်သန်း ၄၀ ဖြင့် ကမ်းလှမ်းလာခဲ့သော်လည်း အိုးထရက်ဖို့ဒ်မှ ထွက်ခွာလိမ့်မည်မဟုတ်ကြောင်း တိုက်စစ်မှူး ရွန်းနီက အခိုင်အမာ ပြောကြားခဲ့သည်။

တိုက်စစ်မှူး ရွန်းနီသည် မန်ယူအသင်းမှ ထွက်ခွာရန် တောင်းဆိုခဲ့သည့်အပြင် အိုးထရက်ဖို့ဒ်ကို စွန့်ခွာကာ အခြားအသင်းများသို့ ပြောင်းရွှေ့ရန် ပြင်ဆင်ခဲ့သော်လည်း လက်ရှိတွင် မန်ယူ၌သာ ဆက်နေရန် ဆုံးဖြတ်လိုက်ပြီဖြစ်သည်။

အသက် (၂၇) နှစ်အရွယ်ရှိ ရွန်းနီသည် မန်ယူအသင်း၌ ဆက်နေရန် ဆုံးဖြတ်ခဲ့သည့်အပြင် ဩဂုတ် ၃ ရက်က စပိန်လာလီဂါကလပ် ရီးယဲလ်ဘက် တစ် အသင်း နှင့် ယှဉ်ပြိုင်ကစားခဲ့သော ခြေစမ်းပွဲစဉ်တွင်လည်း ပါဝင်ကစားပေးခဲ့သည်။

ထို့အပြင် ဩဂုတ် ၆ ရက်တွင် စတော့ဟုမ်း၌ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်တွင်လည်း ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူးရွန်းနီအား ချယ်လ်ဆီး၊ အာဆင်နယ်တို့အပြင် ပီအက်စ်ဂျီနှင့် မိုနာကိုအသင်းတို့ ကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ဆွာရတ်ဇ်အား ဂါရတ်ဘေးလ်ဈေးနှုန်းနီးပါးပေးသင့်ဟုဆို

လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာသည် ဥရုဂွေးတိုက်စစ်မှူး လူးဝစ်ဆွာရတ်ဇ်အား အသင်း၌ ဆက်ထိန်းထားရန် စိတ်ဆန္ဒပြင်းပြနေပြီး ရောင်းချမည်ဆိုလျှင်လည်း စပါးတောင်ပံကစားသမား ဂါရတ်ဘေးလ်၏ ဈေးနှုန်းနီးပါးရရှိသင့်ကြောင်း ပြောကြားခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် တောင်ပံကစားသမား ဂါရတ်ဘေးလ်အား ပြောင်းရွှေ့ကြေး ယူရို ၁၁၅ သန်းဖြင့် ခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်နေစဉ်တွင် အာဆင်နယ်အသင်းအနေဖြင့်လည်း တိုက်စစ်မှူး ဆွာရတ်ဇ်အား ခေါ်ယူရန် ဇူလိုင်လအတွင်းက အာဆင်နယ်နှင့် လီဗာပူးတို့ ဆွေးနွေးခဲ့ကြသည်။

ဂါရတ်ဘေးလ်နှင့် ဆွာရတ်ဇ်တို့သည် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီမီယာလိဂ်တွင် အကောင်းဆုံးကစားသမားများအဖြစ် ရပ်တည်ခဲ့ကြောင်း၊ ထို့ကြောင့် တိုက်စစ်မှူး ဆွာရတ်ဇ်ကိုလည်း ရီးယဲလ်မက်ဒရစ်က ဂါရတ်ဘေးလ်အားပေးသော ဈေးနှုန်းနီးပါးအထိ အာဆင်နယ်အသင်းအနေဖြင့် ပေးသင့်ကြောင်း လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာက ဆိုသည်။

အေစီမီလန်ကို မစွန့်ခွာဘူးလို့ ဆိုလာတဲ့ အီရှာရာဝီ

ယခုနှစ်နွေရာသီအပြောင်းအရွှေ့တွင် ဆန်စီရိုမှ ထွက်ခွာရန် အသင့်ရှိနေသည်ဟူသော သတင်းများ ထွက်ပေါ်နေစဉ်တွင် အေစီမီလန်အသင်းကို စွန့်ခွာလိမ့်မည်မဟုတ်ကြောင်း အေစီမီလန်အသင်း၏ အားထားရသော ကစားသမားတစ်ဦးဖြစ်သည့် အီရှာရာဝီက အခိုင်အမာပြောကြားခဲ့သည်။

ထို့အပြင် အသက် (၂၀) အရွယ်ရှိ အီတလီကြယ်ပွင့် အီရှာရာဝီနှင့် ပတ်သက်၍ ယူရိုသန်း ၃၀ ဖြင့် ကမ်းလှမ်းလာမှုကိုလည်း အေစီမီလန်အသင်းအနေဖြင့် ငြင်းဆိုခဲ့ကြောင်း အေစီမီလန်အသင်း ဒုတိယဥက္ကဋ္ဌ ဂယ်လီယာနီက ထုတ်ဖော်ပြောကြားခဲ့သည်။

အီရှာရာဝီသည် ၂၀၁၁ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလက ဂျီနိုအာအသင်းမှ အေစီမီလန်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လက်ရှိအီရှာရာဝီ၏ အေစီမီလန်နှင့် စာချုပ်သက်တမ်းသည် ၂၀၁၈ ခုနှစ် ဇွန်လအထိ ဆက်ရှိနေမည်ဖြစ်ကြောင်းနှင့် အီရှာရာဝီအနေဖြင့်လည်း ဆန်စီရိုမှ ထွက်ခွာမည်မဟုတ်သည့်အပြင် မည်သည့်အသင်းကိုမျှ ပြောင်းရွှေ့ကစားလိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

လားရှိုးမြို့တွင် တရားမဝင်ရောင်းဝယ်နေသော လမ်းဘေးဆီဆိုင်များ

လားရှိုး ဩဂုတ် ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တွင်းရပ်ကွက်အတွင်း လမ်းဘေးဝဲ၊ ယာများတွင် ပဋိပက္ခများဖြစ်ပြီးနောက်ပိုင်း ရေသန့်ဘူးခွံများဖြင့် ဓာတ်ဆီ၊ ဒီဇယ်ဆီများ လမ်းဘေး၌ တရားမဝင်ရောင်းဝယ်မှုများ ပပျောက်သွားခဲ့သည်။ မေလကုန် ဇွန်လပထမပတ်မှစပြီး ကြိုးကြားကြိုကြား တစ်ဆိုင်စနှစ်ဆိုင်စ ပြန်ဖွင့်ရင်း ဇွန် ၂၃ ရက်နောက်ပိုင်းမှစ၍ ပေါ်ပေါ်ထင်ထင် ပြန်လည်ရောင်းချလာကြသည်။ ရပ်ကွက်(၈) ပြည်ထောင်စုလမ်းမကြီးအပေါ် တရားမဝင်ရေသန့်ဘူးများဖြင့် ရောင်းချနေသော အမျိုးသမီးတစ်ဦးကို မေးမြန်းကြည့်ရာ "မဖမ်းပါဘူး၊ ဆိုင်ကယ်ဆီလာထည့်ရင် ထည့်ပေးရတယ်၊ တစ်ခါတလေ ဆီလာကောက်တယ်၊ တစ်လတစ်ခါ၊ တစ်လနှစ်ခါလောက် ဆီပေးရတာ၊ လည်းရှိတယ်၊ ငွေကောက်တာလည်း ရှိပါတယ်" ဟု ပြောပြသည်။ ရပ်ကွက်(၁၂)၊ ရပ်ကွက်(၉)လမ်းဘေးတို့တွင် တရားမဝင် ရေသန့်ဘူးနှင့် ရောင်းနေသော ဆီဆိုင်များက "ဦးလေးရာ လုပ်စားတော့ မိုးခေါင်၊ ခိုးစားတော့ ခွေးဟောင်ဆိုသလို ဆီတစ်ဂါလန်ကို ရေသန့်ဘူးနဲ့ ထည့်ရောင်းရင် ငါးဘူးရပါတယ်။ နည်းနည်းဘူးဆိုဒ်သေးရင် ငါးဘူးခွဲရပါတယ်။ ဝယ်စျေးဓာတ်ဆီ တစ်ဂါလန် ကျပ် ၄၀၀၀၊ ရောင်းရင် ကျပ် ၅၀၀၀၊ ၅၅၀၀ လောက်ရတော့ တစ်ဂါလန်ကို ၁၀၀၀၊ ၁၅၀၀ ကျပ် ကျန်တာပေါ့ဗျာ၊ တစ်နေ့ကိုပုံမှန် လေးငါးဂါလန်ရောင်းရတော့ မိသားစုအတွက် အဆင်ပြေတယ်လေ။ တစ်ခါတလေ သုံးဘီးတွေ ကျပြီဆိုရင်တော့ တစ်ရက်ကို ကျပ် ၁၅၀၀၀၊ ၂၀၀၀၀ ရတယ်၊ ဒါပေမယ့် လိုင်းကြေးပေးရတာနဲ့ ဆီလာထည့် သွားတာနဲ့ဆိုတော့ မုန့်လုံးစက္ကူကပ်၊ ပရုတ်လုံးလေတိုက်သလို လုံးပါးပါးပြီး တစ်နေ့ထက်တစ်နေ့ မိသားစုစရိတ်၊ ကလေးကျောင်းစရိတ်အတွက် လုံးပန်းနေရတာပါပဲ"ဟု ပြောသည်။

တရားမဝင်ခွင့်ပြုရောင်းချခွင့်မရှိဘဲ လားရှိုးမြို့ပေါ် ရပ်ကွက်များအတွင်း အန္တရာယ်ကြီးစွာ ပေါ်ပေါ်ထင်ထင် လာဘ်ပေးလာဘ်ယူမှုများဖြင့် နေပူကျဲကျဲ၌ ခုံများအပေါ် ဖြူန်းအုတ်များပေါ်တင်၍ ဓာတ်ဆီကို ရေသန့်ဘူးများအတွင်းထည့်ကာ ရောင်းချနေကြသည်။ ပူပြင်းသော ရာသီဥတုကြောင့် မကြာခဏရေသန့်ဘူးများ ပွင့်ထွက်ပေါက်ကွဲသည်မှာ အန္တရာယ်များပြီး မီးဘေးအန္တရာယ် စိုးရိမ်ရလျက်ရှိသည်။

(ဇာဏီအောင်-လားရှိုး)

တန်ဖိုးရှိလှလှငယ်ဘဝ မှူးယစ်ကင်းစင် ကျန်းမာမှ

ဖဲ၌ ထော်လာဂျီယာဉ်တိမ်းမှောက်

ဖဲ ဩဂုတ် ၄

ဖဲမြို့ ကျောင်းတွင်းကွက်သစ်ရပ်ကွက် ရုံးပေါင်းစုံ အဆင်းလမ်းတွင် ဩဂုတ် ၃ ရက် ညနေ ၄ နာရီက ထော်လာဂျီယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့တွင် ကျောင်းတွင်းကွက်သစ်ရပ်ကွက်မှ စပါးအိတ်များတင်ဆောင်ပြီး ပဒါန်းကျေးရွာသို့ ပို့ဆောင်ရန် ယာဉ်မောင်း ဖြိုးဝေအောင်(ခ)ဖိုးလုံး(၂၃)နှစ် မောင်းနှင်လာသည့် ထော်လာဂျီယာဉ် ၄၄/---- သည် ၎င်း၏ဇနီး မခိုင်စုစု(၁၈)နှစ် လိုက်ပါပြီး ဖဲမြို့ ရုံးပေါင်းစုံအဆင်းလမ်းတွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် မခိုင်စုစုမှာ ညာဘက်ပေါင်နှင့် ဘယ်ဘက်ပေါင်ရင်းတို့တွင် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပြီး ဖဲမြို့နယ် ပြည်သူ့ဆေးရုံမှ မင်းဘူးမြို့ဆေးရုံကြီးသို့ လွှဲပြောင်းပို့ပေးခဲ့ရကြောင်း သိရသည်။

(ဖဲ ပြန်/ဆက်)

ရထားကြိုတ်မိမှုကြောင့် လူတစ်ဦးသေဆုံး

အင်းတော် ဩဂုတ် ၄

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဩဂုတ် ၂ ရက် ည ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် အမှတ်(၃၄)အစုန် အိပ်စင်ရထားက အင်းတော်မြို့နယ် ပင်ဝဲ-နာဘား ဘူတာကြား မိုင်တိုင်အမှတ် (၅၉၆/၁၇-၁၈) ကြားတွင် လူတစ်ဦးကို ကြိတ်မိမှုကြောင့် သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထိုနေ့ညက ပင်ဝဲဘူတာရုံပိုင်ကြီး ဦးတင်ထွန်းအောင်နှင့် တာဝန်ရှိသူအဖွဲ့က အခင်းဖြစ်ရာသို့ သွားရောက်စစ်ဆေးရာ သေဆုံးသူ ဦးအောင်သိန်း(၄၅)နှစ် ပင်ဝဲကျေးရွာ စက်ရုံကုန်းရပ် အင်းတော်မြို့နယ် နေသူဖြစ်ကြောင်း သိရှိရသည်။

(၂၁၄)

ခရီးသည်တင်ယာဉ်နှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

ရေတာရှည် ဩဂုတ် ၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ ညောင်ပင်သာကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၁၉၂/၃နှင့် ၁၉၂/၄ အကြားတွင် ဩဂုတ် ၂ ရက် မွန်းတည့် ၁၂ နာရီခွဲခန့်က နေပြည်တော်-တောင်ငူ တော်ဝင်ခရီးသည်တင်ယာဉ်နှင့် လူနှစ်ဦးစီးနင်းလာသော ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ ဆိုင်ကယ်မောင်းနှင်သူမှာ နေရာတွင်ပင်သေဆုံးခဲ့ပြီး နောက်မှလိုက်ပါစီးနင်းသူမှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း သိရသည်။

(ကိုလွင်-ဆွာ)

ဆိုင်ကယ်တိုက်မိမှုကြောင့် လူတစ်ဦးသေဆုံး

ပြည် ဩဂုတ် ၄

ဇူလိုင် ၃၁ ည ၁၀ နာရီခန့်က ပြည်မြို့ ရွာဘဲရပ်ကွက် ရတနာမာန်အောင်လမ်း စည်ပင်သာယာဝန်ထမ်းအိမ်ရာရှေ့တွင် အသက်(၄၀)ခန့်ရှိ အမည်နှင့်နေရပ် စိစစ်ဆဲအမျိုးသားတစ်ဦးသည် ဆိုင်ကယ်တိုက်ခံရ၍ သေဆုံးခဲ့သည်။

သေဆုံးမှုနှင့်ပတ်သက်၍ ပြည်မြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ သွားရောက်စစ်ဆေးရာ သေဆုံးသူ အမျိုးသားတွင် ဦးခေါင်းနောက်စေ့ပေါက်ပြဲဒဏ်ရာတစ်ချက်၊ ယာရင်ဘတ်ပေါ်တွင် ဆိုင်ကယ်ဘီးရာတို့ဖြင့် လဲကျသေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသည်။

(၅၇၈)

အရက်အလွန်အကျွံသောက်သူ ရေနစ်သေဆုံး

ပဲခူး ဩဂုတ် ၄

ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက်နေ ဇော်ဝင်း(ခ)စိန်အေး (၃၁)နှစ်သည် မြို့ပတ်တာပတ်လမ်းဘေး ရေကန်အနီး၌ ရေနစ်သေဆုံးခဲ့သည်ကို ဩဂုတ် ၁ ရက် နံနက် ၆ နာရီခွဲတွင် ရပ်ကွက်နေသူများက တွေ့ရှိခဲ့သည်။ သေဆုံးသူမှာ အရက်အလွန်အကျွံသောက်သုံးသူဖြစ်ပြီး ပဲခူးမြို့ မြို့မရဲစခန်းမှ သွားရောက်စစ်ဆေးချိန်တွင် ပြင်ပဒဏ်ရာ ရရှိခြင်းမရှိကြောင်းနှင့် ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးနိုင်ရန် သေမှုသေခင်း အမှတ်စဉ် ၁၅/၂၀၁၃ အရ အမှုဖွင့်လှစ်ထားကြောင်း သိရသည်။

(၅၇၈)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ရုံးပင်စောက်အုပ်စု၊ ကျောက်ဖူးကျေးရွာနေ ၂၀၁၂/၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခုံအမှတ် (မလ-၁၄၃၉)ဖြင့် အောင်မြင်ခဲ့ သော မပန်းဖြူ၏ ဖခင်အမည်မှန်မှာ ဦးမာဒင်(ခ) ဦးနိုင်လင်း ဖြစ်ပါကြောင်း။

ဦးနိုင်လင်း(ခ)ဦးမာဒင်
[၉/မလန(နိုင်)၀၁၀၃၃၁]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဥပဒေမဟာဘွဲ့ရများအား အလုပ်ခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၌ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများတွင် တာဝန်ပေးအပ်ရန်အတွက် ဥပဒေမဟာဘွဲ့ရများအား လစာနှုန်း(၇၉၀၀၀ိ-၁၀၀ဝိ-၈၄၀၀ဝိ)ရာထူးနေရာများ၌ အလုပ်ခန့်ထားရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ လိုအပ်သော စာရွက်စာတမ်းများ ပူးတွဲတင်ပြ၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး(နေပြည်တော်)တွင် ၁၀-၈-၂၀၁၃ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) Master of Law (LLM) ဘွဲ့ရရှိသူ ဖြစ်ရမည်။
(ဂ) ၁-၈-၂၀၁၃ ရက်နေ့တွင် အသက် (၂၅)နှစ်ထက်မကြီးသူဖြစ်ရမည်။
(ဃ) (၆)လအတွင်းရိုက်ထားသော ပတ်စပို့ ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(င) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။
(စ) ခန့်အပ်ခြင်းခံရပါက ဝန်ထမ်းစာချုပ်ချုပ်ဆိုနိုင်ရမည်။
(ဆ) (၁)လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ။
(ဇ) (၁)လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ။
(ဈ) (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။

၂။ သတ်မှတ်ချက်ကိုက်ညီပြီး လူတွေ့စစ်ဆေးချိန်တွင်ဘွဲ့၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်မူရင်းများတင်ပြနိုင်ရမည်။ အသေးစိတ်သိလိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး (တယ်လီဖုန်းနံပါတ်- ၀၆၇-၄၀၄၀၁၇)တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပစ္စည်းများအား စီမံကိန်းစခန်းမှ စီမံကိန်းနေရာများသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၅-၈-၂၀၁၃ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၉-၈-၂၀၁၃ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့၊
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

အခြေခံစာရင်းကိုင်သင်တန်း အမှတ်စဉ်(၄၈)
လျှောက်လွှာခေါ်ယူခြင်း

အခြေခံစာရင်းကိုင်သင်တန်း အမှတ်စဉ်(၄၈)သင်တန်းကို ၂၄-၈-၂၀၁၃ ရက် ဖွင့်လှစ်ပါမည်။

သင်တန်းကာလ	-	၂၄-၈-၂၀၁၃ ရက်မှ ၁၇-၁၁-၂၀၁၃ ရက်ထိ
သတ်မှတ်ပညာအရည်အချင်း	-	အခြေခံပညာအထက်တန်းအောင်(သို့မဟုတ်) တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်
သင်တန်းရက်	-	စနေ/တနင်္ဂနွေ
သင်တန်းချိန်	-	နံနက် ၉:၃၀ နာရီမှ ၂:၃၀ နာရီ
သင်တန်းနေရာ	-	ရန်ကုန်တိုင်းဒေသကြီး၊ စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း၊ အမှတ်-၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
လျှောက်လွှာလက်ခံမည့် ရက်/နေရာ	-	၅-၈-၂၀၁၃ ရက်မှ ၁၆-၈-၂၀၁၃ ရက်ထိ (နံနက် ၁၀ နာရီမှ မွန်းလွဲ ၁၅ နာရီထိ) ရုံးဖွင့်ရက်များ အမှတ်-၃၅/၈၇၊ အောက်ကြည့်မြင်တိုင်လမ်း၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊ စီမံဌာန၊ ဖုန်း-၂၁၂၅၁၆

မှတ်ချက်။ လိုင်စင်ဓာတ်ပုံ(၄)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်(မူရင်း/မိတ္တူ)၊ အောင်လက်မှတ်(မူရင်း/မိတ္တူ)

ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား ဂိုဒေါင်အရောက်တန်ဖိုး DDP(ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.10/HPGE/2013-2014
(က) တီကျစ်စက်ရုံအတွက် 70mm Ø Steel Ball (120)Tons
Tender No.11/HPGE/2013-2014
(က) ရုံးချုပ်နှင့် စက်ရုံများအတွက် တာယာမျိုးစုံ (450)Sets
Tender No.12/HPGE/2013-2014
(က) ရုံးချုပ်နှင့်စက်ရုံများအတွက် ရုံးသုံးစက်ကိရိယာ ပစ္စည်း(၄)မျိုး (28)Nos
Tender No.13/HPGE/2013-2014
(က) ရုံးချုပ်နှင့် စက်ရုံများအတွက် 12 Volt 120 Ahဘက်ထရီ (100)Nos
Tender No.14/HPGE/2013-2014
(က) တီကျစ်စက်ရုံအတွက် ဓာတုဗေဒပစ္စည်းများ (10)Items
Tender No.15/HPGE/2013-2014
(က) ဘီလူးချောင်း(၂)စက်ရုံအတွက် စက်ဆီ/ချောဆီများ (220)Drums

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ်၊ စက်တင်ဘာလ ၅ ရက် မွန်းတည့် ၁၂နာရီဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်းအောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈နှင့်၄၁၁၀၇၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
ပြည်တွင်းအမြန်ချောပို့လုပ်ငန်းအား မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူ (Registered Service Provider)အဖြစ်ဆောင်ရွက်လိုသည့် ပြည်တွင်းကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်းများ (Postal Services)အား နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုပေးနိုင်ရန်နှင့် ပုဂ္ဂလိကပါဝင်ဆောင်ရွက်မှုအခန်းကဏ္ဍ အခွင့်အလမ်းများ(Public Private Partnership)တိုးချဲ့ပေးနိုင်ရန် ရည်ရွယ်၍ ပြည်တွင်း အမြန်ချောပို့လုပ်ငန်းအား ပြည်တွင်းကုမ္ပဏီများသို့ မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူ (Registered Service Provider)အဖြစ် ပေးအပ်ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။
၂။ ထိုသို့ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများအတိုင်းဖြစ်စေရန်နှင့် ပွင့်လင်းမြင်သာမှုရှိသော စိစစ်ရွေးချယ်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ချောသယ်ယူပို့ဆောင်ရေး အတွေ့အကြုံရှိသော တိုင်းရင်းသားပြည်တွင်းကုမ္ပဏီ/အဖွဲ့ အစည်းများအား တင်ဒါဈေးပြိုင်တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါပုံစံများအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဌာန၊ နေပြည်တော်စာတိုက်ကြီးတွင် လာရောက်ထုတ်ယူနိုင်ပြီး သိရှိလိုသည့် အချက်အလက်များကို မေးမြန်းစုံစမ်းနိုင်ပါသည်။
၃။ သို့ဖြစ်ပါ၍ ပြည်တွင်းအမြန်ချောပို့လုပ်ငန်းကို မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူ (Registered Service Provider)အဖြစ် ဆောင်ရွက်လိုသည့် ပြည်တွင်းကုမ္ပဏီများသည် အောက်ပါလိပ်စာအတိုင်း ၂၀၁၃ခုနှစ်၊ ဩဂုတ် ၁၆ရက် ၁၆:၃၀နာရီမတိုင်မီ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

စီမံကိန်းနှင့် လေ့ကျင့်ရေးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊
နေပြည်တော်ဗဟိုစာတိုက်ကြီး၊ တယ်လီဖုန်းအမှတ် - ၀၆၇-၄၂၀၆၁၁ နှင့် ၀၆၇-၄၂၀၆၂၂
email - myanmarpostjv@mptmail.net.mm

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အင်ဂျင်နီယာဌာန
(အခြေစိုက်အလုပ်ရုံ-၃၊ မရမ်းကုန်း)

အခြေခံယာဉ်မောင်းသင်တန်းကို ၇-၈-၂၀၁၃ရက်နှင့် စနေ/တနင်္ဂနွေအထူးသင်တန်းကို ၃-၈-၂၀၁၃ရက်တွင် ဖွင့်ပါမည်။ ၂၃-၇-၂၀၁၃ ရက်မှစ၍ စာရင်းပေးသွင်းနိုင်သည်။ “သ”လိုင်စင်နှင့်“ခ”လိုင်စင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသည်။
သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။
အခြေခံလျှပ်စစ်ဂဟေဆက်သင်တန်း၊ အင်ဂျင်သင်တန်း၊ တွင်ခုံသင်တန်းများကို ၅-၈-၂၀၁၃ရက်တွင် ဖွင့်လှစ်ပါမည်။

ဆက်သွယ်ရန် ဖုန်း-၆၆၀၈၅၁

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဒြပ်ပစ္စည်းသိပ္ပံနှင့်ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာန
ကံ့ကော်(ကျောက်ဆည်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဒြပ်ပစ္စည်းသိပ္ပံနှင့်ဒြပ်ပစ္စည်းအင်ဂျင်နီယာ သုတေသနဦးစီးဌာန (ကံ့ကော်)ကျောက်ဆည်အတွက် အောက်ဖော်ပြပါစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Separatory Funnel Shaker Jeio Tech	(1) No
၂။	Cooling Unit	(1) No

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၅-၈-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ညွှန်ကြားရေးမှူးရုံး၊ နည်းပညာတက္ကသိုလ်(ကျောက်ဆည်) တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၂-၈-၂၀၁၃ ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ညွှန်ကြားရေးမှူးရုံး၊ နည်းပညာတက္ကသိုလ် (ကျောက်ဆည်) ဖုန်း-၀၆၆-၅၀၆၀၆ နှင့် ၀၉-၂၁၅၁၃၉၁ တို့တွင် စုံစမ်းနိုင်ပါသည်။

ညွှန်ကြားရေးမှူးရုံး၊ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)

အောင်ဇမ္ဗူ

ယာဉ်မောင်းသင်တန်း အိမ်စီးကားများကို အိမ်အရောက် သင်ပေးမည်။

ဖုန်း- ၀၉-၄၂၀၅၄၅၂၆

FREE
www.myanmar-opportunities.org

မြန်မာ့မီးရထားကြောင့် ယောနယ်ဒေသဖွံ့ဖြိုးတိုးတက်လာ

ပခုက္ကူ ဩဂုတ် ၄

မြန်မာ့မီးရထားမြို့ပြအင်ဂျင်နီယာဌာန တိုင်းအမှတ် (၁၀) ပခုက္ကူခရိုင်အတွင်း ပြေးဆွဲနေသောရထားများ လုံခြုံချောမွေ့စွာ ပြေးဆွဲနိုင်ရေးအတွက် ရထားလမ်းအတွင်း ယခင်ကထည့်သွင်းအသုံးပြုထားသော သစ်သားဇလီဖားများနေရာတွင် တောင့်တင်းခိုင်မာ၍ သက်တမ်းကြာရှည်စွာအသုံးပြုနိုင်သော ကွန်ကရစ်ဇလီဖားများဖြင့် အစားထိုးလဲလှယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ လဲလှယ်ဆောင်ရွက်ရာတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း တုံးအရေအတွက် နှစ်သောင်းကို လဲလှယ်ဖြည့်တင်းထားကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်လည်း တုံးနှစ်သောင်း လဲလှယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

ပခုက္ကူဒေသတွင် ချင်းတွင်းမြစ်ဖြတ်ဆင်ဖြူရှင်တံတားမှ ပခုက္ကူအထိ သံလမ်းမိုင် ၃၈ ဒသမ ၃၄၅ မိုင်ရှိသည်။ ပခုက္ကူမှ ဂန့်ဂေါအထိ ၁၅၄ ဒသမ ၁၂၅ မိုင်ရှိသည်။ ဂန့်ဂေါမှ ကလေးအထိ ၈၅ ဒသမ ၆၆၃ မိုင်ရှိသည်။ စုစုပေါင်း ၂၇၈ ဒသမ ၁၃၃ မိုင် ရှိကြောင်း သိရသည်။ ဆင်ဖြူရှင် (မင်းရွာ)- ပခုက္ကူမီးရထားလမ်းပိုင်းအား ၁၂-၁၂-၁၉၉၃ ရက်တွင် လည်းကောင်း၊ ပခုက္ကူ-မြိုင်-မြို့စိုးလမ်းပိုင်းကို ၁၃-၁၁-၁၉၉၃ ရက်တွင် လည်းကောင်း၊ မြို့စိုး-ဇီးပြားလမ်းပိုင်းအား ၁၈-၃-၁၉၉၅ ရက်တွင်လည်းကောင်း၊ ဇီးပြား-ကျောမီးရထားလမ်းပိုင်းအား ၉-၄-၁၉၉၇ ရက်တွင်လည်းကောင်း၊ ကျော-ရေမျက်နီလမ်းပိုင်းအား ၂၇-၁-၂၀၀၇ ရက်တွင် လည်းကောင်း၊ ရေမျက်နီ-ဂန့်ဂေါလမ်းပိုင်းအား ၁၇-၇-၁၉၉၇ ရက်တွင် လည်းကောင်း၊ ကလေး-နတ်ချောင်း လမ်းပိုင်းအား ၂၃-၄-၁၉၉၅ ရက်တွင် လည်းကောင်း၊ နတ်ချောင်း-ဂန့်ဂေါလမ်းပိုင်းအား ၅-၂-၁၉၉၆ ရက်တွင်လည်းကောင်း မြန်မာ့မီးရထားမှ ဖွင့်လှစ်ပြေးဆွဲခဲ့ကြောင်း လေ့လာသိရှိရသည်။

"ကျွန်တော်တို့ဒေသက တောတောင်ချောင်းမြောင်းပေါများတော့ သွားလာမှုခက်ခဲတယ်၊ မြန်မာ့မီးရထားမပြေးဆွဲခင်တုန်းက ကားခကလည်းဈေးကြီးတယ်၊ ကားလမ်းတွေကလည်းဆိုးတယ်၊ ဟိုတုန်းက ကျွန်တော်တို့ထန်းတောကျောသာကနေ ပေါက်မြို့အထိ တစ်နေကုန်ခြေကျင်သွားရတယ်၊ ပေါက်မြို့ကနေတစ်ဆင့် ပခုက္ကူကိုသွားကြရတယ်၊ လူလည်းပင်ပန်း အချိန်လည်းကုန် ငွေလည်းကုန်တဲ့ခရီးပေ့ါဗျာ၊ အခုတော့ မြန်မာ့မီးရထားကြောင့် ထန်းတောကျောသာ ပခုက္ကူခရီးကို နေ့ဝက်နဲ့သွားနိုင်ပြီ" ဟု ပုံတောင်ပုံညာတောင်ခြေရင်းက ယောရွာကလေး၏ ဒေသခံပြည်သူတစ်ဦးကပြောသည်။

တောတောင်ထူထပ်သော လမ်းပန်းခက်ခဲသည့် ပြည်နယ်ပြည်မများတွင် မြန်မာ့မီးရထားကြောင့် သွားလာလွယ်ကူကာ ကုန်စည်ကူးသန်းမှုအားကောင်းနေသောကြောင့် ကျေးလက်ဒေသနယ်မြေများသည် မြို့ပြနှင့်မခြား ဖွံ့ဖြိုးတိုးတက်ခေတ်မီစည်ကားလျက်ရှိကြောင်း သိရသည်။

နေဦးမောင် (ပခုက္ကူ)

သစ်လွင် တောက်ပသွားသည့် ဆရာစံနှင့်သခင်ဖိုးလှကြီးရုပ်တု

မကွေး ဩဂုတ် ၄

မကွေးမြို့မှ ၁၄မိုင်ကွာဝေးသော ယင်းချောင်းတံတားကြားရှိ ကုန်းမြင့်ပေါ်၌ လယ်သမားခေါင်းဆောင်ကြီးဆရာစံနှင့် အလုပ်သမားခေါင်းဆောင်ကြီး သခင်ဖိုးလှကြီးတို့ ရုပ်တုများ ရာသီဥတုလေဒဏ်မိုးဒဏ်ကြောင့် မူလဆေးရောင်များပျောက်၍ အရောင်အဆင်းများမွဲခြောက်မှေးမှိန်လျက်ရှိသဖြင့် ခရီးသွားပြည်သူများအနေဖြင့် စိတ်မကောင်းဖြစ်ရကြောင်း၊ နိုင်ငံခြားသားများမြင်တွေ့သွားလျှင် မြန်မာကို ကမ္ဘာကအထင်သေးသွားနိုင်ကြောင်း၊ ရုပ်တုများ၏အောက်တွင် မြက်ရိုင်းများဖြင့် ရှုပ်ထွေးညစ်ပတ်နေကြောင်း မီဒီယာသမားတစ်ဦး၏ အမြင်ကိုတင်ပြခဲ့ရာ ယခုအခါ အဆိုပါရုပ်တုများအား သက်ဆိုင်ရာက ပြန်လည်မွမ်းမံဆေးသုတ်၍ သန့်ရှင်းရေးပြုလုပ်ခြင်းဆောင်ရွက်မှုများကြောင့် ယခုအခါ မြင်ကွင်းအားလုံး လှပစိုပြည်လျက်ရှိသည်ကို တွေ့ရသည်။

ယင်းချောင်းတံတား တည်ဆောက်ခဲ့သည်မှာ နှစ်ပေါင်း ၅၀ ခန့် ကြာခဲ့ပြီဖြစ်သည်။ တံတားနှင့်အတူ ဆရာစံနှင့် သခင်ဖိုးလှကြီး ရုပ်တုများကိုလည်း တည်ဆောက်ခဲ့ခြင်းဖြစ်၏။ သတင်းသမားတစ်ဦး၏ တင်ပြချက်ကြောင့် အဆိုပါရုပ်တုအား ဆေးသုတ်ခြင်း၊ အောက်ခြေရှိ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းဖယ်ရှားခြင်း၊ ဘေးပတ်လည်အုတ်နံရံများကိုလည်း ဆေးသုတ်လိုက်သဖြင့် ယင်းချောင်းတံတားနှင့် လယ်သမားခေါင်းဆောင်ကြီး ဆရာစံ၊ အလုပ်သမားခေါင်းဆောင်ကြီး သခင်ဖိုးလှကြီး ရုပ်တုပုံရိပ်များမှာလည်း ဝင့်ကြွားထည်ဝါဂုဏ်တင့်လျက်ရှိသည်။

(မကွေးလှမြင့်)

ပန်းအလှစိုက်သူများ ဝယ်လိုအားကြောင့် အာဆီယံသပြေ အရောင်းသွက်

ရေတာရှည် ဩဂုတ် ၄

စွတ်စိုသော မိုးရာသီကာလအတွင်း ပန်းအလှစိုက်သူများ၏ ဝယ်လိုအားကြောင့် ရေတာရှည်မြို့ အရှေ့ဘက်အထွက် ကရင်ချောင်းလမ်းဘေး၌ စိုက်ပျိုးထားသော အာဆီယံသပြေပျိုးပင်များ အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

ရာသီအလိုက် အမြဲတမ်းစိမ်းစိုပြီး အပင်ဖျားတွင် အနီရောင်အညွန့်များကြောင့် လှပသောအာဆီယံသပြေမှာ ပန်းအလှစိုက်သူတို့ကို မျက်စိကျစေသည်ဟု ပန်းစိုက်ပျိုးသူများက ပြောပြသည်။

"ဘယ်အချိန်ကြည့်ကြည့် စိမ်းစိုနေတာ၊ ကျက်သရေလည်းရှိတယ်။ လှလည်းလှတယ်။ အညွန့်လေးတွေကို ဘုရားပန်းအဖြစ် လှူဒါန်းတော့ ကုသိုလ်လည်းရတာပေ့ါ" ဟု အိမ်ရှင်မတစ်ဦးက ပြောပြသည်။ အာဆီယံသပြေပန်းပင်များကို ပျိုးပင်တစ်ပင်လျှင် ငွေကျပ် ၃၅၀ နှုန်းရောင်းချပြီး အပင်ရေများလျှင် ငွေကျပ် ၃၀၀ ဖြင့်ရောင်းချသည်။ ထို့အတူ ဘုရားပန်းအဖြစ် အညွန့်များကို တောင်ငူမြို့မှ ဖောက်သည်များမှတစ်ဆင့် ပြန်လည်ရောင်းချရန် နေ့စဉ်လာရောက်ဝယ်ယူလျက်ရှိကြောင်း သိရသည်။

(၅၇၈)

Ship's Cook, Cook, 2nd Cook,G.S.
D.M.A
C.D.C
Kitchen Safety, Hygiene, Menu Planning, Purchasing & Storage
M.O.S.A.
Image Training Centre

စမ်းချောင်းတိုက်ခန်းများ ရောင်းမည်

၁။ ဦးဖိုးလမ်း၊ ပေ(၁၄×၆၀)၊ 1.F၊ ကျွန်းပါကေး၊ သံပန်း၊ ဆန်းရှိတ်၊ ဘိုထိုင်၊ အိပ်ခန်း(၂)၊ ကြွေပြား၊ မျက်နှာကြက်အထူးပြင်ဆင်ပြီး။ သိန်း(၆၅၀)
၂။ ချမ်းသာလမ်း၊ ပေ(၁၅×၆၀)၊ 4.F၊ ပါကေး၊ ကြွေပြား၊ သံပန်း၊ ဆန်းရှိတ်၊ ဘိုထိုင်၊ အိပ်ခန်း(၁)၊ မျက်နှာကြက်အထူးပြင်ဆင်ပြီး။ သိန်း(၅၂၀)

(ပွဲစားမလို) ဖုန်း-၀၉-၇၃၂၀၁၁၇၉၊ ၅၀၅၃၈၆

HTET OO MARITIME TRAINING INSTITUTE
Whole Package BST
Pre-Sea CDC / Passport
Coffee
D.M.A
BST (4 Tickets)
Tanker Familiarization Course (T.F)
(Oil, Chemical, Liquefied Gas)
Pre-sea Course (Deck) Pre-sea Course (Engine)
Ph/Fax:01-544562,098553104,Email: htetoo.maritime@gmail.com
Ph: 09 421154222

BOBO
MARKET CARE

ပြည်တွင်းရေးရာ

သာသနာ့နွယ်ဝင် သီလရှင်ဆရာလေးများအား ကျန်းမာရေးစောင့်ရှောက်

မရမ်းကုန်း ဩဂုတ် ၄

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းကြီး၏ ရန်ကုန်အနောက်ပိုင်းခရိုင် သာသနာနုဂ္ဂဟအသင်း ဥက္ကဋ္ဌ သီရိသုဓမ္မသီဂီ ဒေါ်ဥမ္မာလွင်ဦးစီး၍ အနောက်ပိုင်းခရိုင် မြို့နယ်အသီးသီးရှိ သာသနာနုဂ္ဂဟအသင်း၏ မြို့နယ်ဥက္ကဋ္ဌများနှင့် အလှူရှင်များက ဩဂုတ် ၁ ရက် နံနက် ၉ နာရီတွင် မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက်ရှိ ရွှေမြိုင်သီရိ သီလရှင်စာသင်တိုက်၌ ပဓာနနာယက ဆရာကြီး မဟာဂန္ထဝါစက ပဏ္ဍိတ ဒေါ်ကုန္ဒာစာရီအား အမှူးပြု၍ သာသနာ့နွယ်ဝင် သီလရှင်ဆရာလေးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် သာသနာနုဂ္ဂဟ အသင်းကြီး၏(အခမဲ့) နယ်လှည့်ဆေးဝါးကုသရေးအဖွဲ့မှ ဒေါက်တာဒေါ်ယုဇနစောမြင့်၊ ဒေါက်တာဒေါ်ခင်သန်းနွဲ့တို့ဦးဆောင်သော ဆရာဝန်၊ ဆရာမများနှင့် ဆေးဝါးကျွမ်းကျင် ဆရာ ဆရာမများက အဆိုပါစာသင်တိုက်ရှိ သာသနာ့နွယ်ဝင်သီလရှင်ဆရာလေးအပါး ၂၀၀ ခန့်အား အမျိုးသမီးများဆိုင်ရာ ကျန်းမာရေးအသိပညာပေးဟောပြော၍ လိုအပ်သော ဆေးဝါးများနှင့် ကျန်းမာရေး ကူညီစောင့်ရှောက်မှုများကို ကုသိုလ်ဖြစ်လှူဒါန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇော်ကြီး(ပဏ္ဍိတ)

ညောင်ဦးမြို့နယ်မှ မြေပဲစိုက်တောင်သူများ မိုးရွာရန်မျှော်လင့်

ညောင်ဦး ဩဂုတ် ၄

ညောင်ဦးမြို့နယ်သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ၍ အသက်မွေးဝမ်းကျောင်းပြုသူ များပြားလျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်သူ တောင်သူများတွင် မိုးကောင်းသောက်ယာခင်းများဖြစ်သည်။ မိုးကို အမှီပြုနေသည်။ မိုးခေါင်လျှင် ရေရှားသည်။ တောင်သူများ သီးနှံအထွက်နှုန်းညံ့သည်။ မိုးသင့်တင့်လျှင် တောင်သူများ နေဖြစ်ထိုင်ဖြစ်ရှိသည်။ တောင်သူများသည် တစ်နှစ်နှင့်တစ်နှစ် ကြွေးမတင်အောင် မနည်းချွေချွေတာတာ စုဆောင်းနေရသည်။ ယခုလို ဝါဆိုလရောက်သော်မှ မိုးမရွာလျှင် နွားစာလည်း ရှားလာသည့်အပြင် အသီးအရွက်ဟင်းသီးဟင်းရွက်နှင့် ချည်ပေါင်ရွက်ကမှအစ ဈေးကောင်းပေးဝယ်စားရသည်။

ယခုဆိုလျှင် ပဲကြီးခင်းများ၊ (၃)လပဲခင်းများ**(ယာပုံ)** မိုးကို မျှော်လင့်လျက်ရှိသည်။ မိုးခနေကြသည်။ ယခုလို ဝါဆိုလပြည့်ကျော်တွင် မိုးရွာလျှင် တောင်သူများ အလွန်ဝမ်းမြောက်ဝမ်းသာ ရှိနေမည်ဖြစ်သည်။ နှမ်းယဉ်များလည်း မိုးမရှိသည့်အတွက် အချို့ဆိုလျှင် ဖျက်ပစ်ရသည်။ နှမ်းယဉ်နုတ်ရမည်ဆိုသော်လည်း အသီးမပါ ဗလာသက်သက် ဖြစ်နေသည်။ ဒီနှစ်ပိုင်းမှာ တောင်သူတွေ နှမ်းမရဖြစ်ပြီး နှမ်းတစ်သီးချော်သွားသည်ဟု ပြောရတော့မည်ဖြစ်သည်။ တောင်သူများမှာ မြေပဲနှင့်နှမ်းကြီးကိုပဲ မျှော်လင့်စရာ အားကိုးစရာ ရှိတော့သည်။ ယခုဆိုဝါဆိုလမှာ မိုးမရွာရင်တော့ ပဲကြီးပဲလေး စိုက်ကြဦးမည်။ ယခုလိုစိုက်သော ပဲကြီးပဲလေးကို ဝါဆိုပဲဟုခေါ်ကြသည်။ အချို့လည်း ဝါဆိုပဲစိုက်ရန် ထွန်ရေးပြင်ဆင်ထားကြသည်။ "ယခုရက်မှာ တောင်သူတွေ အတော်ကို မိုးလိုနေပြီ" ဟု ညောင်ဦးမြို့နယ်ရွာသာအေးကျေးရွာ တောင်သူများထံမှ သိရသည်။ မြစ်ရေတင်နှင့်နီးသည့် စိုက်ခင်းများကတော့ အမြဲတမ်းလိုလို စိုက်ပျိုးနေကြရသည့်အတွက် အဆင်ပြေနေသည်ဟု သိရှိရသည်။

(ကျော်ငွေး)

နှစ်ပေါင်း ၂၆၀ ခန့် သက်တမ်းရှိ ဗုဒ္ဓခြေတော်ရာပျောက်ဆုံးမှု မဖော်ထုတ်နိုင်သေး

ဝမ်းတွင်း ဩဂုတ် ၄

ဝမ်းတွင်းမြို့ လိန်ပင်ကျေးရွာအုပ်စု မြောက်ဇောင်ချမ်းကုန်းကျေးရွာ ရွာမကျောင်းတိုက်တွင် ပူဇော်ထားရှိသည့် နှစ်ပေါင်း ၂၆၀ ခန့် သက်တမ်းရှိ ဗုဒ္ဓခြေတော်ရာတစ်ဆူ**(အပေါ်ပုံ)**မှာ ဇူလိုင် ၇ ရက် ည ၇ နာရီခန့်က ပျောက်ဆုံးသွားခဲ့ပြီး ယနေ့တိုင် အဆိုပါအမှုအား မဖော်ထုတ်နိုင်သေးကြောင်း သိရသည်။

"ဗုဒ္ဓခြေတော်ရာက ရှေးဆရာတော်ကြီးများ အစဉ်အဆက်တည်ထားကိုးကွယ်ပူဇော်ထားခဲ့တာ နှစ်ပေါင်း ၂၆၀ ခန့်ရှိပြီး အုတ်အင်္ဂတေနဲ့တည်ထားတာဖြစ်ပေမယ့် သက်တမ်းအရဆိုရင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တစ်ခု ဖြစ်နေပါပြီ၊ ခြေတော်ရာ အတိုင်းအတာက အလျားငါး ပေ၊ အနံ ၂ ပေ ၉ လက်မ၊ အမြင့်ခြောက်လက်မခန့်ရှိတယ်။ ခြေတော်ရာကို လက်ရှိပူဇော်ထားရှိတဲ့နေရာကနေ ပူဇော်ခံထားရှိဖို့ မုခ်ဦးပါ အဆောက်အအုံငယ် တည်ဆောက်နေတုန်းမှာ အခိုးယူခံရတာပါ။ ခြေတော်ရာ မပျောက်ဆုံးမီ ညနေချိန်လောက်က ရွာမကျောင်းရဲ့ မြောက်ဘက် တစ်မိုင်ခန့်အကွာမှာ မော်တော်ယာဉ်တစ်စီး ရပ်ထားတယ်လို့ မြင်တဲ့သူတချို့က ပြောတယ်" ဟု ဝမ်းတွင်းမြို့မှ ဦးလှိုင်က ပြောသည်။

အဆိုပါ ရွာမကျောင်းတိုက်မှ ဗုဒ္ဓခြေတော်ရာ ပျောက်ဆုံးမှုကို သက်ဆိုင်ရာသို့ အသိပေးတိုင်ကြားထားပြီး ကျေးရွာဒေသခံများမှ ၎င်းတို့၏ ပူဇော်ကိုးကွယ်သော ဗုဒ္ဓခြေတော်ရာ အမြန်ဆုံးပြန်လည်တွေ့ရှိဖော်ထုတ်နိုင်ရေးကို မျှော်လင့်လျက်ရှိကြောင်း သိရသည်။ **(၅၇၉)**

ရမည်းသင်းမြို့တွင် မူးယစ်ဆေးဝါးဆန့်ကျင်ရေး စာစီစာကုံးပြိုင်

ရမည်းသင်း ဩဂုတ် ၄

မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ရမည်းသင်း)မှ ကြီးမှူးကျင်းပသော မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် (မြို့မ) အခြေခံပညာ အထက်တန်းကျောင်း၌ ဩဂုတ် ၁ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့သည်။

စာစီစာကုံးပြိုင်ပွဲတွင် မူးယစ်ဆိုကဆန့်ကျင်ကြခေါင်းစဉ်ဖြင့် အထက်တန်းအဆင့်ကျောင်းသား ကျောင်းသူ ၁၅၀ ဖြေဆိုခဲ့ကြပြီး ကျောင်းသားလူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၄၀ ဝင်ရောက်ဖြေဆိုခဲ့ကြရာ မြို့နယ်ပညာရေးမှူး ဦးတင်ကိုကို၊ မြို့မအထက ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးခိုင်၊ ဆရာ ဆရာမများ၊ မူးယစ်ဆန့်ကျင်ရေးအသင်း (ရမည်းသင်း)မှ နာယကများ၊ ဥက္ကဋ္ဌ ဦးမျိုးဝင်းသိန်းနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များက ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးခဲ့ကြောင်း သိရသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

သွေးသည်အသက်

နယ်ခရီးသည် ယာဉ်လိုင်းများ ခရီးသည်ရရှိမှုနည်းပါး

ရေတာရှည် ဩဂုတ် ၄

နေပြည်တော်နှင့် ဆက်စပ်ပြေးဆွဲလျက်ရှိသော ယာဉ်လိုင်းများ ယခုနှစ်အတွင်း ပိုမိုများပြားလာပြီး ခရီးသည်ရရှိမှုနည်းပါးလာကြောင်း သိရသည်။

ဖြူး-နေပြည်တော်၊ တောင်ငူ-နေပြည်တော် အစရှိသည့် ယာဉ်လိုင်းများရှိပြီး စီးနင်းသည့် ခရီးသည်ထက် ယာဉ်လိုင်းက ပိုများနေခြင်းဖြစ်ကြောင်း ယာဉ်မောင်းတစ်ဦးက ပြောပြသည်။ တောင်ငူကို ဗဟိုပြု၍ ပြေးဆွဲနေသော ယာဉ်လိုင်းများလည်းရှိသေးရာ နေ့စဉ်ခရီးသည်ရရှိရန် အတော်ပင်ကြိုးစားကြရကြောင်း အထက်ပါ ယာဉ်မောင်းကပင် ဆက်လက်ပြောပြသည်။

မိုးရာသီလယ်ယာစိုက်ပျိုးချိန်ဖြစ်၍ ခရီးသွားလာမှုနည်းပါးပြီး လယ်ထွန်တုံးပိတ်ချိန်နှင့် ပွင့်လင်းရာသီချိန်များတွင် နေ့စဉ်ပြေးဆွဲနေသော ယာဉ်လိုင်းများ၌ ခရီးသည်များဖြင့် ပြည့်နေလေ့ရှိသည်။

(၅၇၈)

ဥတုရာသီတောကိုမှီ၏

စီးပွားရေးကြော်ငြာ



အမြန်ဆက်သွယ်စေလိုပါသည်

အဖ(ဦးစံလှ) အမိဒေါ်ငြိမ်းရွှေ၏ သားမောင်ကျော်ကျော်စံ ၁၃/ညရန(နိုင်) ဝ၆၁၇၂၀ အား ၎င်း၏မိခင်နှင့် မောင်နှမများက အမြန်ဆုံးတွေ့လိုပါသဖြင့် ရောက်ရာအရပ်မှ အမြန်ဆုံးဆက်သွယ်ပေးပါရန်နှင့် သတင်းပေးသူအား ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၅၃၀၂၀၂၇၊ ၀၉-၄၂၈၃၂၄၂၉၃၊ ၀၉-၅၂၈၀၂၁၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၆၊ မြေကွက်အမှတ် ၉၃၄၊ မြေကွက်တည်နေရာ အမှတ်-၉၃၄၊ ၆-ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် (ဒေါ်ခင်ငွေ) အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဒေါ်ခင်ငွေထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးစိန်မြိုင် [၁၂/လကန(နိုင်)၀၁၂၀၁၀မှ ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ကျမ်းကျိန်လွှာများ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀) မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Moe Kyaw International Co.,Ltd

တိုက်အမှတ် (၂၅၂)၊ ယင်းမာမြိုင်လမ်းနှင့် ကံ့ကော်မြိုင်လမ်းထောင့်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၆၀၇၅၀၊ ၀၉-၄၉၃၂၀၂၁၉

-Civil Engineer (BE (0r) AGTI) Male (5) Posts.

- RC နှင့် အထပ်မြင့် ဆောက်လုပ်ရေးလုပ်ငန်း အတွေ့အကြုံ အနည်းဆုံး (၃) နှစ်အထက် ရှိရမည်။
- လုပ်ငန်းတစ်ခုလုံး ဦးဆောင်နိုင်သူ ဖြစ်ရမည်။
- နေရာ ဒေသမရွေး တာဝန် ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
- ပညာ အရည်အချင်းဆိုင်ရာ ဘွဲ့လက်မှတ်နှင့် အခြားကျွမ်းကျင်မှု ဆိုင်ရာလက်မှတ် (မူရင်း)နှင့်အတူ မိတ္တူများတင်ပြရမည်။
- လျှောက်ထားလိုသူများသည် မိမိတို့၏ ကိုယ်ရေးအကျဉ်း CV Form တွင် မျှော်မှန်းလစာ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းနှင့် လုပ်ငန်းအတွေ့အကြုံများကို ဖော်ပြ၍ သက်ဆိုင်ရာ ရပ်ကွက်၊ ရဲစခန်းတို့မှ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံစာနှင့်အတူ ၁၅-၈-၂၀၁၃ ရက် နောက်ဆုံးထားပြီး လူကိုယ်တိုင် လာရောက် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

Nibban Electric & Electronics

ဝန်ထမ်းအလိုရှိသည်

[illegible]

1. Sales & Distribution Manager M/F(1)Post

[illegible]

2. Showroom Sales Manager M/F(1)Post

[illegible]

3. Marketing Manager M/F(1)Post

[illegible]

4. Sales Rep/Sales Executive M/F (3)Post

[illegible]

5. Marketing Executive M/F (3)Post

[illegible]

6. Service Engineer M (1)Post

[illegible]

[illegible]

အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

Lucky Family Trading Co.,Ltd တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိသည်။

အရောင်းဝန်ထမ်း	ကျား/မ	(၅)ဦး
ဈေးကွက်ရှာဖွေသူ	ကျား/မ	(၅)ဦး
စကားပြန်(ကိုရီးယား)	ကျား/မ	(၂)ဦး

ကားရောင်းအတွေ့အကြုံရှိပြီး အမျိုးသားများ ကားမောင်းတတ်ရမည်။ အင်္ဂလိပ်စကား ပြောနိုင်သူ ဦးစားပေးမည်။ CV From အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ လိုအပ်သောစာရွက်စာတမ်းများနှင့်တကွ အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

အမှတ်(၆/၇)၊ အောဝမ်းလမ်း၊ မင်္ဂလာဒုံစက်မှုဇုန်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၂၃၂၉၄၊ ၀၉- ၃၁၅၂၉၄၂၃

The Kandawgyi Palace Hotel [illegible]

We are currently seeking a capable, friendly and enthusiastic Full Time Guest Relations Officer to join our busy Front Office team.

[illegible]

* Providing exceptional customer service to all guests hotel visitors
* Coordinating the checking in and checking out of all hotel guests
* Maintaining and settling all guest accounts
* Responding to all guests needs and assisting with all guest inquiries
* Answering and redirection of all phone calls
* Booking of tours and airport transfers for hotel guests, as required.

[illegible]

Required for immediate start

[illegible]

HR Manager
Kandawgyi Palace Hotel
Kan Yeik Tha Road, Yangon

[illegible]

[illegible]

စားသောက်ဆိုင်အတွက်

၁။ ဘွဲ့ရ လုပ်ငန်းကြပ် - ၁ဦး- အသက် ၂၅-၃၀ နှစ်
၂။ ဘွဲ့ရ တာဝန်ခံ - ၁ ဦး အသက် ၃၀-၄၀နှစ်
၃။ အဆောင်နေ/စားရိတ်ငြိမ်း/ ညှိနှိုင်းလစာ
၄။ ဆက်သွယ်ရန် မြေနီကုန်း၊
ဖုန်း-၀၉၇၃၀၀၃၆၀၃၊ ၀၉၇၃၀၄၇၉၄၅

ဝန်ထမ်းအလိုရှိသည်

မန်နေဂျာ ၂ဦး ကျားမ ဘွဲ့ရ ၄၀-၄၅ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး အတွေ့ အကြုံရှိရမည်။

သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းနှင့် ဖြန့်ချိရေး လုပ်ငန်းကို ဦးဆောင်နိုင်ရမည်။

လုပ်ငန်းအတွေ့အကြုံရှိပါက အသက်လျှော့ပေါ့စဉ်းစားမည်။ မြို့တွင်းနေသူ ဦးစားပေးမည်-

ဆေးလိပ်သောက်၊ ကွမ်းစားသူများ၊ လျှောက်ထားရန်မလိုပါ။ မှတ်ပုံတင်မိတ္တူ၊ လေဘာကတ်၊ ရပ်ကွက်ထောက်ခံစာ၊

မျှော်မှန်းလစာ၊ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ တစ်ပတ်အတွင်း လျှောက်ထားနိုင်ပါသည်။

အမှတ် ၅၀၊ ၄ဝါလမ်း၊ စောရန်ပိုင်တောင်ရပ်ကွက်၊ အလုံ
ဖုန်း-၀၉ ၅၁၇၈၇၉၈၊ ၀၁-၂၁၀၂၂၀

ဝန်ထမ်းအလိုရှိသည်

The Traveller [illegible]

၁။ Marketing Executive

[illegible]

၂။ Marketing Assistant

[illegible]

[illegible]

Top Food Manufacturing Co.,Ltd.

ဝမ့်ဝမ့်၊ ဝိုင်းဝိုင်း မုန့်မျိုးစုံလုပ်ငန်း

(၁) Marketing Supervisor - Male (1)Post
Marketing Supervisor - Female(1)Post
- ဘွဲ့ရ
- Marketing သင်တန်းဆင်းလက်မှတ် တစ်ခုခုရရှိပြီးသူ။
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိရမည်။
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။

(၂) လျှပ်စစ် ကျွမ်းကျင်ဝန်ထမ်း - Male(1) Post
- ပညာအရည်အချင်း BE (Electrical) ဖြစ်ရမည်။

စက်ပြင်ကျွမ်းကျင်ဝန်ထမ်း - Male (1)Post
- ပညာအရည်အချင်း G.T.C (Mechanical) ဖြစ်ရမည်။
- အသက် (၂၅)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။

လျှောက်ထားလိုပါက လေဘာမိတ္တူ (မူရင်း)၊ မှတ်ပုံတင်မိတ္တူ(မူရင်း)၊ သက်ဆိုင်ရာရပ်ကွက်ထောက်ခံစာမူရင်း၊ သက်ဆိုင်ရာ ရဲစခန်းထောက်ခံစာမူရင်း၊ လိုင်စင်ဓာတ်ပုံ (၃) ပုံတို့နှင့်အတူ ကြေညာပါသည့်နေ့မှစ၍ (၁)လအတွင်း လာရောက် လျှောက်ထားနိုင်ပါသည်။

အမှတ် ၂၇/ခ၊ ဒီပဲရင်းဝန်ထောက်ဦးမြလမ်း၊ စက်မှုဇုန်(၄)၊ လှိုင်သာယာမြို့နယ်။
စုံစမ်းရန် ဖုန်း-၆၈၅၂၅၉၊ ၆၈၅၆၈၀၊ ၀၉-၇၃၀၅၇၄၆၈

DELTA Japan ကုမ္ပဏီမှ

ဝန်ထမ်းအလိုရှိသည်

ဘွဲ့ရ၊ ဂျပန်စာ (N3)အဆင့်ရှိသူ၊ အင်္ဂလိပ်စကား အသင့်တင့် ပြောနိုင်သူ၊ ကွန်ပျူ တာ Word Excel ကျွမ်းကျင်သူ၊ အသက် ၄၀ အောက်၊ စကားပြောယဉ်ကျေးသိမ်မွေ့ရမည်၊ အလုပ်တာဝန်ယူလုပ်နိုင်သော အရည်အချင်းရှိသူ။

17 A ၊ ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၉-၄၂၁၁၆၂၃၆၆

တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ

ဝန်ထမ်းအမြန်အလိုရှိသည်

ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်နိုင်သော ကြီးကြပ်အင်ဂျင်နီယာ အလိုရှိသည်။

(၁) အမျိုးသား အသက် (၂၂)နှစ်မှ (၂၈) နှစ်အတွင်း ဖြစ်ရမည်။
(၂) BE / B. Tech /A.G.T.I (Civil)
(၃) M & E (ရေသန့်နှင့် စက်မှုအင်ဂျင်နီယာ) BE(Mechanical)
(၄) ကိုယ်ရေးရာဇဝင်နှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာပါရှိရမည်။
လျှောက်လွှာကို ဩဂုတ်လ (၂၀) ရက်အတွင်း နောက်ဆုံးထားပေးရန်။

ဆက်သွယ်ရန်လိပ်စာ - အမှတ်(၁၄၁) ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်ရန်ဖုန်း-၀၁-၅၁၀၁၃၆၊ ၀၁-၅၃၄၂၄၉

(ရုံးချိန်အတွင်းသာ စုံစမ်းရန်)

Job Vacancy

No. 55-A, Myit Zu Lane-1, Parami, Yankin tsp, Yangon.
Ph:01 666065, 01 1221318, 09 44402727, which is newly established Japanese 100% foreign capital company. We are looking to recruit
Japanese-Myanmar Translator – (1) Person
Requirement
- Studied Japanese at University
- No previous experience required
- Person who is self-motivated and able to work patiently
Work Content
- Interpreting between Japanese-Myanmar
- Carry out Japanese training to other employees.
Applicant who is interested in above mentioned position should submit detail with recent photo, a copy of NRC, expected salary to [illegible] or above address.

MIC
Myanmar Imperial College

(၁) Business Course Coordinator
- MBA (သို့မဟုတ်) International [illegible]

(၂) Lecturers (Full Time/Part Time)Business, Media
- PhD (သို့မဟုတ်) [illegible]

(၃) Assistant Human Resource Manager
- [illegible] HR [illegible] Diploma [illegible] English [illegible]

(၄) Academic Administrator
- [illegible]
- English [illegible]

(၅) Assistant Officer (Student Service Department)
- [illegible]

Myanmar Imperial College, No.63/C, Inya Road, Kamayut Tsp,Yangon.
Ph: 01 537662/ 09 732 12001 [illegible] August [illegible] CV [illegible]

ဝန်ထမ်းအလိုရှိသည်(ပြည်တွင်းနှင့်သာခန့်ထားရန်)

Golden YADANAR MYAING
CONSTRUCTION & HOME DECORATION Co.,Ltd

Project Engineer (P.E)
M.E (civil), B.E (civil) [illegible]
(work programming) [illegible]
(short drawings) [illegible]

Site Engineer (S.E)
B.E (civil) [illegible]
Time Schedule, Bar bending Schedule [illegible]

Site Assistant Engineer (S.A.E)
B.E (civil), A.G.T.I (civil), B.Tech(civil) [illegible]
Material Requirement [illegible]
Surveying Instrument [illegible]

Site Engineer (Decoration)
B.E/B.Tech (civil) [illegible]
Decoration [illegible]
Time Schedule နှင့် Estimate Detail [illegible]

M&E Engineer
AGTI, B-Tech, BE (Electrical Power)
Site [illegible]

Auditor ကျား (၂)ဦး
B.Com, DA [illegible]

Storekeeper ကျား (၂)ဦး
Store [illegible] (၂)နှစ်ရှိရမည်

Site စာရင်းကိုင် ကျား(၅)ဦး

Sale & Marketing Staff
Marketing [illegible]

ဂျပန်စာ Level-3 နှင့်အထက် (၁) ဦး အမြန်အလိုရှိသည်

ဆက်သွယ်ရန် 09-420274496

ဝန်ထမ်းအမြန်အလိုရှိသည်

Pest Management Staff ကျား (၁၅)ဦး
-အသက်(၂၀)မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။
-အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။

Pest Management Supervisor ကျား(၅)ဦး
- အသက် (၂၅)နှစ်အထက် ရှိရမည်။
- အခြေခံပညာအထက်တန်းအဆင့်ရှိရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။

လျှောက်ထားလိုသူသည် လိုအပ်သောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ အမှတ်(၁၄)၊ အဝေရာလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁-၈၅၅၀၅၆၇၊ ၀၉-၇၃၁၇၅၂၇၉ သို့ နှစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

CitiAvenue

ဝန်ထမ်းအလိုရှိသည်

Tour Leaders ကျား / မ [illegible]

စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့်တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းများ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲကို ၂၀၁၃ခုနှစ်၊ ဩဂုတ်လ(၁၆) ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ၊**

(၂) **ဇီဝဗေဒ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ၊**

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၃ခုနှစ်၊ ဩဂုတ်လ(၁၇) ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ၊**

(၂) **သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ၊**

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၃ခုနှစ်၊ ဩဂုတ်လ(၁၈)ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ၊**

(၂) **သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ၊**

၂။ စာမေးပွဲများကို အောက်ဖော်ပြပါ နေရာများတွင် ဖြေဆိုရမည်-

(က)	**နေပြည်တော်**	အမှတ်(၇)တည်းခိုရေးစခန်း၊ ရွာတော်၊
(ခ)	**မြစ်ကြီးနားမြို့**	တိုင်းစစ်ဌာနချုပ်၊ တပ်နယ်ခန်းမ၊
(ဂ)	**လားရှိုးမြို့**	တိုင်းစစ်ဌာနချုပ်ခန်းမ၊
(ဃ)	**တောင်ကြီးမြို့**	တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ၊
(င)	**ဒီလမ်မြို့**	တပ်နယ်ခန်းမ၊
(စ)	**ကျိုင်းတုံမြို့**	တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ၊
(ဆ)	**မော်လမြိုင်မြို့**	ရွှေနတ်တောင်၊ တပ်မတော်အထက၊
(ဇ)	**မြိတ်မြို့**	တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ၊
(ဈ)	**ရန်ကုန်မြို့**	အထက(၂)မင်္ဂလာဒုံ၊
(ည)	**ပုသိမ်မြို့**	တိုင်းစစ်ဌာနချုပ်၊ ရေဝတီခန်းမ၊
(ဋ)	**အမ်းမြို့**	တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ၊
(ဌ)	**မုံရွာမြို့**	အထက(၂)အလုံ၊ တပ်မတော်ကျောင်း၊
(ဍ)	**မန္တလေးမြို့**	အထက(၁၈) နန်းတွင်း၊
(ဎ)	**တောင်ငူမြို့**	တိုင်းစစ်ဌာနချုပ်၊ အေးချမ်းမြိုးခန်းမ၊

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်စာစစ်ဌာနများတွင်ဖြေဆိုကြရမည်။လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာတိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့်ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ပြားကို တစ်ပါတည်းယူဆောင်လာရမည်။ နိုင်ငံသားစိစစ်ရေး ကတ်ပြား တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရေးထောက်ပံ့ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

5-8(20).pmd 1 8/3/2013, 8:51 PM



မြတ်ဆရာပူဇော်ပွဲနှိုးဆော်လွှာ

ပုသိမ်ကြီး၊ စိုက်ပျိုးရေးသိပ္ပံ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရက်စွဲ	-	၁၅-၉-၂၀၁၃ ရက်(တနင်္ဂနွေနေ့)
အချိန်	-	နံနက် ၁၀ နာရီ
နေရာ	-	ရန်ကင်းတောင်ခြေ၊ ရန်ရှင်းအောင်ကျောင်း၊ ရောဝတီဓမ္မဗိမာန်တော်ကြီး

ကျောက်ဖြူအသင်း(ရန်ကုန်)

သတ္တမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားလွှာ

ကျောက်ဖြူအသင်း(ရန်ကုန်)၏ သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသူ၊ အသင်းသား အလှူရှင်များအနေဖြင့် ကြွရောက်ကြပါရန်နှင့် သင်္ကန်းနှင့်အလှူငွေများ လှူဒါန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(က) နေရာ	-	ငွေကြာယံပရိယတ္တိစာသင်တိုက်(တောင်ဥက္ကလာပ) ဗဟိုဈေးမှတ်တိုင်အနီး
(ခ) နေ့ရက်	-	၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်(တနင်္ဂနွေနေ့)
(ဂ) အချိန်	-	နံနက် ၉း၀၀ နာရီ

အသင်းသူ၊ အသင်းသားများ၊ အလှူရှင်များနှင့်
သံဃာအပါး(၁၄၀)အား နေ့ဆွမ်းဆက်ကပ်ပါမည်။

ဆက်သွယ်ရန်

၁။ ဒုဗိုလ်မှူးကြီးခင်အေး(ငြိမ်း)	**ဥက္ကဋ္ဌ**	**ဖုန်း-၀၉၅၂၀၁၇၈၈**
၂။ ဦးအောင်ကျော်ဇံ	**အတွင်းရေးမှူး**	**ဖုန်း-၀၉၅၁၃၈၅၁၃**
၃။ ဦးဘအေး	**ဒု-ဥက္ကဋ္ဌ**	**ဖုန်း-၀၁-၅၇၇၄၀၁**
၄။ ဦးကျော်လင်း	**ဒု-ဥက္ကဋ္ဌ**	**ဖုန်း-၀၉၄၉၃၄၅၇၆၄**
၅။ ဦးသန်းဌေးအုန်း	**တွဲဖက်အတွင်းရေးမှူး**	**ဖုန်း-၀၁-၅၆၃၀၄၄**
၆။ ဦးမျိုးလွင်	**ဘဏ္ဍာရေးမှူး**	**ဖုန်း-၀၉၅၁၆၉၈၀၈**
၇။ ဦးတင်ရွှေ	**အဖွဲ့ဝင်**	**ဖုန်း-၀၉၇၃၁၅၂၅၈၃**
၈။ ဒေါ်ထက်ထက်	**အဖွဲ့ဝင်**	**ဖုန်း-၀၁-၅၆၄၃၇၇**

YWCA

အခြေခံစာရင်းကိုင်ပညာနှင့် ဘဏ္ဍာငွေစီမံခန့်ခွဲမှုသင်တန်း

(Basic Accounting and financial Management Training)

နေ့ရက်	-	၂၀၁၃ခုနှစ်၊ ဩဂုတ်လ ၁၄ ရက် - ၂၉ ရက်ထိ ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့၊ သောကြာနေ့ (တစ်ပတ်လျှင် သုံးရက်)
အချိန်	-	နံနက် ၉း၀၀ - ၄း၀၀ နာရီ
နေရာ	-	YWCA အသင်းတိုက် ၁၁၉၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
စုံစမ်းရန်	-	၀၁-၂၅၆၉၉၀/၂၄၅၆၈၀ (လူဦးရေကန့်သတ်ထားပါသည်။)
စာရင်းပိတ်မည့်နေ့	-	၁၃-၈-၂၀၁၃ ရက် (အင်္ဂါနေ့)

အောင်စကြာဓမ္မရိပ်သာဝါတွင်းတရားစခန်းပွဲ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက် အောင်စကြာဓမ္မရိပ်သာ၌ (မဟာဓမ္မကထိကဗဟုဇနဟိတဓရ) အောင်စကြာဘဒ္ဒန္တစန္ဒသူရိယဆရာတော်သည် ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို အခြေခံမှုစ၍ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ မူအတိုင်း ဩဂုတ်လ ၂၂ ရက်မှ ၂၈ ရက်အထိ ဟောပြောပြသမည်ဖြစ်ရာတရားစခန်းဝင်လိုသူများ ဩဂုတ် ၁၈ ရက် နောက်ဆုံးထား၍ အမည်စာရင်းပေးသွင်းကြပြီး မှတ်ပုံတင်၊ ယောဂီဝတ်စုံ၊ အိပ်ရာလိပ် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများယူဆောင်၍ ဩဂုတ်လ ၂၁ ရက် ညနေ ၅ နာရီအရောက် လာကြရပါမည်။ နေ့ဆွမ်း၊ အချိုပွဲ၊ ဖျော်ရည်များကို ဖုန်း- ၀၁၂၂၄၆၈၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှု ပညာဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC)တွင် ဩဂုတ်လအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။

“Human Resource Management Course for Entrepreneurs”

စတင်ဖွင့်လှစ်မည့်ရက်စွဲ	-	၇-၈-၂၀၁၃ ရက်မှ ၁၆-၈-၂၀၁၃ ရက် (ညနေပိုင်း ၈ ရက်သင်တန်း)
သင်တန်းကြေး	-	၄၀၀၀၀(လေးသောင်းကျပ်တိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ သင်ကြားမည်ဖြစ်ပါသည်။

သတင်းစုံစမ်းရန်	**-**	**ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)**
ဖုန်း	**-**	**၅၂၂၈၇၅၊ ၅၂၂၈၇၆**



ရွှေတိဂုံစေတီတော်(စနေထောင့်ရှိ) ရခိုင်တန်ဆောင်းထိန်းသိမ်းစောင့်ရှောက်ရေးအသင်း ရန်ကုန်မြို့

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးပွဲ ကျင်းပမည်

(၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ (၅၃)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းသူ၊ အသင်းသားများ မပျက်မကွက်တက်ရောက်ကြပါရန် ခင်မင်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက်	။ ။	၂၀၁၃ခုနှစ် ဩဂုတ်လ၊ ၁၈ ရက်(တနင်္ဂနွေနေ့) ၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
ကျင်းပမည့်အချိန်	။ ။	နံနက် ၉း၀၀ နာရီ
ကျင်းပမည့်နေရာ	။ ။	ရခိုင်ပြည်နယ်ဓမ္မာရုံ - အာဇာနည်လမ်း (ရွှေတိဂုံဘုရားအရှေ့မုခ်အနီး) ဗဟန်းမြို့နယ်။

အမှုဆောင်အဖွဲ့



“ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ကြောင်း”

မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)မှ ကြီးမှူးကျင်းပသော ဆဌမအကြိမ်မြောက် သဘင်သက်ကြီးပူဇော်ကန်တော့ပွဲကြီးအား ၂၈-၇-၂၀၁၃ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် IBC(Enternational Business Centre) ခန်းမ၌ အောင်မြင်စွာကျင်းပခဲ့ပါသည်။

သက်ကြီးသဘင်ပညာရှင်ကြီးများအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းပေးခဲ့ကြပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အလှူရှင်ကြီးများ ကြွရောက်ချီးမြှင့်ပေးခဲ့ကြသည့် ဘဏ္ဍာ၊ အခွန်နှင့် ယဉ်ကျေးမှုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် ဌာနဆိုင်ရာမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ အနုပညာညီနောင်အစည်းအရုံးများနှင့် အသင်းအဖွဲ့များ၊ ရိုက်ကူးထုတ်လွှင့်ပေးကြသော MRTV၊ မြဝတီ၊ MRTV-4, SKY-NET ရုပ်သံနှင့် သတင်းမီဒီယာများ၊ မြန်မာ့ဆိုင်းဝိုင်းကြီးဖြင့် သီဆိုတီးမှုတ်ဧည့်ခံပေးကြပါသော သဘင်ပညာရှင်များ၊ ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးပေးသော ဦးချမ်းသာ(ရွှေမန်းသဘင်အဖွဲ့)နှင့် တင်မောင်ဆန်းမင်းဝင်း(ရွှေမန်းသဘင်အဖွဲ့)တို့အားလည်းကောင်း၊ အခမ်းအနားဖြစ်မြောက်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြပါသော ပုဂ္ဂိုလ်များအားလည်းကောင်း၊ IBC မှ ဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ဆဌမအကြိမ်မြောက်သဘင်သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီ
မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)

အထူးကျေးဇူးတင်ရှိပါကြောင်း
ဦးမျိုးအောင်(လူမှုထူးချွန်-ပထမဆင့်)
ဒုတိယဦးစီးမှူး၊
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)
နေပြည်တော်

၃၀-၇-၂၀၁၃ (အင်္ဂါနေ့)တွင် ကွယ်သွားရှာသော ဦးမျိုးအောင်မကျန်းမာစဉ်က ပြုစုစောင့်ရှောက်ပေးခဲ့သည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ နာရေးကိစ္စအဝဝတွင် ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြပါသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနရုံးဝန်ထမ်းများ၊ ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး၊ ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူး(စီမံခန့်ခွဲရေး)၊ ဒုတိယ/လက်ထောက်ညွှန်ကြားရေးမှူးများ၊ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများနှင့် မိသားစုများအားလုံး၊ ဝမ်းနည်းကြောင်းကို လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း နှစ်သိမ့်အားပေးကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ နာရေးသို့လိုက်ပါပို့ဆောင်ပေးကြသူများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း
ဒေါ်ကြင်ငွေး(ရွှေဘို) M.A (Yale)
အသက်(၈၄)နှစ်
ပါမောက္ခ(ငြိမ်း)၊ ပထဝီဝင်ဌာန၊ မန္တလေးတက္ကသိုလ်

၂၈-၇-၂၀၁၃ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားခဲ့သည့် ဒေါ်ကြင်ငွေး ပါမောက္ခ(ငြိမ်း)၊ ပထဝီဝင်ဌာန၊ မန္တလေးတက္ကသိုလ်၏ နာရေးကိစ္စအဝဝအား ဝမ်းနည်းကြောင်း လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ နှစ်သိမ့်အားပေးကြသော ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများ၊ ဆွေမျိုးများ၊ လှူဖွယ်ဝတ္ထုအစုစု ကောင်းမှုပြုလုပ်ပေးကြသူများ၊ လွမ်းသူ့ပန်းခြင်းပေးပို့ကြသော မိသားစုများ၊ တက္ကသိုလ်အသီးသီးမှ တပည့်ဆရာ/ဆရာမများ၊ ပထဝီဝင် မိသားစုများ၊ ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာနမှ မိသားစုများ၊ အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)မှ ဝန်ထမ်း မိသားစုများ၊ နာရေးသို့ မအားလပ်သည့်ကြားမှ လိုက်ပါပို့ဆောင်ပေးကြသူများအားလုံး၊ နာမကျန်းဖြစ်စဉ်မှစ၍ ကုသပေးသော သုခကမ္ဘာဆေးရုံမှ ပါမောက္ခ ဦးရဲမြင့်နှင့် ဆရာဝန်၊ဆရာမများနှင့် ကွယ်လွန်စဉ်မှစ၍ ကူညီပေးကြသော မိတ်ဆွေအပေါင်းအသင်းများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးမြင့်မောင် (William)
အသက်(၆၆)နှစ်
MAPCO Ltd (ငြိမ်း)

ဦးမြင့်မောင်(William)၊ ဒေါ်ခင်ခင်ညို၏ ခင်ပွန်း၊ ဒေါ်အိအိခင်-ဦးကျော်သူ၊ ဦးသန့်ဇော်အောင်-ဒေါ်နီနီတို့၏ဖခင်သည် ၂၉-၇-၂၀၁၃ ရက် မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

MAPCO Ltd.
ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း
ဦးတင်ထွန်း
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပြည်လမ်း၊ (၆)မိုင် အမှတ်(၇-ဒီ)နေ ဒေါ်နုနုတင်၏ဖခင် ဦးတင်ထွန်း အသက်(၈၃)နှစ်သည် ၁-၈-၂၀၁၃ ရက် ည ၇း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၀-၈၄ ခုနှစ်
မြို့ပြအင်ဂျင်နီယာကျောင်းသား/ကျောင်းသူများ

ဝမ်းနည်းကြေကွဲခြင်း
ဦးတင်ထွန်း (၈၃)နှစ်
ညွှန်/မှူး(ငြိမ်း) စက်မှု(၁)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပြည်လမ်း၊ (၆)မိုင်၊ အမှတ်(၇-D) နေ ဒေါ်နုနုတင် (ဒု-ညွှန်မှူး၊ ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန)၏ဖခင် ဦးတင်ထွန်းသည် ၁-၈-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့်ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲ
ဝန်ထမ်းမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးအေးကို (တောင်သာ/ မြင်းခြံ)
အသက်(၇၃)နှစ်

ပါမောက္ခဒေါ်မြမြဝင်း (ဌာနမှူး-ငြိမ်း၊ မြန်မာစာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၏အစ်ကိုကြီး ဦးအေးကို(တောင်သာ/မြင်းခြံ)သည် ၂-၈-၂၀၁၃ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူး ဝမ်းနည်း ကြေကွဲရပါသည်။

အငြိမ်းစားပါမောက္ခများ- ဦးအောင်သောင်း၊ ဒေါ်အမာတင်၊ ဒေါ်ရှိန်းပိုင်၊ ဒေါ်ခင်ထားမေ၊ ဒေါက်တာဒေါ်ခင်စန်း၊ ဒေါက်တာဒေါ်ခင်မြင့်၊ ဒေါက်တာဒေါ်စိုးမြင့်၊ ဦးမျိုးသန့်(AP)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်နု(ဖျာပုံ)
အသက် (၇၇)နှစ်

ဦးကျင်အောင် (နာယက၊ မြန်မာနိုင်ငံဆန်ကုန်သည်အသင်း)၏ ချစ်လှစွာသောဇနီး၊ ဦးခင်မောင်ငွေး (MD, ဂျိုးရတနာဆောက်လုပ်ရေးကုမ္ပဏီ)- ဒေါ်စုစုအောင်၊ ဦးညီညီ-ဒေါ်ဆွေဆွေအောင်တို့၏မိခင် ဒေါ်ခင်နုသည် ၃-၈-၂၀၁၃ (စနေနေ့) နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်ထူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

BOD ဒါရိုက်တာများနှင့် ဝန်ထမ်းမိသားစု
ကောင်းဇော်ဟိန်းကုမ္ပဏီလီမိတက်

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်နု(ဖျာပုံ) (၇၇)နှစ်

ဦးကျင်အောင် (နာယက၊မြန်မာနိုင်ငံဆန်ကုန်သည်အသင်း)၏ ချစ်လှစွာသောဇနီး၊ ဦးခင်မောင်ငွေး (MD, ဂျိုးရတနာဆောက်လုပ်ရေးကုမ္ပဏီ)- ဒေါ်စုစုအောင်၊ ဦးညီညီ-ဒေါ်ဆွေဆွေအောင်တို့၏မိခင် ဒေါ်ခင်နုသည် ၃-၈-၂၀၁၃ (စနေနေ့) နံနက် ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်ထူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဂျိုးရတနာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
ဝန်ထမ်းမိသားစု

ဒေါ်ကျင်မွေး
အသက် (၇၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ တိုက်(စီ-၇)၊ အခန်း(၀၀၂)၊ မြေညီထပ်နေ ဦးစံမြင့်၏ဇနီး၊ ဦးမြင့်လွင်-ဒေါ်ခင်ရွှေ၊ ဦးတင်ဝင်း-ဒေါ်လေးတင်၊ ဦးစိုးမြင့်၊ ဦးတင်စိုး-ဒေါ်သက်သက်နွယ်၊ ဦးစိုးအောင်-ဒေါ်ကစ်တီထန်းဘူ၊ (ဦးသိန်းထွန်း၊ ဒေါ်လှလှဝင်း)တို့၏ အစ်မ၊ ဦးနေဝင်း-ဒေါ်ခင်စန်းဝင်း၊ ဒေါက်တာထိန်ဝင်း-ဒေါက်တာခင်မေသွင်၊ ဦးကြည်ဝင်း-ဒေါ်မာမာစိန်၊ ဦးသိန်းဝင်း-ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ရီရီဝင်း၊ ဒေါ်နွဲ့ယဉ်ဝင်း-ဦးဉာဏ်ထူး၊ ကိုမျိုးမင်းအောင်-မသီတာဝင်းတို့၏မိခင်၊ မောင်ကောင်းမြတ်ဝင်း၊ မောင်အောင်မျိုးသန့်၊ မဆုသူဇြွှသွင်၊ မမေမြတ်နိုးဝင်း၊ မချစ်စုတို့၏ အဘွားသည် ၃-၈-၂၀၁၃(စနေနေ့) နံနက် ၈း၁၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်ရာဂျေဆွာရီ(ခ)
ဒေါ်ဘေဘီ (၇၃)နှစ်
(မြစ်ကြီးနား)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ သခင်ဗဟိန်းလမ်း၊ အမှတ် (၆၀၁)နှင့် တိုက်(၄)၊ အခန်း(၁)၊ စံပြဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးဘုရှန်း (လ/ထ အင်ဂျင်နီယာ-ငြိမ်း)၏ ဇနီး၊ ရန်ကုန်မြို့၊ ရှုခင်းသာနေ ဒေါ်ဘီသေဝကီး(ခ)မဘေဘီ (အဆောက်အအုံအထူးအဖွဲ့-၂)၊ ဒေါ်ဘီရတ်သနား (အထက-၁၊ လသာ)၊ ဦးဘီအာနန်း-ဒေါ်ဘေဘီရာ(ချ်)၊ ဒေါ်စုစုအေး-ဦးအောင်ထွန်း၊ ဦးဘီစွန်ဒါး-ဒေါ်ဝါဝါမြင့်တို့၏ မွေးသမိခင်၊ (မောင်ဉာဏ်ထက်မင်း)၊ မောင်ကောင်းထက်မင်း (TTC၊ ရန်ကင်း)၊ မောင်မင်းမင်းခန့် (အမက-၁၊ ဖဆပလ)၊ မကေဇင်ဇင်ထက်တို့၏အဘွားသည် ၂-၈-၂၀၁၃ (သောကြာနေ့) ညနေ ၄း၃၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၃ (စနေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးဟိန္ဒူသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးမောင်ဝင်း (၆၅)နှစ်
(မြောင်းမြ)

မြောင်းမြမြို့နေ (ဦးမောင်ရွှေ)-ဒေါ်ကျင်ဆိုင်တို့၏ သား၊ အမှတ်(၃၃)၊ ရန်ပြေ (၁၇)လမ်းအနောက်၊ သာကေတမြို့နယ်နေ ဒေါ်စန်းကြည်၏ ခင်ပွန်း၊ ဦးမျိုးအောင်-ဒေါ်မြအေး၊ ဒေါ်စန်းဝင်းတို့၏အစ်ကို၊ မရီရီရွှေ၏ဖခင်၊ မောင်ပြည့်စုံ၏အဘိုး ဦးမောင်ဝင်းသည် ၃-၈-၂၀၁၃(စနေနေ့) ၁၂း၁၀ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၃ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ငြိမ်းချမ်းသူ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၃၅၈၀၈

ကျေးဇူးဆပ်ပါမည်

ဦးလှစိုး၏ သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ်အမှတ် ရန်-၃၂၇၁/၀၉ သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၄၃၁၃၄၀၉၆**

ပြင်ဆင်ဖတ်ရှုပါရန်

၃၁-၇-၂၀၁၃ ရက် ကြေးမုံသတင်းစာ စာ-၂၂ ပါ ဝမ်းနည်းကြေကွဲခြင်း ဦးဇော်နိုင်ကြော်ငြာတွင် ဦးဇော်နိုင် (၇၄)နှစ်အစား ဦးဇော်နိုင် (၄၇)နှစ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမြင့်သိန်း (၇၈)နှစ်
B.A(LAW)-BL
(မန်နေဂျာ၊ ဟိုတယ်/ခရီး-ငြိမ်း)

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အမှတ်(၂၈)၊ (၃)လမ်း၊ ပင်လုံရိပ်မွန်နေ (ဦးမောင်သိန်း-ဒေါ်ခင်ခင်)တို့၏သား၊ [ဒေါ်ခင်အုန်း (စား/ထွေ-ငြိမ်း)]၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးသန်းထွန်း)၏ညီ၊ (ဒေါ်ပဲ)၏အစ်ကို၊ [ဗိုလ်ကြီးမင်းဇင်ဦး(လေ)]-ဒေါ်သိမ့်သိမ့်ဆွေ၊ ဦးဇော်ဝင်းဆွေ-ဒေါ်နီလာနွယ်၊ ဒေါ်မျိုးမျိုးသွင်(ခေတ္တ-စင်ကာပူ)၊ ဦးအောင်အောင်-ဒေါ်ထွေးမာအေး(ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ မောင်ခန့်စည်သူဆွေ၊ မောင်ဇော်ဇင်ဦး၊ မောင်ပိုင်ဇင်ဦး၊ ရှောင်နစ်ကီအောင်တို့၏ဘိုးဘိုးကြီး ဦးမြင့်သိန်းသည် ၃-၈-၂၀၁၃(စနေနေ့) နံနက် ၄း၁၀ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၃(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်နု(ဖျာပုံ) (၇၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်း၊ (၅)လမ်းထိပ်၊ အမှတ်(၆၀၁)နှင့် လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်လမ်း၊ လှိုင်မြင့်မိုရ်လမ်းသွယ်(၂)၊ အမှတ်(၆၄)နေ (ဦးဘလွန်း-ဒေါ်သိန်းတင်)တို့၏သမီး၊ ဦးကျင်အောင်(နာယက၊ မြန်မာနိုင်ငံ ဆန်ကုန်သည်အသင်း၊ 'အောင်'မိသားစု ဆန်ပွဲရုံ၊ ဘုရင့်နောင်)၏ ချစ်လှစွာသောဇနီး၊ ဦးခင်မောင်ငွေး(အုပ်ချုပ်မှုဒါရိုက်တာ၊ ဂျိုးရတနာဆောက်လုပ်ရေးကုမ္ပဏီ)- ဒေါ်စုစုအောင်၊ ဦးညီညီ-ဒေါ်ဆွေဆွေအောင်တို့၏ မွေးသမိခင်၊ မောင်အောင်ဖြိုးမင်း၊ မောင်ထူးအိမ်လွင်၊ မမေနန္ဒီမောင်တို့၏အဘွား ဒေါ်ခင်နုသည် ၃-၈-၂၀၁၃ (စနေနေ့) နံနက် ၄း၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၃ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်လမ်း၊ လှိုင်မြင့်မိုရ်လမ်းသွယ်(၂)၊ အမှတ် (၆၄)နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဦးခင်မောင်အေး(ခ)ဦးတွတ် (၆၄)နှစ်
(မန်နေဂျာ၊ ရောဝတီဘဏ်လီမိတက်၊ ရုံးချုပ်)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၈)ရပ်ကွက်နေ (ဦးလှဘော်)-ဒေါ်မေမေခင်တို့၏ မောင်၊ တာမွေမြို့နယ်၊ (၁၄၈)လမ်းနေ ဒေါက်တာကျော်လင်း-ဒေါ်ခင်ဝင်း၊ သုဝဏ္ဏ၊ အထကအထက်တန်းပြဆရာမ ဒေါ်တင်တင်ရီတို့၏အစ်ကို၊ သုဝဏ္ဏ၊ ကောက်လျင်လမ်းသွယ်(၂)နေ (ဦးတင်အေး)-ဒေါ်အုံးမြင့်တို့၏ညီ၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ်(၄)နေ ဒေါ်စန်းစန်းငွေး (လက်ထောက်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ တာမွေ)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စည်သူအောင်၊ မောင်ပိုင်စိုး-မဆုမွန်အောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၃-၈-၂၀၁၃ (စနေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးခင်မောင်အေး(ခ)ဦးတွတ် (၆၄)နှစ်
မြန်မာ့စီးပွားရေးဘဏ်၊ (ဘ. စ. ရ. စ-ငြိမ်း)

